ကြေးမုံ The Mirror
၁၉၅၇ ခုနှစ် ဇူလိုင်လတွင် စတင်တည်ထောင်သည်။ Established in 1957
၁၃၇၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၅ ရက်၊ စနေနေ့ (2-3-2013) (၇၄၁၂)

မကြာတော့သည့် နှစ်အနည်းငယ်အတွင်း တိုးပွားလာတော့မည့် လူဦးရေ သန်း(၁၀၀)အတွက် နိုင်ငံ၏ စားနပ်ရိက္ခာဖူလုံစေရေး သာမက နိုင်ငံတကာဈေးကွက်လိုအပ်ချက်သို့ တင်ပို့ရောင်းချနိုင်ရေးအတွက် သီးနှံစိုက်ပျိုးထုတ်လုပ်မှုကို အရှိန်အဟုန်မြှင့်တင်ပြီး ပိုမိုတိုးတက်လာစေရေး ကြိုးပမ်းဆောင်ရွက်။

သီးနှံများ အရည်အသွေးနှင့် အထွက်နှုန်းပိုမိုတိုးတက်စေရေး သိပ္ပံနည်းကျစိုက်နည်းစနစ်များ တီထွင်ကြံဆ စိုက်ပျိုးသီးနှံများကို အဆင့်မြင့်၊ တန်ဖိုးမြင့်ထုတ်ကုန်များအဖြစ်သို့ ထုတ်လုပ်တင်ပို့ရောင်းချနိုင်ရေး ဆောင်ရွက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန်ထံမှပေးပို့သော ၂၀၁၃ ခုနှစ်၊ မတ်လ ၂ ရက်နေ့တွင် ကျရောက်သည့် တောင်သူလယ်သမားနေ့အခမ်းအနား သဝဏ်လွှာမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

ချစ်ကြည်လေးစားအပ်ပါသော တောင်သူလယ်သမားကြီးများခင်ဗျား-

ယနေ့အခါသမယသည် နိုင်ငံနှင့်အဝှမ်း တောင်သူလယ်သမားကြီးများအား အလေးအနက် ဂုဏ်ပြုသတ်မှတ်ထားရှိသည့် တောင်သူလယ်သမားနေ့ဖြစ်ပါသည်။ ဤကဲ့သို့သော ရက်မြတ်မင်္ဂလာအချိန်အခါတွင် တောင်သူလယ်သမားကြီးများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြလျက် ကောင်းကျိုးမင်္ဂလာအဖြာဖြာဖြင့် ပြည့်စုံပါစေကြောင်းနှင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ ဆတက်ထမ်းပိုး ပိုမိုဖြစ်ထွန်းတိုးတက်အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

ယနေ့သည် မိမိတို့ပြည်ထောင်စုမြန်မာနိုင်ငံတွင် ပြည်သူလူထုမှ ကိုယ်တိုင်ပါဝင် ဆန္ဒပြုကြပြီး ရွေးချယ်တင်မြှောက်ခဲ့သော ပါတီစုံ ဒီမိုကရေစီစနစ်အရ ၂၀၁၁ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့မှ စတင်ဖွဲ့စည်းတာဝန်ယူခဲ့သည့် ဒီမိုကရေစီစနစ်အစိုးရသစ်၏ သက်တမ်း(၂) နှစ်ကာလ အချိန်အခါသို့ ချဉ်းနင်းဝင်ရောက်နေသည့် ကာလဖြစ်ပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ့တာဝန်စတင်ထမ်းဆောင်ခဲ့သည့် အချိန်ကာလတိုအတွင်းမှာပင် နိုင်ငံသားတို့၏ အမျိုးသားရေး ရေရှည်အကျိုးစီးပွားကို ရှေးရှု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းတာဝန်အား အမျိုးသားရေးရည်မှန်းချက်အဖြစ် ခိုင်မာစွာချမှတ်ပြီး လုပ်ငန်းစဉ်(၈)ရပ် ရေးဆွဲအကောင်အထည်ဖော်လျက်ရှိရာ နိုင်ငံတော်၏ လူဦးရေ ၇၀ ရာခိုင်နှုန်း အဓိကပါဝင်သော တောင်သူလယ်သမားတို့၏ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းအား ပထမ အဓိကဦးစားပေးလုပ်ငန်းအဖြစ် ချမှတ်ဆောင်ရွက်လျက်ရှိနေပါသည်။

မိမိတို့နိုင်ငံသည် လယ်ယာကဏ္ဍကို အဓိကအခြေခံအားထားနေရသည့် နိုင်ငံဖြစ်သည်နှင့်အညီ နိုင်ငံတော်၏ အမျိုးသားရေးကိုယ်ခံအားရေရှည်အစဉ်တောင့်တင်းခိုင်မာစေရေးအတွက် တောင်သူလယ်သမားများ၏ လူနေမှုဘဝနှင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အထူးအလေးပေးမြှင့်တင်ဆောင်ရွက်လျက်ရှိပါသည်။

ယခင်အစိုးရကာလ ရင်းနှီးမြှုပ်နှံအကောင်အထည်ဖော်ဆောင်ခဲ့သော ဆည်တာတမံကြီးများ၊ မြစ်ရေတင်စီမံကိန်းကြီးများ ထိထိရောက်ရောက် အကျိုးရှိရှိ အသုံးပြုနိုင်ပြီး တောင်သူလယ်သမားများ၏ စိုက်ပျိုးရေးထုတ်ကုန်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တစ်ဦးချင်းဝင်ငွေတိုးတက်စေရေးအတွက် တည်ဆောက်ဆဲ ဆည်ရေသောက်စနစ်များအား ရာနှုန်းပြည့် တည်ဆောက်ပြီးစီးနိုင်ရေး အလေးထားဆောင်ရွက်လျက်ရှိနေပါသည်။

သဘာဝမိုးရေကိုသာ မှီခိုအားထား၍ စိုက်ပျိုးခဲ့ကြသည့် လယ်မြေများကို ရေသောက်စနစ်များ တည်ဆောက်ပေးနိုင်ခြင်းအားဖြင့် တစ်သီးမှ နှစ်သီး၊ သုံးသီး၊ သီးထပ်၊ သီးညှပ်များ တိုးတက်စိုက်ပျိုးထုတ်လုပ်နိုင်မည်ဖြစ်သည့်အတွက် လယ်ယာကဏ္ဍမှ အလုပ်အကိုင် အခွင့်အလမ်းများနှင့် ဝင်ငွေပိုမိုတိုးတက်ရရှိစေနိုင်မည်ဖြစ်ပါသည်။

ထို့အပြင် မိရိုးဖလာ လက်မှုလယ်ယာစနစ် လယ်ကွက်ငယ်များကို ခေတ်မီအဆင့်မြင့် စက်မှုလယ်ယာစနစ် ဧကကွက်၊ ဟက်တာကွက်များအဖြစ်သို့

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နော်ဝေနိုင်ငံ အက်စ်ကင်မ်မြို့ရှိ ရေအားလျှပ်စစ်စက်ရုံများအား သွားရောက်ကြည့်ရှုလေ့လာ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နော်ဝေနိုင်ငံ အော်စလိုမြို့၏မြောက်ဘက် အက်စ်ကင်မ်မြို့နယ်ရှိ Solbergfoss ရေအားလျှပ်စစ်စက်ရုံများကို သွားရောက်ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

နေပြည်တော် မတ် ၁

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဖေဖော်ဝါရီ ၂၈ ရက် နံနက် ၁၀ နာရီတွင် နော်ဝေနိုင်ငံ အော်စလိုမြို့၏မြောက်ဘက် အက်စ်ကင်မ် (Askim) မြို့နယ်ရှိ Solbergfoss ရေအားလျှပ်စစ်စက်ရုံများကို သွားရောက်ကြည့်ရှုလေ့လာသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတသည် Solbergfoss ရေအားလျှပ်စစ်စက်ရုံ အမှတ်(၁)တွင် ရေအားလျှပ်စစ်ထုတ်လုပ်နေမှု၊ တာဘိုင်စက်များ တပ်ဆင်ထားမှုနှင့် ပင်မထိန်းချုပ်ခန်း

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✳

တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုပါ၏။

ကြေးမုံစာတည်းရှုထောင့် ၂-၃-၂၀၁၃ (စနေနေ့)

ဂုဏ်ပြုအပ်သည့် တောင်သူများ

၂၀၁၃ခုနှစ်၊ မတ်လ ၂ ရက်(ယနေ့)သည် တောင်သူလယ်သမားနေ့ ဖြစ်ပေသည်။

ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြကုန်သော လယ်ယာလုပ်ကိုင် အသက်မွေးဝမ်းကျောင်းပြုကြသည့် တောင်သူလယ်သမား ဦးကြီးများအားလုံးကို အလေးအနက်ဂုဏ်ပြုသည့်အနေဖြင့် သတ်မှတ်ထားသော နေ့ထူးနေ့မြတ် နေ့တစ်နေ့ဖြစ်သည်။

အဘယ်ကြောင့်ဂုဏ်ပြုအပ်သနည်းဟူမူ ရိုးရိုးရှင်းရှင်းတင်ပြရလျှင် လူသားများအားလုံး အသက်ရှင်သန်နိုင်ရေးအတွက် အရေးကြီးသော အချက်ဖြစ်သည့် အာဟာရဖြည့်တင်း စားသုံးနိုင်ရေးအတွက် လိုအပ်သော ဆန်နှင့် သီးနှံထွက်ကုန်များကို ဖြည့်ဆည်းပေးနေသောကြောင့် ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ အဓိကစားသုံးမှုနှင့် အဓိကစီးပွားရေးလုပ်ငန်းမှာ လယ်ယာကဏ္ဍဖြစ်ပါသည်။ လယ်ယာကဏ္ဍကို အဓိကအားထားနေရသည်နှင့် အညီ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွား ခိုင်မာတောင့်တင်းအားကောင်းစေရန်အတွက် တောင်သူလယ်သမားများ၏ လူမှုဘဝနှင့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးရေးလုပ်ငန်းများကို အထူးအလေးထားမြှင့်တင်ပေးလျက်ရှိသည်ကိုလည်း တွေ့ရပါသည်။

သဘာဝမိုးရေကိုသာ အားထား၍ တစ်သီးစိုက်စနစ်မှ နိုင်ငံတစ်ဝန်းရှိ လယ်ယာမြေများသို့ ရေသောက်စနစ်များဖြန့်ဝေပေးခြင်း၊ စိုက်နည်းစနစ်များ၊ မျိုးကောင်းမျိုးသန့်များ၊ စိုက်ပျိုးစရိတ်ချေးငွေများ စသည့် အထောက်အပံ့ အကူအညီများဖြည့်ဆည်းပေးခြင်းဖြင့် တစ်သီးစားမှ နှစ်သီးစား၊ သုံးသီးစားစနစ် ဖြစ်အောင် ဖန်တီးဖော်ဆောင်ပေးလျက်ရှိသည်မှာလည်း မျက်မြင်ပင်ဖြစ်သည်။

နိုင်ငံ၏လူဦးရေသာမက ကမ္ဘာပေါ်ရှိလူဦးရေပါ တစ်နေ့တခြားတိုးပွားလျက်ရှိရာ တိုးတက်လာသော လူဦးရေအတွက် စားနပ်ရိက္ခာလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် ယခင်ကထက် နှစ်ဆ၊ သုံးဆတိုးတက် စိုက်ပျိုးထုတ်လုပ်နိုင်အောင် ကြိုးပမ်းအားထုတ်ကြရမည်ဖြစ်သည်။

တောင်သူလယ်သမားများမှာ နွမ်းပါးသူများဖြစ်၍ စိုက်ပျိုးထုတ်လုပ်မှု လုပ်ငန်းများဆောင်ရွက်ရာ၌ စိုက်စရိတ်များ နှစ်စဉ်ဖြည့်ဆည်းပေးရန်လိုအပ်ပေသည်။ အစိုးရသစ်လက်ထက်တွင် တောင်သူလယ်သမားများအတွက် စိုက်စရိတ်အဖြစ် တစ်ဧက ကျပ်လေးသောင်းပေးနေရာမှ တစ်ဧကလျှင် ကျပ်တစ်သိန်းနှုန်း၊ ကျန်ရာသီသီးနှံအမည်များအတွက် တစ်ဧကလျှင် ကျပ်နှစ်သောင်းနှုန်းဖြင့် တိုးတက်ထုတ်ချေးမည့် အစီအစဉ်များလည်းရှိနေရာ တောင်သူများလိုအပ်ချက်ကို ပြန်လည်ဖြည့်ဆည်းပေးခြင်းဖြစ်သည်။

တစ်ဖက်က တောင်သူများလိုအပ်ချက်ကို ဖြည့်ဆည်းပေးလျက်ရှိသကဲ့သို့ တောင်သူများအပိုင်းကလည်း စိုက်ပျိုးစွမ်းအားမြင့်မားတိုးတက်စေရန် အားထုတ်လုပ်ကိုင်ကြရမည်ဖြစ်သည်။ တစ်ချိန်က မြန်မာနိုင်ငံ၏စိုက်ပျိုးစွမ်းအားသည် အာရှတွင်ထိပ်တန်းမှ ရပ်တည်လျက်ရှိသည်ကို ဂုဏ်ယူကြရမည် ဖြစ်သည်။

ယနေ့အခါတွင်လည်း အိမ်နီးချင်းစိုက်ပျိုးရေးနိုင်ငံများနှင့် ရင်ပေါင်တန်း ယှဉ်ပြိုင်နိုင်ရန်၊ တိုးတက် ကြီးပွားအောင်မြင်လိုစိတ်ဖြင့် စိတ်ဓာတ်ပိုင်း ပြုပြင်ပြောင်းလဲမှု၊ မြေယာပိုင်းပြုပြင်ပြောင်းလဲမှု၊ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ပြုပြင်ပြောင်းလဲမှု၊ အထွက်တိုး မျိုးကောင်းမျိုးသန့်များ ပြောင်းလဲစိုက်ပျိုးမှုတို့ကို လက်တွေ့ကျကျဆောင်ရွက်နိုင်မှသာလျှင် စိုက်ပျိုးသီးနှံတိုးတက်ထုတ်လုပ်နိုင်သော ထိပ်တန်းနိုင်ငံအဖြစ်သို့ ပြန်လည်ရောက်ရှိနိုင်မည်ဖြစ်သည်။

ရေမြေသဘာဝကောင်းမွန်သဖြင့် ဆန်ရေစပါးပေါများကြွယ်ဝသော မိမိတို့နိုင်ငံအနေဖြင့် တကယ်လုပ်လျှင်တကယ်ဖြစ်နိုင်စရာ အကြောင်းတရားများရှိသောကြောင့် နိုင်ငံတော်၏ ပံ့ပိုးမှုကိုရယူပြီး ဆန်စပါးသီးနှံအထွက်တိုးအောင် ကြိုးပမ်းအားထုတ်ကြခြင်းဖြင့် ယနေ့ကဲ့သို့ ထူးမြတ်ဂုဏ်ပြုအပ်သည့် တောင်သူလယ်သမားနေ့၌ တောင်သူလယ်သမားကြီးများအား အလေးအမြတ်ပြုအပ်ပါသည်။ ။

National Malaria Seminar ဖွင့်ပွဲကျင်းပ

နေပြည်တော် မတ် ၁

ကမ္ဘာပေါ်တွင် နှစ်စဉ်နှစ်တိုင်း လူသန်းပေါင်း ၅၀၀ ခန့်သည် ငှက်ဖျားရောဂါဝေဒနာ ခံစားကြရပြီး လူတစ်သန်းခန့်သည် ငှက်ဖျားကြောင့် သေဆုံးလျက်ရှိနေကြောင်း၊ အရှေ့တောင်အာရှဒေသတွင်းရှိ နိုင်ငံများတွင် နေ့စဉ်လူ ၅၀၀၀ ခန့်သည် ငှက်ဖျားရောဂါကို ခံစားနေရပြီး တစ်နှစ်တွင် ငှက်ဖျားကြောင့် သေဆုံးသူ တစ်သိန်းခန့်ရှိနေသည်ဟု သိရှိရကြောင်း၊ မြန်မာနိုင်ငံတွင်လည်း ဆေးရုံနှင့်ဆေးပေးခန်းများမှရသည့် စာရင်းများအရ နှစ်စဉ်ငှက်ဖျားဖြစ်ပွားသူ လေးသိန်းခန့်ရှိပြီး ယင်းအထဲမှ လူ ၅၀၀ ခန့်သည် နှစ်စဉ်သေဆုံးနေသည်ဟု သိရကြောင်း။

၂၀၁၀ ခုနှစ်တွင် လူဦးရေတစ်သိန်းတွင် ၁၀ ဦးခန့်သာ ငှက်ဖျားဖြစ်ပွားပြီး သေဆုံးနှုန်းသည်လည်း လူဦးရေတစ်သိန်းတွင် တစ်ယောက်သာ ရှိနေတော့သည့်အတွက် ဖြစ်ပွားမှုနှုန်းနှင့် သေဆုံးမှုနှုန်းများ သိသိသာသာကျဆင်းလာသည်ဟု ဆိုနိုင်ကြောင်း၊ ယခုကဲ့သို့ ငှက်ဖျားရောဂါဖြစ်ပွား/သေဆုံးမှုနှုန်းများ သိသိသာသာကျဆင်းလာခြင်းသည် ကျန်းမာရေးဝန်ကြီးဌာန တစ်ခုတည်းကြောင့်မဟုတ်ဘဲ နှီးနွှယ်ဌာနဆိုင်ရာများ၊ ပြည်တွင်းပြည်ပ လူမှုရေးအဖွဲ့အစည်းများနှင့် ပြည်သူတစ်ရပ်လုံး၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုကြောင့် ဆိုသည်ကို ဝမ်းမြောက်စွာ မှတ်တမ်းတင်ရမည်ဖြစ်ကြောင်း၊ သို့သော် ဤမျှနှင့် ကျေနပ်မနေဘဲ ယခုထက်ပိုပြီး အရှိန်အဟုန်မြှင့် ကြိုးစားဆောင်ရွက်သွားကြရန်နှင့် ၂၀၁၅ ခုနှစ် နောက်ပိုင်းတွင်လည်း အရှိန်အဟုန်မပျက်ဆက်လက်ထိန်းသိမ်းသွားနိုင်ရန်လိုအပ်ကြောင်း၊ အထူးသဖြင့် နယ်စပ်ဒေသတွင် အစွမ်းထက်သည့် အာတီးမင်းစနင်း (Artemisinin) ဆေးယဉ်ပါးမှုအန္တရာယ်ကို တားဆီးနိုင်ရန်အတွက် ထိထိရောက်ရောက် ဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်းဖြင့် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေသက်ခင်က ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၈ နာရီခွဲတွင် ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် National Malaria Seminar ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသည်။

ယနေ့ကျင်းပသည့် National Malaria Seminar တွင် ငှက်ဖျားရောဂါကုသရေးနှင့် ပတ်သက်ပြီး ကျွမ်းကျင်သည့် ပါမောက္ခများ၊ သမားတော်ကြီးများ၊ အထူးကုဆရာဝန်ကြီးများ၊ ငှက်ဖျားရောဂါတိုက်ဖျက်ရေး စီမံချက်မှ ကျွမ်းကျင်သူများနှင့် ဆေးသုတေသနဦးစီးဌာနမှ သုတေသနပညာရှင်များက ငှက်ဖျားရောဂါနှင့် ပတ်သက်သည့် နည်းပညာပိုင်းဆိုင်ရာများအား ကဏ္ဍစုံ၊ ဘက်ပေါင်းစုံမှ တင်ပြ ဆွေးနွေးသွားကြမည်ဟု ထင်မြင်ကြောင်း၊ ယခုကဲ့သို့ ဆွေးနွေးပွဲများကို ပုံမှန်ကျင်းပခြင်းအားဖြင့် ငှက်ဖျားရောဂါကာကွယ်ရေး၊ ကုသရေးနှင့် ငှက်ဖျားရောဂါကြောင့် သေဆုံးမှုအပါအဝင် နောက်ဆက်တွဲ ပြဿနာများ လျော့နည်းစေရေးအတွက် များစွာ အထောက်အကူဖြစ်မည်ဟု ယုံကြည်ပါကြောင်းဖြင့်လည်း ပြောကြားသွားသည်။

ဆွေးနွေးပွဲကို နံနက် ၉ နာရီခွဲတွင် ဆက်လက်ကျင်းပရာ JICA အဖွဲ့ ဌာနေ ကိုယ်စားလှယ် Ms. Masahiko TANAKA က အမှာစကားပြောကြားပြီး စီမံချက်မန်နေဂျာနှင့် ကျွမ်းကျင်သူပညာရှင်များက ငှက်ဖျားရောဂါတိုက်ဖျက်ရေး စီမံချက်၊ အခြေအနေများနှင့် တွေ့ရှိချက်များကို ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်သော စည်းမျဉ်းဥပဒေများ အပြန်အလှန် ညှိနှိုင်းဆွေးနွေး

နေပြည်တော် မတ် ၁

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်သည် ဖေဖော်ဝါရီ ၂၆ ရက် မွန်းလွဲ ၂ နာရီတွင် ကန်တော်ကြီးပဲလေ့စ်ဟိုတယ်၌ ပြည်တွင်းပြည်ပ ပညာရှင်များနှင့်တွေ့ဆုံပြီး Myanmar Tourism Master Plan ရေးဆွဲရေးနှင့်ပတ်သက်၍ ညှိနှိုင်းအစည်းအဝေးကျင်းပသည်။ ဆက်လက်၍ J-V ဟိုတယ်နှင့် FDI ဟိုတယ်တို့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ဖေဖော်ဝါရီ ၂၇ ရက် နံနက် ၉ နာရီတွင် ဆူးလေဘုရားလမ်းရှိ Traders Hotel ၌ကျင်းပသော Myanmar Hospitality & Tourism Conference (2013) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။ ဖွင့်ပွဲတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား The Straits Times International Magazine & Newspapers မှ ဂုဏ်ပြုပေးအပ်သော Asian of The Year Award ဆုအား ပြည်ထောင်စုဝန်ကြီးမှ ကိုယ်စားလက်ခံသည်။

အဆိုပါ Conference တွင် ဧည့်ဝန်ဆောင်မှုနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ ရင်းနှီးမြှုပ်နှံနိုင်သော အခွင့်အလမ်းများ၊ ဟိုတယ်ဇုန်စီမံကိန်းများ၊ နိုင်ငံတကာမှ ဟိုတယ်လုပ်ငန်းများအတွက် ရင်းနှီးမြှုပ်နှံနိုင်သော ဈေးကွက်သစ်များဖော်ထုတ်ခြင်း၊ အခွင့်အလမ်းနှင့်စိန်ခေါ်မှုများ၊ မြန်မာနိုင်ငံရှိ ခရီးစဉ်ဒေသများနှင့် အသစ်ထွက်ပေါ်လာနိုင်သော ခရီးစဉ်ဒေသများ၊ ခရီးသွားလာရေးလုပ်ငန်းနှင့် ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်သော စည်းမျဉ်းဥပဒေများစသည့် အကြောင်းအရာများအား အပြန်အလှန်ညှိနှိုင်း ဆွေးနွေးခဲ့ကြသည်။

အဆိုပါ Conference ဖွင့်ပွဲအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ တက်ရောက်အားပေးခဲ့ပြီး Conference အား ဖေဖော်ဝါရီ ၂၈ ရက်အထိကျင်းပခဲ့ကာ ပြည်တွင်းပြည်ပ ပညာရှင်များ၊ စိတ်ပါဝင်စားသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စိုက်ပျိုးထွက်ရှိလာသည့် သီးနှံများအပေါ် စီးပွားရေးတွက်ခြေကိုက်မှုရှိပြီး ရေရှည်ခိုင်မာသောဈေးကွက်ရရှိအောင် ဆောင်ရွက်

☆ **ရွှေဖုံးမှ**

ကူးပြောင်းပေးနိုင်ရေးအတွက် ရေတိုရေရှည်စီမံကိန်းများ ရေးဆွဲပြီး ပြည်ထောင်စုနယ်မြေဖြစ်သည့် နေပြည်တော်ကောင်စီနယ်မြေကို ဗဟိုပြုပြီး နိုင်ငံနှင့်အဝှမ်း ပျံ့နှံ့အကောင်အထည်ဖော်ပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိနေပြီဖြစ်ပါသည်။

သီးနှံများ အရည်အသွေးနှင့် အထွက်နှုန်း ပိုမိုတိုးတက်စေရေးအတွက် စိုက်ပျိုးရေးပညာရှင်များအနေဖြင့် သိပ္ပံနည်းကျစိုက်နည်းစနစ်များ တီထွင်ကြံဆပြီး တောင်သူလယ်သမားများလက်ဝယ်အရောက် လေ့ကျင့်ပညာပေးရေးတာဝန်အား ဒေသအလိုက် လယ်ကွင်းထဲတွင် လယ်သမားများနှင့်အတူ ကြိုးပမ်းဆောင်ရွက်လျက်ရှိနေကြသည်မှာ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၏ အခြေခံကောင်းများ တည်ဆောက်ပေးနေခြင်းဖြစ်ပါသည်။

နိုင်ငံတော်၏ အဓိကစားသုံးသီးနှံအမယ်ဖြစ်သော ဆန်စပါးအပါအဝင် သီးနှံအမယ်အလိုက် အထွက်နှုန်းများ တိုးတက်မြင့်မားရေးနှင့် ဈေးကွက်ဝင် အရည်အသွေးမြင့်မားရေးအတွက် စိုက်ပျိုးရေးပညာရှင်များ၏ အဆင့်မြင့်နည်းပညာစွမ်းအားဖြင့် စပ်မျိုးစပါး၊ စပ်မျိုးပြောင်း၊ စပ်မျိုးနေကြာ၊ စပ်မျိုးပဲ၊ စပ်မျိုးသစ်သီးဝလံ မျိုးစေ့များကို ကျယ်ကျယ်ပြန့်ပြန့် ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရေးအတွက် အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိနေရာ ပုဂ္ဂလိကအခန်းကဏ္ဍမှ အလွန်နိုးကြားတက်ကြွစွာ ပါဝင်ဆောင်ရွက်လျက်ရှိနေသည်မှာ တောင်သူလယ်သမားများအတွက် အလားအလာကောင်းများအဖြစ် အားရဖွယ်အခြေအနေများ မြင်တွေ့နေရပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် တောင်သူလယ်သမားများ၏ အခြေခံစိုက်ပျိုးရေးစရိတ် လိုအပ်ချက်များကို ပိုမိုဖြည့်ဆည်းပေးနိုင်ရေးအတွက် စပါးသီးနှံနှင့် ကြံသီးနှံပေါ်တွင် တစ်ဧကလျှင် စိုက်ပျိုးစရိတ်ချေးငွေကို ယခင်ကထက် ပိုမိုတိုးတက်ပြီး တစ်ဧကလျှင် ကျပ်တစ်သိန်းနှုန်းဖြင့်လည်းကောင်း၊ ကျန်ရှိသော ရာသီသီးနှံ အမယ်များပေါ်တွင် တစ်ဧကလျှင် ကျပ် နှစ်သောင်းနှုန်းသို့လည်းကောင်း စိုက်ပျိုးစရိတ်ချေးငွေများကို ပိုမိုတိုးတက်သတ်မှတ်ထုတ်ချေးပေးနိုင်ရေး စီစဉ်ဆောင်ရွက်နေပြီဖြစ်ရာ တောင်သူလယ်သမားများအတွက် ယခင်ကထက်ပိုမို၍အထောက်အကူရရှိစေနိုင်မည်ဖြစ်ပါသည်။ တောင်သူလယ်သမားများအနေဖြင့် မိမိတို့၏ လယ်ယာမြေများကို ပိုမိုတိုးတက်ဖွံ့ဖြိုးအောင် ကိုယ်တိုင်အောင်မြင် တိုးတက်ကြီးပွားလိုစိတ်၊ စိတ်ဆန္ဒ ပြင်းပြစွာဖြင့် ကိုယ်တိုင်ပါဝင်ကြိုးပမ်းအားထုတ်ကြခြင်းအားဖြင့် တိုးတက်မှုများ လက်တွေ့ရရှိခံစားနိုင်ကြတော့မည်ဖြစ်ပါသည်။

စိုက်ပျိုးရေးထွက်ကုန်များ တိုးတက်မြင့်မားရေးအတွက် အဓိကအခြေခံသော့ချက် လိုအပ်ချက်ဖြစ်သည့် ခိုင်မာသော ပြည်တွင်း၊ ပြည်ပဈေးကွက်ရရှိနိုင်ရေးအချက်ပေါ်တွင် ယခင်က စိုက်ပျိုးသီးနှံများကို ကုန်ကြမ်းအဆင့်ဖြင့်သာ တင်ပို့ရောင်းချနေသည့် အခြေအနေမှ အဆင့်မြင့်၊ တန်ဖိုးမြင့်ထုတ်ကုန်များအဖြစ်သို့ ထုတ်လုပ်တင်ပို့ရောင်းချနိုင်ရေးအတွက် ခေတ်မီအဆင့်မြင့် ဆန်စက်၊ ဆီစက်များ၊ သန့်စင်စက်များ၊ အဆင့်မြင့်ထုပ်ပိုးစက်များဖြင့် ထုတ်လုပ်တင်ပို့ရောင်းချနိုင်ရေးကိုလည်း အားပေးဆောင်ရွက်လျက်ရှိနေပြီဖြစ်ပါသည်။

ချစ်ကြည်လေးစားအပ်ပါသော တောင်သူလယ်သမားကြီးများ ခင်ဗျား-

လူသားတိုင်း၏ ဘဝတွင် အဓိကလိုအပ်ချက်ဖြစ်သည့် စားရေး၊ ဝတ်ရေးနှင့် နေရေးအခြေခံလိုအပ်ချက်များအနက် နေ့စဉ်နှင့်အမျှ မရှိမဖြစ်လိုအပ်ချက်မှာ စားရေးကိစ္စ ဖြစ်ပါသည်။ နေ့စဉ်တိုးတက်လျက်ရှိနေသည့် လူဦးရေအတွက် စားနပ်ရိက္ခာဖူလုံရေးမှာ အလွန်အရေးကြီးသည့် အချက်ဖြစ်ပါသည်။ လက်ရှိကမ္ဘာ့လူဦးရေ သန်းပေါင်း(၇၀၀၀)ကျော်သည် လာမည့် ၂၀၅၀ ပြည့်နှစ်ကာလတွင် သန်းပေါင်း (၉၀၀၀)ကျော် ရှိလာမည်ဖြစ်သောကြောင့် ကမ္ဘာမြေ၏ အရွယ်အစားမှာ တိုးချဲ့ပြောင်းလဲခြင်းမပြုနိုင်သဖြင့် တိုးတက်လာနေသည့် လူဦးရေအတွက် စားနပ်ရိက္ခာလိုအပ်ချက်ကို ယခင်ကထက်(၂)ဆ၊ (၃)ဆ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရန် တိုးတက်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

မိမိတို့နိုင်ငံသည် သဘာဝ ရေ၊ မြေ သယံဇာတများ ပေါကြွယ်ဝပြီး စိုက်ပျိုးရေးအတွက် သင့်တင့်ကောင်းမွန်သော ရာသီဥတုအခြေအနေများ ပိုင်ဆိုင်ထားသည့် နိုင်ငံဖြစ်သည့်အားလျော်စွာ မကြာတော့သည့်နှစ်အနည်းငယ်အတွင်း တိုးပွားလာတော့မည့် လူဦးရေ သန်း(၁၀၀)အတွက် နိုင်ငံ၏စားနပ်ရိက္ခာဖူလုံစေရေးအတွက်သာမက နိုင်ငံတကာဈေးကွက်လိုအပ်ချက်သို့ တင်ပို့ရောင်းချနိုင်ရေးအတွက် သီးနှံစိုက်ပျိုးထုတ်လုပ်မှုကို အရှိန်အဟုန်မြှင့်တင်ပြီး ပိုမိုတိုးတက်လာစေရေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

ယင်းသို့ အကောင်အထည်ဖော်ဆောင်ရွက်ကြရာတွင် အိမ်နီးချင်းစိုက်ပျိုးရေးနိုင်ငံများနှင့် ရင်ပေါင်တန်း ယှဉ်ပြိုင်နိုင်ရန် တိုးတက်ကြီးပွားအောင်မြင်လိုစိတ်ဖြင့် စိတ်ဓာတ်ပိုင်း ပြောင်းလဲမှု၊ မြေယာပြုပြင်ပြောင်းလဲမှု၊ စက်မှုလယ်ယာစနစ်သို့ ပြောင်းလဲမှု၊ အထွက်တိုးမျိုးကောင်းမျိုးသန့်များ ပြောင်းလဲမှုတို့ကို လက်တွေ့ဆောင်ရွက်နိုင်မှသာလျှင် လယ်ယာကဏ္ဍကြီး ဖွံ့ဖြိုးတိုးတက်လျက် စိုက်ပျိုးရေးအခြေခံ စက်မှုနိုင်ငံအဖြစ်သို့ ကူးပြောင်းနိုင်ရေး ရည်မှန်းချက်များ အောင်မြင်နိုင်မည်ဖြစ်ပါသည်။

လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုကို စဉ်ဆက်မပြတ် ရေရှည်အရှိန်အဟုန်မပျက် တိုးတက်အကောင်အထည်ဖော်နိုင်ရေးအတွက် စိုက်ပျိုးထွက်ရှိလာသည့် သီးနှံများအပေါ် စီးပွားရေးတွက်ခြေကိုက်မှုရှိပြီး ရေရှည်ခိုင်မာသောဈေးကွက်ရရှိအောင် ဆောင်ရွက်ရေး၊ ဈေးကောင်းရမည့် မျိုးကောင်း မျိုးသန့်မျိုးစေ့များ အသုံးပြုနိုင်ရေး၊ သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်များ အသုံးပြုနိုင်ရေး၊ စိုက်ပျိုးရေးအပါအဝင် ဓာတ်မြေဩဇာ၊ သဘာဝမြေဩဇာသွင်းအားစုများကို အချိုးကျ အချိန်ကိုက်အသုံးပြုနိုင်ရေး၊ အပင်စတင်စိုက်ပျိုးချိန်မှ ရိတ်သိမ်းချိန်လွန်ဈေးကွက်သို့ တင်ပို့ရောင်းချသည့်အဆင့်ထိ အလေအလွင့်ဆုံးရှုံးမှု၊ ထုတ်လုပ်မှုကုန်ကျစရိတ်နှင့် သယ်ပို့ရောင်းဝယ်လွှဲပြောင်းမှု ကုန်ကျစရိတ်များကို လျှော့နည်းသက်သာစေရေးတို့ကို အဓိကထား အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိနေပါသည်။

ချစ်ကြည်လေးစားအပ်ပါသော တောင်သူလယ်သမားကြီးများခင်ဗျား-

နိုင်ငံနှင့်အဝှမ်း နိုင်ငံသားအားလုံးတို့၏ လိုအင်ဆန္ဒဖြစ်သော အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးအား အရှိန်အဟုန်ဖြင့် တိုးတက်တည်ဆောက် အကောင်အထည်ဖော်နိုင်ရေးအတွက် တောင်သူလယ်သမားများအပါအဝင် ပြည်ထောင်စုတစ်ဝန်းလုံးရှိ နိုင်ငံသားများအားလုံး တစည်းတလုံးတည်း တက်ညီလက်ညီ ကြိုးပမ်းပါဝင်ဆောင်ရွက်ပေးကြပါရန် အလေးအနက်တိုက်တွန်းအပ်ပါသည် ခင်ဗျား။

ဂျော်ဒန်နိုင်ငံမှ တရားမဝင်မြန်မာအလုပ်သမားများအရေး ကူညီဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် မတ် ၁

ဂျော်ဒန်နိုင်ငံ Ramtha မြို့ Century Miracle Apparel Mfg Co., Ltd. အထည်ချုပ်စက်ရုံ၌ လုပ်ကိုင်လျက်ရှိသော မြန်မာအလုပ်သမား ၁၃၀၀ ရှိသည့်အနက် အလုပ်သမား ၁၂၀၀ ခန့်သည် ဖေဖော်ဝါရီ ၁၄ ရက်မှ စတင်ပြီး အလုပ်ရှင်အား ဆန္ဒပြလျက်ရှိရာ ပြေလည်မှုမရရှိသေးကြောင်း သိရှိရသည်။

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံခြားရေး ဝန်ကြီးဌာနနှင့် ဆက်သွယ်ညှိနှိုင်းပြီး ဂျော်ဒန်နိုင်ငံနှင့် အနီးစပ်ဆုံးဖြစ်သော အစ္စရေးနိုင်ငံဆိုင်ရာ မြန်မာသံရုံးမှတစ်ဆင့် ပြဿနာကို ဖြေရှင်းနိုင်ရန် ဆောင်ရွက်လျက်ရှိသည်။

မြန်မာသံရုံး၏ ညှိနှိုင်းဆောင်ရွက်ပေးချက်အရ စက်ရုံတာဝန်ခံက စားသောက်ရေး အဆင်ပြေစေရန်အတွက် မြန်မာစားဖိုမှူး လေးဦးခန့်ထားပေးမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံမှ အစားအသောက်များ မှာယူချက်ပြုတ်ပေးမည်ဖြစ်ကြောင်း၊ ဘာသာစကား အခက်အခဲပြေလည်စေရန်အတွက် မြန်မာလူမျိုးအချို့အား ကြီးကြပ်ရေးမှူးအဖြစ် ထားရှိပေးသွားမည်ဖြစ်ကြောင်း၊ အလုပ်သမားများ၏ အခြေခံလစာ တိုးမြှင့်မပေးနိုင်သော်လည်း အခြားခံစားခွင့်အား တိုးမြှင့်ပေးရန်အတွက် စဉ်းစားဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ မြန်မာအလုပ်သမားများအနေဖြင့် လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်စေလိုကြောင်း ပြောကြားခဲ့သည်။

ထို့အပြင် အလုပ်သမားများ ပို့ဆောင်နေသော ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင် လျှောက်ထားခြင်းမရှိသည့် New Covenant အေဂျင်စီမှ တာဝန်ခံ ဦးစိုင်းတင်ထွန်းသည် ဂျော်ဒန်နိုင်ငံသို့ ရောက်ရှိလျက်ရှိပြီး အလုပ်သမားများ ဆန္ဒပြတောင်းဆိုနေမှုအား အလုပ်ရှင်နှင့် ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးလျက်ရှိသည်။

အလုပ်ပြန်ဆင်းလိုသည့် မြန်မာအလုပ်သမားအများစုရှိသော်လည်း သဘောထားတင်းမာသည့် ဆန္ဒပြနေသည့် မြန်မာအမျိုးသား အလုပ်သမားအချို့၏ ခြိမ်းခြောက်ဟန့်တားမှုများကြောင့် အလုပ်ခွင်သို့ ပြန်လည်ဝင်ရောက်နိုင်ခြင်းမရှိကြောင်း၊ မြန်မာသံရုံးအနေဖြင့် တတ်နိုင်သမျှ အလုပ်သမားများအား ဖျောင်းဖျပေးလျက်ရှိပြီး စက်ရုံမှ တာဝန်ရှိသူများနှင့်လည်း ဆက်လက်ညှိနှိုင်းဆွေးနွေးလျက်ရှိသည်။

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနအနေဖြင့် သံရုံးမှတစ်ဆင့် ဆက်သွယ်၍ လည်းကောင်း၊ မြန်မာနိုင်ငံမှ အလုပ်သမားစေလွှတ်ခဲ့သော ကိုယ်စားလှယ်နှင့် ဆက်သွယ်၍လည်းကောင်း ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်းနှင့် ဖြစ်ပေါ်နေသည့် အခြေအနေများကို မျက်ခြည်မပြတ် စောင့်ကြည့်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဂျပန်နိုင်ငံ ဖူကူရှီးမားဒေသမှ ငါးများတွင် ရေဒီယိုသတ္တိကြွမှု စံချိန်တင်မြင့်တက်

တိုကျို မတ် ၁

ဂျပန်နိုင်ငံ ဖူကူရှီးမားပြည်နယ် ဒိုင်အိချိနျူကလီးယားဓာတ်အားပေးစက်ရုံအနီး ရေပြင်မှ ဖမ်းဆီးရမိသောငါးများတွင် ရေဒီယိုသတ္တိကြွမှု စံချိန်တင် မြင့်မားနေသည်ကို တွေ့ရှိရကြောင်း၊ ယင်းငါးများ၌ ရေဒီယိုသတ္တိကြွမှုပမာဏမှာ တရားဝင်သတ်မှတ်ထားသည့်ပမာဏထက် အဆ ၅၁၀၀ထိ ရှိကြောင်း နျူကလီးယားဓာတ်အားပေးစက်ရုံမှ ဝန်ထမ်းတစ်ဦးက ပြောကြားသည်။

ဖူကူရှီးမားဒိုင်အိချိ နျူကလီးယားဓာတ်အားပေးစက်ရုံအနီး ဆိပ်ကမ်းမှဖမ်းယူရရှိသော ဟက်ဇာဂရမ်မော့စ်အိုတာကီအမည်ရှိငါးကို စစ်ဆေးမှုပြုသည့်အခါ ယင်းငါးတွင် သင့်ရောက်နေသည့် ကက်ဆီယံဓာတ် (ငွေရောင်သတ္တုဓာတ်) သင့်ရောက်မှုပမာဏမှာ အလေးချိန်တစ်ကီလိုလျှင် တစ်စက္ကန့်အတွင်း အဏုမြူအက်တမ်လုံးရေ ၅၁၀၀၀၀ပြိုကွဲမှုရှိနေရာ ယင်းမှာ ဂျပန်အစိုးရက တရားဝင်သတ်မှတ်ထားသည့် အစားအစာများ၌ ရေဒီယိုသတ္တိကြွမှုပမာဏထက် အဆ ၅၁၀၀ကျော် ပိုမိုနေကြောင်း တိုကျိုလျှပ်စစ်ကုမ္ပဏီ(တက်ပ်ကို)က ဖေဖော်ဝါရီ ၂၈ရက်တွင် ပြောကြားသည်။

ထိုစဉ်အတွင်းတွင် ကျောက်တန်းကျောက်ဆောင်များ ထူထပ်ရာနေရာ၌ နေထိုင်ကျက်စားသော ငါးများတွင် ကက်ဆီယံဓာတ် သင့်ရောက်မှုပမာဏမှာမူ အလေးချိန်တစ်ကီလိုဂရမ်၌ တစ်စက္ကန့်တွင်းပြိုကွဲသော အဏုမြူလုံးရေပမာဏမှာ ၂၇၇၀၀၀ရှိကြောင်း တွေ့ရှိရပြီး ယခင်က ယင်းအမျိုးအစားငါးများတွင် အမြင့်မားဆုံးတွေ့ရှိမှုမှာ အလေးချိန်တစ်ကီလိုဂရမ်၌ တစ်စက္ကန့်လျှင် အဏုမြူလုံးရေပြိုကွဲမှု ၂၅၄၀၀၀ အထိရှိခဲ့သည်ဟု ဆိုသည်။

၂၀၁၁ခုနှစ် မတ်လအတွင်းက အင်အားပြင်းငလျင်ကြီး တစ်ရပ် ဂျပန်နိုင်ငံတွင်လှုပ်ခတ်ခဲ့ရာမှ အဖျက်စွမ်းအင်ကြီးမားသော ဆူနာမီရေလှိုင်းဒဏ်သင့်ခဲ့ရာမှ ဖူကူရှီးမားဒိုင်အိချိ အဏုမြူစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံမှ ဓာတ်ပေါင်းဖိုများ အက်ကွဲခဲ့ပြီးနောက်တွင် ဖူကူရှီးမားပြည်နယ်၌ ငါးဖမ်းဆီးမှုများကို ရပ်ဆိုင်းထားခဲ့ရသည်။

ဆင်ဟွာ။



ဖူကူရှီးမားဒိုင်အိချိ နျူကလီးယား ဓာတ်အားပေးစက်ရုံကို တွေ့ရစဉ်။

အစ္စရေးနိုင်ငံအလယ်ပိုင်းတွင် ကားဗုံးပေါက်ကွဲ၊ နှစ်ဦးသေဆုံး

ဂျေရုဆလင် မတ် ၁

အစ္စရေးနိုင်ငံ အလယ်ပိုင်းတွင် ဖေဖော်ဝါရီ ၂၈ရက်က ကားဗုံးတစ်လုံး ပေါက်ကွဲရာ လူနှစ်ဦးသေဆုံးကြောင်း အစ္စရေးနိုင်ငံပိုင် နေ့စဉ်သတင်းစာ ဟာရက်ဇ်က မတ် ၁ရက်တွင် ဖော်ပြသည်။

တဲလ်အဗစ်မြို့တောင်ပိုင်းရှိ ရီရှွန်းလက်ဇီယွန်ရပ်ကွက်မှ ဒေသခံပြည်သူများ နေထိုင်ရာနေရာတွင် အဆိုပါကားဗုံးပေါက်ကွဲခြင်းဖြစ်သည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။ ဗုံးပေါက်ကွဲမှုကြောင့် သေဆုံးသွားသူများမှာ မည်သူမည်ဝါဖြစ်ကြောင်း ထုတ်ဖော်ပြောကြားမှုမရှိကြောင်း၊ ကား ဗုံးပေါက်ကွဲမှုလက်သည်တရားခံများမှာ ဥပဒေချိုးဖောက်မှု ကျူးလွန်သူများဖြစ်ပြီး ၎င်းတို့အား နာရီပိုင်းအတွင်း ဖမ်းဆီးထိန်းသိမ်းလိုက်ကြောင်း ဟာရက်ဇ်သတင်းစာတွင် ရေးသားထားသည်။

ဆင်ဟွာ။

ပါကစ္စတန်မှတင်ပို့သော ပင်လယ်စာကို ဥရောပသမဂ္ဂ ပြန်လည်လက်ခံ

အစ္စလာမ္မာဘတ် မတ် ၁

ဥရောပသမဂ္ဂ(အီးယူ)က ပါကစ္စတန်နိုင်ငံမှ ပင်လယ်စာများတင်ပို့မှုကို ပြန်လည်လက်ခံပြီဖြစ်ကြောင်း သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားကြောင်း ဖေဖော်ဝါရီ ၂၈ရက်သတင်းတွင် ဖော်ပြသည်။

အီးယူက ကျန်းမာရေးဆိုင်ရာ အကြောင်းပြချက်ဖြင့် ပါကစ္စတန်နိုင်ငံမှ ပင်လယ်စာတင်သွင်းမှုကို ခြောက်နှစ်ကြာ ရပ်ဆိုင်းခဲ့ပြီးမှ ပြန်လည်လက်ခံခြင်းဖြစ်သည်။

ပါကစ္စတန်နိုင်ငံက အီးယူနိုင်ငံများသို့ ပင်လယ်စာတစ်နှစ်လျှင် ယူရိုသန်း ၅၀(အမေရိကန်ဒေါ်လာ ၆၆သန်း)ဖိုး တင်ပို့ခဲ့ရာမှ ၂၀၀၇ခုနှစ်မှစ၍ တင်သွင်းခွင့်ကို ရပ်ဆိုင်းထားခဲ့ကြောင်း၊ ဥရောပသမဂ္ဂ၏ စားနပ်ရိက္ခာစစ်ဆေးရေးအဖွဲ့က စစ်ဆေးရာမှ စားသောက်ကုန်ဆိုင်ရာ ဘေးအန္တရာယ်ကင်းရှင်းရေးစံနှုန်းများနှင့် မကိုက်ညီသည်ကို တွေ့ရှိရခြင်းဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။

အေအက်ဖ်ပီ။

ရုရှားနိုင်ငံ ဓာတုဗေဒစက်ရုံတွင် ကလိုရင်းယိုဖိတ်မှုဖြစ်ပွား၊ လူ ၃၀ ဒဏ်ရာရ

မော်စကို မတ် ၁

ရုရှားနိုင်ငံ ပမ်းဒေသရှိ ဓာတုဗေဒစက်ရုံတစ်ရုံ၌ ကလိုရင်းဓာတ်ငွေ့ရည် ယိုဖိတ်မှုကြောင့် လူ ၃၀ခန့်ဒဏ်ရာရရှိကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက အင်တာဖက်စ်သတင်းဌာနသို့ မတ် ၁ရက်တွင် ပြောကြားသည်။

အဆိုပါစက်ရုံသည် ပမ်းဒေသ ဘီရက်ဇ်နီကီမြို့တွင်ရှိပြီး ဒဏ်ရာရရှိသူများမှာ ယင်းစက်ရုံမှအလုပ်သမားများဖြစ်ကြကြောင်း၊ ဒဏ်ရာရရှိသူ ၃၀အနက် ၂၇ဦးကို ဆေးရုံတင်၍ ကုသပေးလျက်ရှိကြောင်း အရေးပေါ်ဌာနမှ တာဝန်ရှိပုဂ္ဂိုလ်က ပြောကြားသည်။

ကလိုရင်းဓာတ်ငွေ့ရည် ယိုဖိတ်မှုဖြစ်ရခြင်းအကြောင်းရင်းမှာ နည်းပညာပိုင်းဆိုင်ရာပြဿနာကြောင့် ဖြစ်ကြောင်း၊ ယင်းကလိုရင်းယိုဖိတ်မှုကြောင့် လူများအတွက် စိုးရိမ်ဖွယ်ရာမရှိကြောင်း ဒေသဆိုင်ရာရဲတပ်ဖွဲ့က ပြောကြားသည်။

ဆင်ဟွာ။

ပါကစ္စတန်နိုင်ငံ ကရာချိမြို့ရှိ ငါးဖမ်းရေယာဉ်များ ဆိုက်ကပ်ရပ်နားရာ ဆိပ်ကမ်းကို တွေ့ရစဉ်။

NEW MOTION Travels & Tours
• ပုဂံ - Mar; 23 Apr; 13
• မန္တလေး - Mar; 23 Apr; 13
- Apr; 13
• ပုဂံ–ရွှေစက်တော် - Apr; 11,12,13
• ပုဂံ–မန္တလေး - Apr; 13
• ရွှေစက်တော် - Mar; 23
• တောင်ကြီး - Mar; 23 Apr; 11,12,13,17
- Mar; 22 Apr; 10,11,12,13
- Mar; 23 Apr; 12,13
• တောင်ကြီး–ပုဂံ - Apr; 11,12
• မန္တလေး–တောင်ကြီး - Apr; 12
- Apr; 13,15
- Apr; 13,15
527 922, 538 811, 09-731 48922, 09-731 48848

NEW MOTION Travels & Tours
America Apr 08, 10
Los Angeles, Las Vegas, San Francisco, New York, Washington D.C, Niagara Falls, Hawaii
Europe Apr 08
France, Belgium, Netherlands, Germany, Switzerland, Italy
Korea Apr 10, 12
Japan Apr 13
India Apr 10
Bali Apr 13
China Apr 13
Hong Kong Mar 07, Apr 11, 12, 14
Bangkok Mar 24, Apr 11, 12, 13
S'pore-Malay Apr 11, 12 ,13
Dubai Apr 13
Escape From Everyday Life
ရန်ကုန် – 508124, 527254, 523253, 09 73148933-66
မန္တလေး – Hotel Mandalay၊ ဖုန်း – 09 5034185, 09 91021122, 09 43147879

UNIQUE STAR Travels & Tours . . .
Korea Airline (20Days/19Nights) April 9~28 (6,000,000)
(San Francisco, Los Angeles, Las Vegas, New York, Washington, Harrisburg, Corning, Niagara Fall) + Honolulu
ဥရောပ (၉)နိုင်ငံ + All TG April 9~22/9~24, 11~24/11~26 (4,500,000)
(France, Italy, Switzerland, Germany, Netherland, Belgium, Austria, Liechtenstein, Vatican) + United Kingdon
ဩစတြေးလျ All TG (Sydney, Blue Mountain, Mount Buller, Melbourne, Canberra) April 10~18 (3,400,000)
Every (Sat:) (550,000)
Apr: 11, 12 (800,000)
Apr: 10,12,13 (1,200,000)
Apr: 11, 13 (1,700,000)
Apr: 10,12 (1,700,000)
Apr:12,13 (1,700,000)
Apr:10,11 (1,400,000)
Apr:10,11,12,13 (1,300,000)
All TG Apr:10,13 (2,000,000)
All TG Apr:9,10,13 (2,800,000)
[5], Asia Plaza, 391372, 391373, 708353, 705723, 09 514 8079. / 70/A, Kabaraye Pagoda Rd. Bahan. 09 7310 9133~44~55~66.

NATURAL BREEZE Travels & Tours
" Breeze Brings the Remembrance of Your Life......"
ကိုရီးယား April 14
April 11
April 12-13
April 13-14
April 21
01 500734,09 73 211441 , 09 73 211442
Email - naturalbreeze.travel@gmail.com

ပြည်တွင်းရေးရာ

အင်္ဂလိပ်စာကို နိုင်ငံတကာသုံးစာအဖြစ် သင်ကြားပေးနေသည့်နည်းတူ တိုင်းရင်းသားဘာသာစကား၊ စာပေကိုလည်း သင်ကြားပေးရမည်

နေပြည်တော် မတ် ၁

မူလတန်းအောက်အဆင့် သူငယ်တန်း၊ ပထမတန်း၊ ဒုတိယတန်း ကျောင်းသား ကျောင်းသူများအား တိုင်းရင်းသားစာ သင်ကြားနိုင်ရေးအတွက် ကျောင်းသုံးစာအုပ်များထဲတွင်ပါသည့် သင်ခန်းစာများကို မွန်၊ စကောကရင်၊ အရှေ့ပိုးကရင်၊ အနောက်ပိုးကရင်၊ ကယား၊ ကယော၊ ကယန်း၊ ပလောင်၊ လားဟူ၊ တီးတိန်ချင်း၊ ဟားခါးချင်း၊ ဖလမ်းချင်း၊ တိုင်းလုံရှမ်း၊ ဂုံရှမ်း၊ တိုင်းလိုင်ရှမ်း၊ တိုင်းခန္တီးရှမ်း၊ တိုင်းဆာရှမ်း၊ ဂျိန်းဖောကချင်၊ လာချိဒ်ကချင်၊ ရဝမ်ကချင်၊ လီဆူးကချင်၊ ဇိုင်ဝါးကချင်၊ လော်ဝေါ် ကချင်၊ ရခိုင်၊ မြို(ခေါ်) ခမီ၊ သက်၊ ပအိုဝ်း၊ ဓနု၊ အင်းသား စာပေများဖြင့် အဖွဲ့လိုက် ပြုစုနေကြပြီဖြစ်ကြောင်း သိရသည်။

ပညာရေးဝန်ကြီးဌာန တိုင်းရင်းသားဘာသာစကား သင်ကြားရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်၍ အမှာစကားပြောကြားသည်။

ထိုသို့ ပြောကြားရာ၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၂ တွင် နိုင်ငံတော်သည် တိုင်းရင်းသားတို့၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုတို့ ဖွံ့ဖြိုးတိုးတက်စေရန် ကူညီဆောင်ရွက်မည်၊ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစားရေးနှင့် ရိုင်းပင်းကူညီရေးတို့ တိုးတက်ဖြစ်ထွန်းစေရန် ကူညီဆောင်ရွက်မည်၊ တိုးတက်ဖွံ့ဖြိုးမှုနည်းပါးနေသည့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး စသည်တို့ပါဝင်သော လူမှုစီးပွား တိုးတက်ဖွံ့ဖြိုးရေးအတွက် ကူညီဆောင်ရွက်မည်ဟု ထည့်သွင်းပြဌာန်းထားပါကြောင်း။

ထို့ပြင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ-၃၅၄ ပုဒ်မခွဲ (ဃ)အရ တိုင်းရင်းသားလူမျိုး တစ်မျိုးနှင့်တစ်မျိုး (သို့မဟုတ်) တိုင်းရင်းသားလူမျိုးအချင်းချင်းကို လည်းကောင်း၊ အခြားဘာသာ သာသနာကို လည်းကောင်း ထိခိုက်နစ်နာမှုမရှိစေဘဲ မိမိချစ်ခင်မြတ်နိုးသည့် စကား၊ စာပေ၊ ယဉ်ကျေးမှု၊ ကိုးကွယ်သည့် ဘာသာသာသနာနှင့် ဓလေ့ထုံးတမ်းများ လွတ်လပ်စွာ ဆောင်ရွက်ပိုင်ခွင့်ရှိသည်ဟုလည်း ဖော်ပြပါရှိပါကြောင်း။

တိုင်းရင်းသားဘာသာစကား စာပေ၊ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာများသည် ပြည်ထောင်စု၏ အမွေအနှစ်များပင်ဖြစ်ပြီး ယင်းအမွေအနှစ်များကို လက်ဆင့်ကမ်း ထိန်းသိမ်းစောင့်ရှောက်ပေးမှသာ တိမ်ကောပပျောက်မသွားဘဲ ခိုင်မြဲတည်တံ့ ရှင်သန်နေမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ မျက်မှောက်ကာလ တိုင်းရင်းသား လူငယ်မောင်မယ်များအား တိုင်းရင်းသားဘာသာစကား၊ စာပေများ သင်ကြားပေးရန် လိုအပ်လာပြီ ဖြစ်ကြောင်း။

တိုင်းရင်းသား ဘာသာစကား၊ စာပေသင်ကြားမှုနှင့် ပတ်သက်ပြီး ခေတ်အဆက်ဆက် ဆောင်ရွက်ခဲ့သည်များကို တွေ့ရှိနိုင်မည်ဖြစ်ကြောင်း၊ သို့သော်လည်း ၁၉၈၁-၁၉၈၂ ပညာသင်နှစ်ကစပြီး သူငယ်တန်းတွင် အင်္ဂလိပ်စာ စတင်သင်ကြားပေးချိန် တိုးလာခြင်းကြောင့် တိုင်းရင်းသားဘာသာသင်ချိန် မပါရှိတော့ကြောင်း၊ မိမိတို့နိုင်ငံတွင် မြန်မာစာကို ရုံးသုံးစာ၊ အင်္ဂလိပ်စာကို နိုင်ငံတကာသုံးစာအဖြစ် သင်ကြားပေးနေသည့်နည်းတူ ပြည်ထောင်စု၏ အမွေအနှစ်ဖြစ်သည့် တိုင်းရင်းသားဘာသာစကား၊ စာပေကိုလည်း သင်ကြားပေးရမည် ဖြစ်ကြောင်း။

ပြည်နယ် ပြည်မ၊ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံလိုအပ်ချက်တစ်ခုဖြစ်သည့် ပညာရေးကို နိုင်ငံတော်အနေဖြင့် အစွမ်းကုန်ဆောင်ရွက်ပေးနေကြောင်း၊ ပညာ၊ ဗဟုသုတကို အခြေခံပြီး လုပ်ငန်းတစ်ခုခုကို ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်ပါမှသာ ယှဉ်ပြိုင်မှုအင်မတန်ပြင်းထန်သည့် ယနေ့ကမ္ဘာတွင် မိမိတို့နောက်ကျမကျန်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက အခြေခံပညာ မူလတန်းကျောင်းများတွင် တိုင်းရင်းသားဘာသာ၊ တိုင်းရင်းသားစာ သင်ကြားပေးနိုင်ရေးအတွက် တိုင်းရင်းသား ဘာသာဆရာလက်စွဲစာအုပ်များ၊ တိုင်းရင်းသားဘာသာသင်ခန်းစာများကို ရေးသားပြုစုနေကြပြီ ဖြစ်ကြောင်း၊ သင်ကြားရေးအတွက် အဓိကအခရာဖြစ်သည့် တိုင်းရင်းသားဘာသာပြဆရာ ဆရာမများအဖြစ် လေ့ကျင့်ပျိုးထောင်ပေးရန် စီစဉ်ထားပြီးဖြစ်ရာ ဝါသနာလည်းပါ၊ စေတနာလည်းထားပြီး တိုင်းရင်းသားဘာသာကို ကျွမ်းကျင်စွာ သင်ကြားပေးနိုင်မည့် အရည်အချင်းပြည့်မီသည့် ဒေသခံတိုင်းရင်းသားများအား ဦးစားပေးရွေးချယ်ပြီး ခန့်အပ်တာဝန်ပေးမည် ဖြစ်ကြောင်း၊ အခြားသော တိုင်းရင်းသားစာပေများ ကျန်ရှိနေကြောင်း ဆက်သွယ်လာပါက သက်ဆိုင်ရာတိုင်းရင်းသားဘာသာကျွမ်းကျင်သူများနှင့် ညှိနှိုင်းပြီး ကျောင်းသုံးစာအုပ်များထဲတွင်ပါသည့် သင်ခန်းစာများကို ပြုစုသွားမည်ဖြစ်ကြောင်း၊ ဆောလျင်စွာ သင်ကြားပေးနိုင်ရေးအတွက် ပညာရှင်များကလည်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ပေးကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတက ခန်းမအတွင်း ခင်းကျင်းပြသထားသည့် တိုင်းရင်းသားဘာသာဖြင့် ပြုစုထားသည့်စာအုပ်များကိုလှည့်လည်ကြည့်ရှုသည်။**(အပေါ်ပုံ)**

ယနေ့အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လူမှုရေးဝန်ကြီးများ၊ ပါမောက္ခချုပ်များ၊ ကျောင်းသုံးစာအုပ်များကို သက်ဆိုင်ရာတိုင်းရင်းသားဘာသာစကားဖြင့် ပြုစုသည့် ဆရာ ဆရာမများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

ကန်ပေါက်ကမ်းလွန်သဘာဝဓာတ်ငွေ့ ပိုက်လိုင်းပေါက်သဖြင့် စွမ်းအင်ဝန်ကြီးဌာနမှ အမြန်ပြုပြင်ဆောင်ရွက်လျက်ရှိ

နေပြည်တော် မတ် ၁

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန မြန်မာ့လျှပ်စစ် ဓာတ်အားလုပ်ငန်း ဓာတ်ငွေ့/ရေနွေးငွေ့စက်ရုံများဌာနအောက်ရှိ သထုံသဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံသို့ ဓာတ်ငွေ့ပေးပို့နေသော စွမ်းအင်ဝန်ကြီးဌာနမှ ကန်ပေါက်ကမ်းလွန် သဘာဝဓာတ်ငွေ့ပိုက်လိုင်းသည် ရေးနှင့် သံဖြူဇရပ်ကြား နှစ်ကရင်ကျေးရွာအနီး၌ ဖေဖော်ဝါရီ ၂၇ ရက် နံနက် ၁၀ နာရီခန့်တွင် ပိုက်လိုင်းပေါက်ခဲ့သဖြင့် သထုံဓာတ်အားပေးစက်ရုံမှ တာဘိုင်စက်သုံးလုံးအား ဖေဖော်ဝါရီ ၂၈ ရက် ည ၉ နာရီခန့်တွင် ဓာတ်အားထုတ်လုပ်မှုရပ်တန့်ခဲ့ရသည်။

ထိုသို့ သထုံဓာတ်အားပေးစက်ရုံမှ ဓာတ်အားပေးစက်များ ရပ်တန့်ခဲ့ရသဖြင့် လျှပ်စစ်ဓာတ်အား ၃၅ မဂ္ဂါဝပ်ခန့် လျော့နည်းကျဆင်းခဲ့ပြီး လိုအပ်သောဓာတ်အားကို နိုင်ငံတော်ဓာတ်အားစနစ်အတွင်းမှ ဓာတ်အားပို့လွှတ်ဖြန့်ဖြူးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်သည်။ ထိုသို့ ဓာတ်အားထုတ်လုပ်မှု လျော့နည်းခဲ့သဖြင့် မော်လမြိုင်မြို့နှင့် ဝန်းကျင်တွင် ဓာတ်အားသုံးစွဲနိုင်မှု အနည်းငယ် လျော့နည်းကျဆင်းမည်ဖြစ်သည်။

စွမ်းအင်ဝန်ကြီးဌာနမှ သဘာဝဓာတ်ငွေ့ပိုက်လိုင်းအား အမြန်ပြုပြင်ဆောင်ရွက်လျက်ရှိပြီး ပိုက်လိုင်းပြုပြင်ပြီးစီးပါက ဓာတ်အားဖြန့်ဖြူးမှုအား ပုံမှန်အတိုင်းဆက်လက် ပို့လွှတ်ဖြန့်ဖြူးပေးသွားမည် ဖြစ်ကြောင်း လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂-၃-၂၀၁၃ (စနေနေ့)

၇း၀၀ ပရိတ်တရားတော်
၇း၂၅ ကျန်းမာဖို့အတူကစားစို့
၈း၃၅ SEA Games လှုံ့ဆော်ရေး ဇာတ်လမ်းတို "ရွှေရောင်မျိုးဆက်" (ဇာနည်၊ ဇော်လင်းထွန်း၊ အိစိကွေး၊ သဥ္ဇာမြင့်မိုရ်) (ဒါရိုက်တာ- မျိုးထူး)
၁၁း၀၀ ရုပ်မြင်သံကြားအဖွင့်တေး
၁၁း၅၀ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၂း၂၅ ရုပ်မြင်ရသတေးစုကဏ္ဍ
၄း၃၅ ၂၀၁၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု ဘာသာရပ်ဆိုင်ရာသင်ခန်းစာ (အင်္ဂလိပ်ဘာသာရပ်)
၅း၅၀ ပြည်သူတို့ရဲ့စကားသံများ
၆း၂၀ အနုပညာရှင်နှင့် ရင်ခုန်စရာညချမ်း
၈း၀၀ ပြည်တွင်းသတင်း -နိုင်ငံတကာသတင်းများ -မိုးလေဝသအခြေအနေ -ပြည်ထောင်စုဖလား အားကစားပြိုင်ပွဲ တစ်နေ့တာမှတ်တမ်း -ပျော်ရွှင်စေသော နေ့ရက်များ "ကြောင်နှင့်ကြွက်" (အပိုင်း - ၁၀) (မြင့်မြတ်၊ သက်မွန်မြင့်) [ဒါရိုက်တာ-မေတင် **(MMG)**]

အောင်ဘာလေသိန်းဆုဖွင့်

ရန်ကုန် မတ် ၁

ပြည်တွင်းအခွန်များဦးစီးဌာန အောင်ဘာလေသိန်းဆုဌာနခွဲ၏(၂၉၀)ကြိမ်မြောက် အောင်ဘာလေသိန်းဆုဖွင့်ပွဲမှ ယနေ့ထွက်ပေါ်လာသော ဆုကြီးများစာရင်းမှာ အောက်ပါအတိုင်းဖြစ်သည်-

ကျပ်သိန်း (၁၅၀၀)ဆု၊ ရ - ၄၂၈၁၁၈
ကျပ်သိန်း (၁၀၀၀)ဆု၊ ဃ - ၇၈၃၆၂၄
ကျပ်သိန်း (၅၀၀)ဆု၊ ဈ - ၁၂၂၃၁၈
ကျပ်သိန်း (၃၀၀)ဆုများ၊ ဂ - ၅၅၂၆၇၅
လ - ၁၁၃၂၆၉
ကျပ်သိန်း (၂၀၀)ဆုများ၊ ည - ၂၈၀၈၆၅
ဃ - ၅၃၈၃၀၁
ပ - ၃၂၆၅၃၂

ကျပ်သိန်း (၁၀၀)ယူနစ် (မင်္ဂလာစုံတွဲစနစ်)ဆုမဲများ

ခ - ၂၃၅၅၁၄	ခ - ၅၃၆၄၅၈
ရ - ၄၀၅၂၆၈	အ - ၉၁၀၃၀၄
လ - ၈၂၈၂၄၉	န - ၅၁၉၅၆၇
ဃ - ၃၄၈၅၆၄	ဌ - ၄၈၈၄၂၃
ပ - ၉၆၂၃၆၆	ရှ - ၂၁၉၀၀၃
ဃ - ၆၀၆၉၅၃	ဇ - ၆၇၃၇၃၈
ဟ - ၄၅၉၂၉၁	ဝ - ၈၅၃၃၆၈
ဆ - ၅၃၇၄၂၂	

ကိုရီးယား April 10
စင်ကာပူ သီးသန့် Mar 24, Apr 13
ကမ္ဘောဒီးယား သီးသန့် Mar 23, Apr 13
ဟောင်ကောင် မကာအို၊ ကွမ်ကျိုး Mar 24, Apr 11,12
ဗန်ကောက် ပတ္တရား အယုဒ္ဒယ Mar 24, Apr 12,13
စင်ကာပူ မလေးရှား Mar 24, Apr 12,13
ကမ္ဘောဒီးယား ဗီယက်နမ် Mar 23, Apr 10,13
တရုတ် (ကူမင်း၊ ရှန်ဟိုင်း၊ ဝိကင်း) Mar 23, Apr 11,13
First Choice Travel & Tour
09-4210 69966
09-517 1301
09-730 59081

STT SPECIAL TRIP TRAVEL & TOUR CO.,LTD
April 13 - April 16 / Flight (2 Ways), Hotel (3 Nights)
CAR RENTAL SERVICES
Mar-23/Apr-13
Mar-22/Apr-12
Mra-22/Apr-12
April - 12
Apr- 13
Apr- 12
Apr- 13
Apr- 12
(Chang Rai) FLIGHT TRIP
No. 482,1F, LMD/ 01-210656, 0973255094, 095197380, 095081091

HERE IS ...
Optimum Way
MANAGEMENT & DEVELOPMENT RESOURCE CENTRE
• Human Resource Management
• Customer Realationship Management
• Office Management
Great Deal
10% Discount
Principles of Management Course
10% Discount
e-mail: optimumwaycentre@gmail.com
10% Discount

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် အနာဂတ်မျှော်မှန်းချက်

ဆုသပြေ

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကို နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး မဏ္ဍိုင်(၃)ရပ် ဟန်ချက်ညီအောင် ဆောင်ရွက်မှုဖြင့် ရေရှည်တည်တံ့ခိုင်မြဲအောင် တည်ဆောက်လျက်ရှိကြသည်။ ကမ္ဘာ့နိုင်ငံအများစုတွင် နိုင်ငံရေးကို တည်ငြိမ်အောင် ဦးစွာဆောင်ရွက်ပြီးမှ စီးပွားရေးနှင့် လူမှုရေးကို တစ်ဆင့်ပြီးတစ်ဆင့် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လေ့ရှိကြသည်ကို လွန်ခဲ့သောဆယ်စုနှစ်များအတွင်း ကမ္ဘာ့နိုင်ငံအချို့၏ဖြစ်စဉ်များကို လေ့လာလျှင် တွေ့ရှိရမည်ဖြစ်သည်။

ယနေ့ မြန်မာနိုင်ငံ၏ထူးခြားချက်မှာ နိုင်ငံရေးအရ စီးပွားရေးပိတ်ဆို့မှုခံခဲ့ရသည့်အတွက် စီးပွားရေးနှင့် လူမှုရေးမှာ ရှေ့သို့မတက်နိုင်ဘဲဖြစ်ခဲ့ရာမှ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ခဲ့သည့်အတွက် အသွင်ကူးပြောင်းရေးကာလတစ်ခုမှာ အရှိန်အဟုန်ပြင်းစွာဖြင့် ရှေ့သို့ဦးတည် ပြောင်းလဲလျက်ရှိသည်။ ယင်းသို့ ပြုပြင်ပြောင်းလဲမှုများကို ပြည်တွင်းပြည်ပမှ ဆက်သွယ်လုပ်ဆောင်မှု၊ မီဒီယာမျိုးစုံတွင် ဖော်ပြမှုများမှတစ်ဆင့် ငြင်းဖွယ်မရှိအောင် သိသာထင်ရှားစွာ တွေ့မြင်ရမည်ဖြစ်သည်။

နိုင်ငံတကာအစိုးရများနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများက မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုများအပေါ် အသိအမှတ်ပြုမှုနှင့်အတူ စီးပွားရေးဆိုင်ရာ ဆက်သွယ်လုပ်ကိုင်နိုင်မည့် လမ်းစပေါ်ပေါက်နိုင်ရန် စီးပွားရေးပိတ်ဆို့မှုများကို တဖြည်းဖြည်းချင်း လျှော့ချဖော်ဆောင်ပေးခဲ့ကြသည်။ ယင်းအခြေအနေထိ ရောက်ရှိအောင် နိုင်ငံတော်နှင့်အတူ ပြည်တွင်းပြည်ပရှိ မိမိတို့နိုင်ငံသား စီးပွားရေး၊ လူမှုရေးစသည့် အဖွဲ့အစည်းများအပြင် ပုဂ္ဂလိက တစ်ဦးချင်းအနေနှင့် ပူးပေါင်း၍ဖြစ်စေ၊ သီးခြားဖြစ်စေ ပူးပေါင်းဆောင်ရွက်မှုများရှိခဲ့ကြသည်။ ထိုအချက်ကို သတိပြုမိသည်ဖြစ်စေ၊ မပြုမိသည်ဖြစ်စေ လက်ခံကြရပါမည်။ ထိုသို့ဆောင်ရွက်ရာတွင် ပြည်သူ့အကျိုးမျှော်မှန်း၍ ရေရှည်အကျိုးစီးပွား မျှော်မှန်းဆောင်ရွက်ခြင်းများရှိသကဲ့သို့ ရေတိုအကျိုးစီးပွားဖြစ်သည့် လက်ငင်းအကျိုးအမြတ်ရရှိနိုင်မည့် Quick Win စီမံချက်များကိုလည်း ဖော်ဆောင်ရန် လိုအပ်လာပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လူ့စွမ်းအားအရင်းအမြစ်၊ နည်းပညာ၊ အတတ်ပညာဆိုင်ရာကျွမ်းကျင်မှုများ လိုအပ်သည်ဖြစ်ရာ အဆိုပါလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်မည့် ရင်းနှီးမြှုပ်နှံရန် ငွေကြေးများလုံလောက်မှုမရှိသဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကိုဆွဲဆောင်ရန် လိုအပ်လာခဲ့သည်။ ထိုသို့ဆွဲဆောင်ရာတွင် (၁) ဥပဒေပိုင်းဆိုင်ရာ မူဘောင်ချမှတ်ခြင်း (Legal Framework)နှင့် ဥပဒေစိုးမိုးရေး(Rule of Law)၊ (၂) အခြေခံအဆောက်အအုံ အားကောင်းခြင်း၊ (၃) ခံစားခွင့်များပေးခြင်း (Incentives)၊ (၄) နိုင်ငံရေးအရ ငြိမ်သက်မှုရှိခြင်း (Political stability)၊ (၅) အိမ်နီးချင်းနိုင်ငံများနှင့် ယှဉ်ပြိုင်နိုင်စွမ်းအားပြည့်မီခြင်း (Compitativeness with neighbour)၊ (၆) လူမှုပတ်ဝန်းကျင်အပေါ် တာဝန်ယူမှုရှိခြင်းစသည့်အချက်များကို အားဖြည့် ဆောင်ရွက်ကြရပါမည်။

ယခုမြန်မာနိုင်ငံ၏ နိုင်ငံရေးအသွင်ကူးပြောင်းစကာလတွင် ပြည်ပနိုင်ငံအသီးသီးမှ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် ဆန္ဒရှိကြသည်ဆိုသော်လည်း အမှန်တကယ်မြေပြင်၌ လက်တွေ့အနေအထားအရ မျှော်မှန်းသလောက် ခရီးပေါက်ရောက်ခြင်းမရှိသေးသည်ကို အောက်ဖော်ပြပါ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ခွင့်ပြုမိန့်ပေးခဲ့သည့် လုပ်ငန်းအရေအတွက် ကိန်းဂဏန်းကို လေ့လာကြည့်လျှင် သိသာထင်ရှားစွာ တွေ့မြင်ရမည်ဖြစ်သည်။

ဖော်ပြပါဇယားအရ ရင်းနှီးမြှုပ်နှံရန် ခွင့်ပြုသည့်လုပ်ငန်းနှင့် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နေသော လုပ်ငန်းတို့၏ ကိန်းဂဏန်းကွာဟမှုကိုကြည့်ခြင်းဖြင့် သတိမူသင့်ပါသည်။ မိမိတို့နိုင်ငံတော်ဘက်မှ ခွင့်ပြုထားသည့်တိုင် အချို့ခွင့်ပြုမိန့်ရရှိပြီး လုပ်ငန်းရှင်တိုင်း ဝင်ရောက်လုပ်ကိုင်မှု နှောင့်နှေးနေသည်မှာ စဉ်းစားဖွယ်ရာဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံသူဘက်မှ ပျက်ကွက်ခြင်း၊ ချို့ယွင်းခြင်း လိုအပ်ချက်များ ရှိနိုင်သလို မိမိနိုင်ငံဘက်မှလည်း လိုအပ်ချက်များရှိနိုင်ပါသည်။ မြန်မာနိုင်ငံ၏ ပြည်ပရင်းနှီးမြှုပ်နှံမှုများကြောင့် အလုပ်အကိုင်ဖန်တီးနိုင်သည့် အခွင့်အလမ်းမှာ "အသံသာကြား၍ အဆန်မပါသည့် သကြ်န်အမြောက်" ပမာဖြစ်နေကြောင်း တွေ့မြင်ရမည်ဖြစ်သည်။

ရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်နိုင်သည့် Legal Framework သည် ပြည်သူများ၏ အကျိုးစီးပွားအပေါ်အခြေခံသော၊ နိုင်ငံသားလုပ်ငန်းရှင်နှင့် နိုင်ငံခြားသားလုပ်ငန်းရှင်များ၏ အကျိုးစီးပွားအပေါ် အခြေမခံသော ဥပဒေတစ်ရပ်ဖြစ်သင့်သည်။ ပြည်သူ့လွှတ်တော် ဥပဒေရေးရာကော်မတီတွင် ကနဦး FDI ဥပဒေမူကြမ်း ဆွေးနွေးချိန်၌ မြန်မာနိုင်ငံအထည်ချုပ် လုပ်ငန်းရှင်များအသင်းက နိုင်ငံခြားသားနှင့် ရာနှုန်းပြည့် သို့မဟုတ် ဖက်စပ်လုပ်ကိုင်နိုင်ခြင်းအပေါ် ပြည်သူအများစု အလုပ်အကိုင်ရရှိရေးအပေါ်အခြေခံ၍ ကန့်ကွက်ရန်မရှိကြောင်း ဆွေးနွေးတင်ပြခဲ့သည်ကို မှတ်တမ်းများအရ လေ့လာသိရှိရပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ဥက္ကဋ္ဌ ဦးဝင်းအောင်က နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအပေါ် "ဒီဥပဒေမှာ အလွှာအသီးသီးနဲ့ အဆင့်အတန်းမျိုးစုံမှ မြန်မာနိုင်ငံသားအများစု ပါဝင်ဆောင်ရွက်နိုင်ခွင့်ရရှိမှာဖြစ်သလို နည်းပညာ၊ ငွေကြေး၊ အရင်းအနှီးနဲ့ နိုင်ငံတကာဈေးကွက်ကို ထိုးဖောက်နိုင်တဲ့ နိုင်ငံတကာမှ လုပ်ငန်းရှင်များနဲ့ အကျိုးတူဖက်စပ် လုပ်ကိုင်နိုင်စွမ်းရှိမှာဖြစ်ပါတယ်။

မိမိတို့ဘက်က အားနည်းချက်ရှိတဲ့အပိုင်းများအတွက် အားသာချက်ရှိသူတွေနဲ့ပေါင်းစပ်ပြီး နိုင်ငံတကာဈေးကွက်နဲ့ စီးပွားရေးနယ်ပယ်ထဲကို ဝင်ရောက်နိုင်ခွင့် ရှိမှာဖြစ်ပါတယ်။ တစ်နည်းအားဖြင့် စွမ်းအားရှိတဲ့လုပ်ငန်းရှင်တွေအပြင် စွမ်းအားလိုအပ်ချက်ရှိတဲ့ လုပ်ငန်းရှင်တွေအတွက်လည်း နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံလာကြမယ့် လုပ်ငန်းရှင်တွေနဲ့ ဖက်စပ်လုပ်ကိုင်နိုင်စွမ်း ရှိလာမှာ ဖြစ်ပါတယ်။

ဒါမှသာလျှင် ကျွန်တော်တို့ရဲ့ နိုင်ငံသား အသေးစား၊ အလတ်စား စက်မှုလက်မှုလုပ်ငန်း (SME) များ ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်သလို SME ကို မှီခိုအားထားနေရတဲ့ အခြေခံကျတဲ့ နိုင်ငံသားပြည်သူများရဲ့ လူနေမှုအဆင့်အတန်းလည်း တိုးတက်မြင့်မားလာမှာ ဖြစ်ပါတယ်။

ဒီဥပဒေအရ ပါဝင်ဆောင်ရွက်နိုင်ခွင့် စွမ်းဆောင်ရည်နှင့် စီးပွားရေးဗျူဟာ အားသာချက်/ အားနည်းချက်အပေါ်မူတည်ပြီး တစ်ဖက်က လုပ်ဖော်ကိုင်ဖက် ဖက်စပ်လုပ်ကိုင်ကြမည့် နိုင်ငံတကာလုပ်ငန်းရှင်များနဲ့ လိုအပ်သလို ညှိနှိုင်း၍ ဖက်စပ်ပူးတွဲဆောင်ရွက်သွားနိုင်မှာဖြစ်လို့ ဝမ်းမြောက်စွာကြိုဆိုပါတယ်" ဟူ၍ မှတ်ချက်ပြုခဲ့ပါသည်။

လက်ရှိမြန်မာနိုင်ငံ၏ အခြေအနေမှာ နိုင်ငံရေးတိုးတက်ပြောင်းလဲမှု အတိုင်းအတာတစ်ခုသို့ ရောက်ရှိနေပြီဖြစ်၍ ယနေ့အချိန်ကာလသည် စီးပွားရေးမူဝါဒများ၊ လမ်းစဉ်များချမှတ်ပြီး လူမှုရေးတာဝန်ယူမှုရှိသော စီးပွားရေးကဏ္ဍကို တစ်ရှိန်ထိုးတိုးတက်အောင် ဆောင်ရွက်နေရသည့် အချိန်ဖြစ်သည်။ စိန်ခေါ်မှုအထူးကြီးမားသော (Huge Challange) ကာလလည်း ဖြစ်သည်။ တစ်ပြည်လုံး အတိုင်းအတာနှင့်ကြည့်လျှင် အလုပ်လက်မဲ့များရှိနေသည့်အတွက် အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်မှုသည် အထူးအရေးကြီးသော အချက်တစ်ခုဖြစ်နေပြီး ယင်းဖန်တီးပေးနိုင်မှု အလားအလာမှာလည်း မိမိနိုင်ငံ၏ ဖိတ်ခေါ်မှုအတိုင်းအတာ အတိမ်အနက်ပေါ် မူတည်နေပါသည်။

အရည်အသွေးပြည့်မီသော၊ တာဝန်ယူမှုရှိသော၊ ကမ္ဘာအသိအမှတ်ပြု စံချိန်စံညွှန်းနှင့် လုပ်ကိုင်နေသော၊ အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်သော၊ နည်းပညာဖြန့်ဝေပေးနိုင်သော မည်သည့်လုပ်ငန်းများဖြစ်စေ၊ မည်သည့်ပုံသဏ္ဌာန်နှင့် လာရောက်လုပ်ကိုင်မည်ဖြစ်စေ အဓိကအရေးကြီးသည်မှာ နည်းခြင်း၊ များခြင်းဆိုသည်ထက် မိမိတိုင်းပြည်နှင့် လူမျိုးအကျိုးစီးပွားကိုမျှော်မှန်း၍ လက်ခံခြင်းဖြစ်သဖြင့် ကြီးကြပ်မှု Monitoring စနစ်တကျထားရှိရန် လိုအပ်ပါသည်။ ကန့်သတ်ခြင်း Protection အစား Facilitate အားပေးမှု ပြုလုပ်ခြင်းဖြင့် Monitoring ပြုလုပ်ပေးရန် လိုအပ်ပါသည်။

မြန်မာနိုင်ငံသည် အခြားသောနိုင်ငံများကဲ့သို့ မဏ္ဍိုင်တစ်ခုစီကို တဖြည်းဖြည်းချင်း တည်ဆောက်သွားနိုင်သည့် အနေအထားမျိုး ရှိမနေပါ။ လူမှုရေးတာဝန်ယူမှုရှိသော စီးပွားရေးပတ်ဝန်းကျင်ကို အကောင်အထည်ဖော်ရာ၌ မိမိတို့၏ နည်းပညာအင်အား နည်းပါးခြင်း၊ အတွေ့အကြုံနည်းပါးခြင်းတို့နှင့်အတူ တစ်နိုင်ငံလုံးအတိုင်းအတာနှင့် တစ်ဟုန်ထိုးဆောင်ရွက်နိုင်သော ငွေကြေးအင်အား အကန့်အသတ်ရှိနေခြင်းတို့အပေါ် အခြေခံ၍ တွက်ဆကြည့်လျှင် ပြည်ပရင်းနှီးမြှုပ်နှံမှုများက အရေးကြီးသော ကဏ္ဍတစ်ရပ်ပါဝင်နေသည်ကို သတိပြုမိကြမည်ဖြစ်ပါသည်။ ဖော်ပြပါ အားနည်းချက်များကို ပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများက ထောက်ပံ့ကူညီပေးနိုင်သည်မှာ ငြင်းဖွယ်ရာမရှိသော အချက်ဖြစ်ပါသည်။

အိမ်နီးချင်းတရုတ်နိုင်ငံကို လေ့လာကြည့်လျှင် လွန်ခဲ့သည့် (၁၀)နှစ်တာကာလတွင် စီးပွားရေးကို တစ်ဟုန်ထိုးတိုးတက်အောင် ဆောင်ရွက်ခဲ့၍ နိုင်ငံရေး၊ လူမှုရေး နောက်ကျနေခဲ့ရာမှ ယခုစီးပွားရေး အထူးအောင်မြင်လာသောအခါ လက်ရှိဥပဒေ၊ မူဝါဒများကိုပြင်ဆင်ပြီး လူမှုရေး၊ နိုင်ငံရေးတိုးတက်ပြောင်းလဲလာအောင် စတင်ဆောင်ရွက်နေသည်ကို လေ့လာတွေ့ရှိနိုင်ပါသည်။ ဗီယက်နမ်နိုင်ငံကို လေ့လာကြည့်လျှင်လည်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများနှင့် တွန်းတင်ခဲ့ပြီး အောင်မြင်မှုအနေအထားတစ်ခု ရောက်နေသောအခါ တစ်ဖက်မှ လူမှုရေးအတွက် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်လာခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။ ဆက်လက်၍ တစ်ဖက်မှလည်း ရင်းနှီးမြှုပ်နှံမှုများကို ပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းပေါ်မူတည်၍ ပြင်ဆင်လုပ်ကိုင်လျက်ရှိနေသေးကြောင်း လေ့လာသိရှိရပါသည်။

နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတိုးတက်ဖွံ့ဖြိုးရန် ဆောင်ရွက်ခြင်းသည် လုပ်ငန်းဖြစ်စဉ် Process တစ်ခုဖြစ်၍ အချိန်ယူရပါသည်။ Need Trust in the Process, need trust in the person ဆိုသည့်အတိုင်း လုပ်ငန်းဖြစ်စဉ် Process ကို ယုံကြည်မှုရှိရန် လိုအပ်သကဲ့သို့ အကောင်အထည်ဖော်နေသူများကိုလည်း ယုံကြည်မှုရှိနေသင့်ပါသည်။ တိုင်းပြည်နှင့် လူမျိုးကိုချစ်ကြသည်ဆိုရာ၌ ချဉ်းကပ်နည်းများ မတူညီကြသည်မှာ ပြစ်မှုတစ်ခုကို ကျူးလွန်ကြခြင်း မဟုတ်ပါ။ တူညီသောရည်မှန်းချက် Common Goal တစ်ခုရှိရန်သာ လိုအပ်ပါသည်။ ရရှိသော ရလဒ်တူရန်သာ အရေးကြီးပါသည်။ မည်သည့်ပုံသဏ္ဌာန်ဖြင့် ဝင်ရောက်လာသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းပင်ဖြစ်စေ တိုင်းရင်းသားပြည်သူများ၏ လူမှုအဖွဲ့အစည်းများနှင့် လူတန်းစားအသီးသီး၏ စီးပွားရေးအဖွဲ့အစည်းများ၏ အကျိုးသက်ရောက်မှု အတိုင်းအတာအပေါ် မူတည်၍ လေ့လာစောင့်ကြည့်သင့်ပါသည်။ လူနည်းစု၏ဆန္ဒလိုလားချက်အစား ပြည်သူအများကောင်းကျိုးရရှိရေး၊ ဆန္ဒလိုလားချက်ကို ဦးတည်စဉ်းစားဆုံးဖြတ်လျှင် မှန်ကန်သောဆုံးဖြတ်ချက်ဘက်သို့ နီးစပ်လိမ့်မည်ဟု ယုံကြည်ပါသည်။

ကန့်သတ်ခြင်း Protection ၏ အကျိုးသက်ရောက်မှုသည် လားရာအမျိုးမျိုး ရှိနိုင်ပါသည်။ ပြည်သူအများစု ဖွံ့ဖြိုးရေးကို Protection လုပ်မိသည့်အသွင်မဖြစ်ရန်သာ အရေးကြီးပါသည်။ ပြည်တွင်းလုပ်ငန်းရှင်များ၏ လုပ်ငန်းများကို အရင်းအနှီးကြီးမားသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများက ကြီးစိုးလွှမ်းမိုးသွားပါက လုပ်ငန်းငယ်များ တိမ်မြုပ်ပျောက်ကွယ်သွားမည်ကို အကြီးအကဲများက စိုးရိမ်ပူပန်သည်မှာ သဘာဝကျပါသည်။

အခြေအနေအရပ်ရပ်ကို အဘက်ဘက်မှသုံးသပ်လျှင် ထိုသို့ Protection လုပ်ခြင်းကြောင့် အသွင်သဏ္ဌာန်အမျိုးမျိုးနှင့် လာရောက်ကြသည့် ပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအပေါ် ရိုက်ခတ်မှုရှိနိုင်မည်လားဟု စဉ်းစားဖွယ်ရာရှိပါကြောင်း ရေးသားလိုက်ရပါသည်။ ။

မည်သည့်ပုံသဏ္ဌာန်ဖြင့် ဝင်ရောက်လာသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းပင်ဖြစ်စေ တိုင်းရင်းသားပြည်သူများ၏ လူမှုအဖွဲ့အစည်းများနှင့် လူတန်းစားအသီးသီး၏ စီးပွားရေး အဖွဲ့အစည်းများ၏ အကျိုးသက်ရောက်မှု အတိုင်းအတာအပေါ် မူတည်၍ လေ့လာ စောင့်ကြည့်သင့်ပါသည်။ လူနည်းစု၏ဆန္ဒလိုလားချက်အစား ပြည်သူအများကောင်းကျိုး ရရှိရေး၊ ဆန္ဒလိုလားချက်ကို ဦးတည်စဉ်းစားဆုံးဖြတ်လျှင် မှန်ကန်သောဆုံးဖြတ်ချက် ဘက်သို့ နီးစပ်လိမ့်မည်ဟု ယုံကြည်ပါသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ရင်းနှီးမြှုပ်နှံမှုဥပဒေများအရ ခွင့်ပြုမိန့်ထုတ်ပေးခဲ့သည့် လုပ်ငန်းများအရေအတွက် ရင်းနှီးမြှုပ်နှံမှုတန်ဖိုးနှင့် အလုပ်အကိုင်အခွင့်အလမ်းရရှိမှုအခြေအနေ

စဉ်	အကြောင်းအရာ	နိုင်ငံသားများရင်းနှီးမြှုပ်နှံမှု			နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု		
		ခွင့်ပြုသည့် လုပ်ငန်း အရေအတွက်	ရင်းနှီးမြှုပ်နှံမှု တန်ဖိုး (ကျပ်သန်းပေါင်း)	အလုပ်အကိုင် အခွင့်အလမ်း ရရှိမှု(ဦးရေ)	ခွင့်ပြုသည့် လုပ်ငန်း အရေအတွက်	ရင်းနှီးမြှုပ်နှံမှု တန်ဖိုး (US$ သန်းပေါင်း)	အလုပ်အကိုင် အခွင့်အလမ်း ရရှိမှု(ဦးရေ)
၁	၂၀၁၁-၂၀၁၂ ခုနှစ် (ဧပြီလမှ မတ်လအထိ)	၃၄	၂၄၂၂၃၀.၁၇၀	၉၁၇၅	၁၃	၄၆၄၄.၄၆၀	၇၂၇၉
၂	၂၀၁၂-၂၀၁၃ ခုနှစ် (ဧပြီလမှဇန်နဝါရီလအထိ)	၄၃	၃၈၃၇၈၆၃.၅၈၀	၁၁၄၇၅	၇၈	၁၁၄၂.၉၆၅	၅၇၀၄၇
	စုစုပေါင်း	၇၇	၄၀၈၀၀၉၃.၇၅၀	၂၀၆၅၀	၉၁	၅၇၈၇.၄၂၅	၆၄၃၂၆

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်း လွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်သည့်အတိုင်း အတည်ပြု

နေပြည်တော် မတ် ၁

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ကို ယနေ့တွင် အစီအစဉ်(၁၃)ခုဖြင့် ကျင်းပသည်။

အစည်းအဝေးတွင် **၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့် နောက်ဆက်တွဲ ၂(က)ပါ စီမံကိန်းအကြောင်းအရာ ပြင်ဆင်ချက်များ**နှင့်စပ်လျဉ်းပြီး တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်းဆွေးနွေးကြပြီး လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူအတည်ပြုသည်။

ကာကွယ်ရေးဝန်ကြီးဌာန၏ လုပ်ငန်းစီမံကိန်းများနှင့် ရင်းနှီးမြှုပ်နှံမှု လျာထားချက်တန်ဖိုးအား ဌာန၊ အဖွဲ့အစည်းအားလုံးအတွက် လျာထားချက်တန်ဖိုး၏ (၁၇)ရာခိုင်နှုန်းအထိ လျှော့၍ ခွင့်ပြုသင့်ကြောင်း ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးစတီဗင်သာဘိတ်က အဆိုတင်သွင်းထားသော်လည်း ကန့်ကွက်ဆန္ဒမဲများသည့်အတွက် မူလပြဋ္ဌာန်းချက်အတိုင်း အတည်ပြုခဲ့သည်။

ကာကွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်က ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ကာကွယ်ရေးဝန်ကြီးဌာန ဘတ်ဂျက်လျာထားရာတွင် ကာကွယ်ရေးဌာန အမှုဆောင်အဖွဲ့သို့ စတင်တင်ပြလျာထားငွေမှာ ကျပ်(၂၂၇၅ ဒသမ ၄) ဘီလီယံဖြစ်ခဲ့ပြီး ပထမဦးစားပေးလျာထားငွေ၌ ကျပ်(၂၂၀၅ ဒသမ ၁)ဘီလီယံရှိ၍ (၇၀ ဒသမ ၅၄)ဘီလီယံ စတင်လျှော့ခဲ့ပါကြောင်း၊ ထပ်မံ၍ (၈ ဒသမ ၁၁) ရာခိုင်နှုန်း လျှော့ချခဲ့ခြင်းကြောင့် ကျပ်(၂၀၂၆ ဒသမ ၂)ဘီလီယံဖြစ်ခဲ့ပြီး (၁၇ ဒသမ ၈၈) ဘီလီယံလျှော့ချခဲ့ကာ ယခုနောက်ဆုံး ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရန်လျာထားငွေမှာ ကျပ်(၂၀၅၀ ဒသမ ၆)ဘီလီယံဖြစ်ပါကြောင်း၊ စတင်လျာထားငွေထက် ကျပ်(၂၂၄ ဒသမ ၈) ဘီလီယံလျော့နည်းကွာခြားခဲ့ပြီးဖြစ်ပါကြောင်း။

ကာကွယ်ရေး ဝန်ကြီးဌာန၏ ၂၀၁၃-၂၀၁၄ ခုနှစ် ဘတ်ဂျက်လျာထားငွေမှာ နိုင်ငံခြားငွေဖြင့် တွက်ချက်ပါက အမေရိကန်ဒေါ်လာ (၂ ဒသမ ၄၁၂)ဘီလီယံသာ ရှိပါကြောင်း၊ ထို့ကြောင့် မများဟုတင်ပြလိုပါကြောင်း၊ ယခုတင်ပြသော ကာကွယ်ရေးအသုံးစရိတ်ဆိုသည်မှာ လုပ်ငန်းသဘောအရ ဘတ်ဂျက်သဘောအရ ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ခံဆောင်ရွက်ရသည်ဖြစ်သော်လည်း အမှန်တကယ်တွင် ပြည်ထောင်စုဖွား တိုင်းရင်းသားလူမျိုးအသီးသီးအပါအဝင် နိုင်ငံသားအားလုံးနှင့်သက်ဆိုင်သော အမျိုးသားရေးတာဝန်ဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးအတွက် လိုအပ်သောအသုံးစရိတ်ဖြစ်သည်ကို တင်ပြလိုပါကြောင်း၊ ပြည်သူ့ဘဏ္ဍာငွေ အသုံးစရိတ်များကို သုံးစွဲရာတွင်လည်း ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနမှ ပြဋ္ဌာန်းထားသော ဘဏ္ဍာရေး ကျင့်စဉ်များနှင့်အညီ စနစ်တကျ စိစစ်သုံးစွဲလျက်ရှိပါကြောင်း၊ ကာကွယ်ရေးဆိုင်ရာ

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့သို့ တက်ရောက်ကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

ဘတ်ဂျက်အနေဖြင့် ပြည်ထောင်စုချုပ် အသုံးစုစုပေါင်း၏(၁၂ ဒသမ ၃၈) ရာခိုင်နှုန်းရှိသည့် တစ်နည်းအားဖြင့် ပြည်တွင်းအသားတင် ထုတ်ကုန်တန်ဖိုး ဂျီဒီပီ၏(၃ ဒသမ ၄၇) ရာခိုင်နှုန်းကိုသာ အသုံးပြုမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

ဒိုက်ဦး မဲဆန္ဒနယ်မှ ဦးမင်းဆွေ။

နေပြည်တော် ကောင်စီ၏ ဆောင်ရွက်ဆဲလုပ်ငန်းများ၏ စီမံကိန်းတန်ဖိုး ကျပ်သန်း(၁၇၈၃၀၀ ဒသမ ၄၈၅)အနက်မှ (၃၀) ရာခိုင်နှုန်းနှင့်ညီမျှသော ကျပ်(၅၃)ဘီလီယံ လျှော့ချခွင့်ပြုပြီး ယင်းလျှော့ချငွေမှ ကျပ်(၃၃)ဘီလီယံကို ဒေသနယ်မြေများ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေအတွက် လွှတ်တော်ရုံး၏ စီမံကိန်းငွေလုံးငွေရင်းရန်ပုံငွေတွင် လျာထားရန်နှင့် ကျန်ငွေကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး စီမံကိန်းများတွင် ပြောင်းရွှေ့သုံးစွဲရန် သဘောတူခဲ့သည်။

ထို့နောက် **၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်း** တစ်ရပ်လုံးအား လွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်သည့် အတိုင်း အတည်ပြုသည်။ အမျိုးသားစီမံကိန်း ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးအတည်ပြုဆုံးဖြတ်ချက်များအပေါ် ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးမင်းဆွေက "သက်ဆိုင်ရာဌာနတွေကတင်ပြလာတဲ့ ဘတ်ဂျက်လျာထားငွေတွေကို လွှတ်တော်မှာ ဖြတ်တယ်၊ တောက်တယ်ဆိုတာ မဟုတ်ပါဘူး။ တစ်ဦးတစ်ယောက်တည်း လုပ်တာမဟုတ်ပါဘူး။ ကော်မတီအနေနဲ့ အစုအဖွဲ့အနေနဲ့ စနစ်တကျစိစစ်ဆောင်ရွက်တာဖြစ်ပါတယ်။ အခု အမျိုးသားစီမံကိန်းနဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနက ကားတွေဝယ်ဖို့တင်ပြတောင်းခံလာတာက မနှစ်က ဘတ်ဂျက်မှာ တောင်းခံပြီးသားကို ဘတ်ဂျက်သုံးစွဲခွင့်ရှိတဲ့ကာလအတွင်းမှာ အချိန်မီဝယ်ယူနိုင်ခြင်းမရှိလို့ လျာထားငွေကို နိုင်ငံတော်ကိုပြန်သွင်းပြီး ယခုနှစ်မှာဝယ်ယူဖို့ ထပ်မံတင်ပြခြင်းဖြစ်တယ်လို့ တင်ပြတာကို အခုမှသိရတယ်။ အခု မဲခွဲဆုံးဖြတ်တဲ့အပေါ်မှာလည်း ကျေနပ်မှုရှိပါတယ်။ ပြည်ထောင်စုလွှတ်တော်က ကိုယ်စားလှယ်အားလုံးလည်း နားလည်လက်ခံသွားတဲ့အတွက် ကျွန်တော့်အနေနဲ့ လက်ခံနိုင်ပါတယ်။ ကျွန်တော်တို့အနေနဲ့ လွှတ်တော်မှာ လွတ်လပ်စွာမေးမြန်းခွင့်ရှိတယ်။ ကျွန်တော်တို့မှာ ပါတီစွဲ၊ ဝါဒစွဲ၊ ဒေသစွဲ ဘာမှမရှိဘူး။ အားလုံး ညှိနှိုင်းဆောင်ရွက်ကြတယ်။ ဝန်ကြီးဌာနတွေ အပေါ်မှာလည်း ကျေနပ်မှုရှိရင် ကျွန်တော်တို့ရဲ့အဆိုကို ပြန်ရုပ်သိမ်းပေးပါတယ်။ အဓိကကတော့ လွှတ်တော်ကိုယ်စားလှယ်ဆိုတာ ပြည်သူတွေရဲ့အကျိုးစီးပွားကို ရှေးရှုဆောင်ရွက်ကြတာပါ။ ပြည်သူတွေစားဝတ်နေရေးပြေလည်မှ တရားဥပဒေစိုးမိုးမှုရှိမယ်။ ပြည်သူတွေချမ်းသာမှ၊ ဥပဒေစိုးမိုးမှုရှိမှ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မယ်။ ဒါတွေကို အဓိကထားလုပ်ဆောင်နေကြတာဖြစ်ပါတယ်"ဟု ပြောပြသည်။

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဆိုင်ပေါင်းနပ်က "ဒီကားဝယ်ယူရေး ကိစ္စဟာ ကျွန်တော်တို့ တိုင်းပြည်အတွက် တကယ်လိုအပ်ပါတယ်။ အခြားတိုင်းပြည်တွေနဲ့ နှိုင်းယှဉ်ရင် နည်းသေးတယ်လို့ ပြောချင်ပါတယ်။ တိုင်းပြည်ရဲ့ ဥပမိရုပ်လည်း ထိခိုက်တယ်။ အညတရဖြစ်တယ်လို့ကြေညာတဲ့သဘောမျိုးလိုပေါ့။ ဒါ့ကြောင့် ကျွန်တော့်အနေနဲ့ ဝယ်သင့်တယ်လို့ ယူဆပါတယ်။ ဦးမင်းဆွေရဲ့ အမြင်ကိုလည်း မှားတယ်လို့မယူဆပါဘူး။ တိုင်းပြည်က တကယ်ကြိုးစားနေရတဲ့ အချိန်မှာ တဒင်္ဂကိစ္စလေးကိုပဲ အသုံးပြုမယ်ဆိုရင် ဆင်းရဲမွဲတေမှုလျှော့ချမယ့်ကိစ္စတွေမှာ အားနည်းသွားမယ်ဆိုပြီး သူ့အနေနဲ့ ဒါလေးကို ဆွေးနွေးတာပါ။ ဒါပေမယ့် ကျွန်တော် ခုနကပြောသလို နိုင်ငံခြားက ခေါင်းဆောင်တွေ ဒီကိုမကြာခဏလာတယ်။ ဒါ့ကြောင့် ဝယ်တော့ဝယ်သင့်ပါတယ်။ သူ့တို့ကားနဲ့သူတို့ လာရရင် ကျွန်တော်တို့နိုင်ငံအတွက် မျက်နှာမလှရတဲ့သဘော သက်ရောက်တာပေါ့။ ကားဝယ်ပြီးအသုံးပြုမယ်ဆိုရင် ကျွန်တော်တို့ဘက်က လုံခြုံမှုအတွက် လုံးဝတာဝန်ယူထားတဲ့သဘော ဖြစ်တာပေါ့"ဟု ပြောပြသည်။

"Convention on the Recognition and Enforcement of Foregin Arbitral Awards, 1958 (New York Convention)"သို့ အဖွဲ့ဝင်အဖြစ် ဝင်ရောက်ရေးနှင့်စပ်လျဉ်း၍ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၄၃ တွင် အငြင်းပွားမှုဖြေရှင်းခြင်းနှင့် ပတ်သက်၍ "သက်ဆိုင်ရာစာချုပ်တွင် အငြင်းပွားမှုဖြေရှင်းနည်း သတ်မှတ်ထားခြင်းမရှိလျှင် မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်၊ အငြင်းပွားမှုဖြေရှင်းနည်း သတ်မှတ်ထားခြင်းရှိလျှင် သတ်မှတ်ထားသော ဖြေရှင်းနည်းများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်" ဟု ပြဋ္ဌာန်းထားပြီးဖြစ်ရာ New York Convention သို့ အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခြင်းဖြင့် ပိုမိုထိရောက်သည့် အငြင်းပွားမှုဖြေရှင်းနည်းကို ကျင့်သုံးနိုင်မည်ဖြစ်ပါကြောင်း။

နယူးယောက် ကွန်ဗင်းရှင်းတွင် ပါဝင်ခြင်းအားဖြင့် မိမိနိုင်ငံ၏ ပြင်ပစီရင်ပိုင်ခွင့် နယ်မြေအတွင်း ချမှတ်သည့် အနုညာတခုံရုံးဆုံးဖြတ်ချက်ကို မြန်မာနိုင်ငံအတွင်း၌လည်း အတည်ပြုနိုင်သကဲ့သို့ မြန်မာနိုင်ငံအတွင်းချမှတ်သည့် ဆုံးဖြတ်ချက်ကို မြန်မာနိုင်ငံပြင်ပ အခြားနိုင်ငံများတွင်လည်း အတည်ပြုဆောင်ရွက်နိုင်မည်ဖြစ်ရာ မြန်မာနိုင်ငံအပေါ် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ၏ ဥပဒေမူဘောင်ဆိုင်ရာ ယုံကြည်စိတ်ချရမှု ရရှိလာပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ပိုမိုဆွဲဆောင်နိုင်ခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ အနေဖြင့်လည်း ယုံကြည်စိတ်ချလုံခြုံစွာဖြင့် စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိနိုင်မည်ဖြစ်ပါသဖြင့် မြန်မာနိုင်ငံအနေဖြင့် New York Convention သို့ အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ခွင့်ရရှိရေးအတွက် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ရှင်းလင်းတင်ပြသည်။

ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံတော်သမ္မတထံမှပေးပို့သော ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေးပြီးဖြစ်ကြောင်းနှင့် စပ်လျဉ်းသည့် သဝဏ်လွှာ၊ ဧရာဝတီတိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာန ဝန်ကြီးရာထူးမှ နုတ်ထွက်ခွင့်ပြုခြင်းနှင့် လစ်လပ်လျက်ရှိသော ဧရာဝတီတိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးအပ်ခြင်းသဝဏ်လွှာနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးအပ်ခြင်း သဝဏ်လွှာတို့ကို မှတ်တမ်းတင်သည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံတော်သမ္မတရုံးမှပေးပို့သော ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ ကြံခင်းမြို့နယ်၊ ဘက်ရဲကျေးရွာအုပ်စုမှ ဘက်ရဲကျေးရွာအား ဘက်ရဲမြို့အဖြစ်လည်းကောင်း၊ ကျန်ရှိသော ကျေးရွာ(၉)ရွာအား ကိုးအင်းကျေးရွာအုပ်စုအဖြစ်လည်းကောင်း တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်းတို့နှင့် စပ်လျဉ်း၍ လွှတ်တော်က မှတ်တမ်းတင်သည်။

အစည်းအဝေးကို ညနေ ၂ နာရီ ၄၅ မိနစ်တွင်ရပ်နားပြီး အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို မတ် ၅ ရက် နံနက် ၁၀ နာရီတွင် ကျင်းပသွားမည် ဖြစ်သည်။

(သတင်းစဉ်)

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂) မှ ဦးဆိုင်ပေါင်းနပ်။

လွှတ်တော်သို့ လာရောက်လေ့လာကြည့်ရှု

နေပြည်တော် မတ် ၁

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ အဖွဲ့ဝင် ၁၉ ဦးတို့သည် ယနေ့ နံနက် ၁၀ နာရီတွင် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး(၁၆)ရက်မြောက်နေ့ကျင်းပနေပုံကို လေ့လာပြီး လွှတ်တော်အဆောက်အအုံများသို့ လှည့်လည်ကြည့်ရှု၍ ပြန်လည်ထွက်ခွာသွားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်သူ့အသံ လွှတ်တော်အသံ
ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်တွင်းရေးရာ

✱ နိုင်ငံတော်သမ္မတမှ

တို့ကို လှည့်လည်ကြည့်ရှုလေ့လာရာ E-Co Energy ကုမ္ပဏီဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် Mr. Tore Olaf Rimmereid နှင့် စက်ရုံမန်နေဂျာ Mr. Oystein Rafoss တို့က လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် ရေအားလျှပ်စစ်စက်ရုံအမှတ်(၂) အစည်းအဝေးခန်းမ၌ နော်ဝေနိုင်ငံ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီး Mr. Trond Giske နှင့် Statkraft Energy ကုမ္ပဏီမှ ဒါရိုက်တာ Mr. Oistein Andresen တို့က သဘာဝအရင်းအမြစ်များစီမံခန့်ခွဲမှု၊ နော်ဝေနိုင်ငံရှိ စက်မှုလုပ်ငန်းများ၏ အဓိကကျောရိုးမဏ္ဍိုင်ဖြစ်သည့် ရေအားလျှပ်စစ်ဓာတ်အားပေးလုပ်ငန်းများဖွံ့ဖြိုးရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ကုမ္ပဏီ၏ ကမ္ဘာတစ်ဝန်းတွင် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများ တည်ဆောက်ပေးမှု အခြေအနေများကို ရှင်းလင်းပြောကြားကြသည်။

နော်ဝေနိုင်ငံသည် ရေအားလျှပ်စစ်ထုတ်လုပ်ရေးနှင့် ပတ်သက်၍ နှစ်ပေါင်း (၁၀၀)ခန့် အတွေ့အကြုံရှိသည့်နိုင်ငံဖြစ်သည်။ လက်ရှိအခြေအနေတွင် ကမ္ဘာ့ဆဋ္ဌမမြောက်အကြီးမားဆုံး ရေအားလျှပ်စစ် ထုတ်လုပ်သည့်နိုင်ငံဖြစ်ပြီး ဥရောပတွင် အကြီးမားဆုံးပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် ထုတ်လုပ်သည့်နိုင်ငံလည်း ဖြစ်သည်။ နိုင်ငံ၏လျှပ်စစ်ဓာတ်အားလိုအပ်ချက်အများစုကို ရေအားလျှပ်စစ်မှ ရရှိနေခြင်းဖြစ်သည်။ ရေအားလျှပ်စစ်ထုတ်လုပ်ရာတွင် သဘာဝပတ်ဝန်းကျင်ကိုမထိခိုက်စေရေး၊ ဒေသခံပြည်သူများအတွက် စီးပွားရေးနှင့် လူမှုရေးအကျိုးအမြတ်များရရှိစေရေးတို့ကို ဆောင်ရွက်လျက်ရှိပြီး ပြည်ပရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံတော်/ ဒေသန္တရအစိုးရများ၏ ရင်းနှီးမြှုပ်နှံမှုများဖြင့် ပေါင်းစပ်လုပ်ကိုင်လျက်ရှိသည်။ လျှပ်စစ်ဓာတ်အားကို ပြည်တွင်းလိုအပ်ချက်ဖြည့်ဆည်းပေးနိုင်သည့်အပြင် ပြည်ပသို့လည်း တင်ပို့ရောင်းချနိုင်ကြောင်း သိရှိရသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးပြီး မြန်မာနိုင်ငံအနေဖြင့် နော်ဝေနိုင်ငံ၏ရေအားလျှပ်စစ်စီမံခန့်ခွဲမှု အတွေ့အကြုံများကို အသုံးချလိုကြောင်း ပြောကြားခဲ့သည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတအား နော်ဝေနိုင်ငံ ပတ်ဝန်းကျင်ဆိုင်ရာဝန်ကြီး Mr. Bard Vegar Solhjeel က အော်စလိုမြို့ရှိ Ekebergrestauranten ၌ ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

ညနေပိုင်းတွင် အော်စလိုတက္ကသိုလ်မှပါမောက္ခ Mr. Jens Braarvig က ၎င်းသိမ်းဆည်းထားသည့် ဗုဒ္ဓဘာသာဆိုင်ရာ ရှေးဟောင်းလက်ရေးမူများကို လာရောက်ပြသရာ နိုင်ငံတော်သမ္မတက စိတ်ဝင်တစား လေ့လာကြည့်ရှုပြီး **(အပေါ်ပုံ)**မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် ထေရဝါဒဗုဒ္ဓဘာသာ အထွန်းကားဆုံးနိုင်ငံဖြစ်သဖြင့် ယင်းစာပေများကို တိကျသေချာစွာဘာသာပြန်ဆိုနိုင်ရန်အတွက် မြန်မာနိုင်ငံမှ တိပိဋကဘွဲ့ရ ဆရာတော်ကြီးများနှင့် လာရောက်ပူးပေါင်းဆောင်ရွက်ရန် ဖိတ်ခေါ်ခဲ့သည်။

ယင်းလက်ရေးမူများမှာ အေဒီ(၁)ရာစု၊ (၃)ရာစုနှင့်(၈)ရာစုခန့်မှ လက်ရေးမူများဖြစ်ပြီး ပေရွက်နှင့် သစ်ခေါက်တို့အပေါ်တွင် ဗြာဟ္မဏဘာသာဖြင့် ရေးသားထားခြင်းဖြစ်သည်။ လက်ရေးမူများသည် ပညာရေးနှင့် ဗုဒ္ဓဘာသာတို့နှင့်စပ်လျဉ်း၍ အရေးပါသော သမိုင်းအထောက်အထားများဖြစ်ပြီး အာဖဂန်နစ္စတန်နိုင်ငံရှိ ဂူငယ်တစ်ခုအတွင်းမှ တွေ့ရှိခဲ့ရခြင်းဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်သမ္မတသည် ညနေ ၅ နာရီခွဲတွင် အော်စလိုမြို့ရှိ အော်ပရာအဆောက်အအုံဆောက်လုပ်ထားမှုကို သွားရောက်ကြည့်ရှုပြီး အော်ပရာတင်ဆက်ပြသမှုကို ကြည့်ရှုအားပေးခဲ့သည်။

(သတင်းစဉ်)

ပုလဲမြို့နယ်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ကွင်းဆင်းဆောင်ရွက်

နေပြည်တော် မတ် ၁

သမဝါယမ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးသောင်းစိန်၊ သမဝါယမနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါ၍ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ပုလဲမြို့နယ် ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများကို ဖေဖော်ဝါရီ ၂၅ ရက်တွင် ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နှောကန်ကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာအုပ်ချုပ်ရေးမှူးက ကျေးရွာလျှပ်စစ်မီးရရှိရေး တင်ပြရာ ပြည်ထောင်စုဝန်ကြီးက လျှပ်စစ်မီးရရှိရေးအတွက် ပူးပေါင်းဆောင်ရွက်ပေးမည့် အခြေအနေများကို ရှင်းလင်းပြောကြားကာ စာကြည့်တိုက်အတွက် စာအုပ်စာစောင်များ၊ လူသုံး/ အိမ်သုံး ပစ္စည်းများကို လှူဒါန်းခဲ့သည်။ ထို့နောက် မင်းတိုင်ပင်ကျေးရွာသို့ ရောက်ရှိပြီး မင်းတိုင်ပင် အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ကြီးက နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်နေမှုအခြေအနေကို တင်ပြရာ ပြည်ထောင်စုဝန်ကြီးက ကျောင်းဆောင် ဆောက်လုပ်ရေးအတွက် လိုအပ်ငွေကျပ် ငါးသိန်းကို ထပ်မံလှူဒါန်းပြီး ကျောင်းသားများအား ပညာထူးချွန်အောင် သင်ကြားရေး၊ စံပြကျောင်းဖြစ်အောင် ဆောင်ရွက်ရေးတို့ကို မှာကြားခဲ့သည်။

ထိုမှတစ်ဆင့် တောင်ရွာသစ်ကျေးရွာသို့ရောက်ရှိပြီး ကန်ဒေါင့်ကျေးရွာ၊ ကံရိုးကျေးရွာ၊ ကြောင်ဝင်ဒူးကျေးရွာ၊ အောင်ချမ်းသာကျေးရွာ၊ ဦးနှောက်ကျေးရွာနှင့် သာယာကုန်းကျေးရွာတို့မှ ဒေသခံပြည်သူများက ကျေးရွာလျှပ်စစ်မီးရရှိရေး၊ သောက်သုံးရေရရှိရေး၊ ပညာရေး၊ ကျန်းမာရေးတို့နှင့် စပ်လျဉ်း၍ လိုအပ်သည်များကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များအပေါ် ဖြေရှင်းဆောင်ရွက်ရမည့် နည်းလမ်းများကို ရှင်းလင်းမှာကြားပြီး ကန်ဒေါင့်အလယ်တန်း ကျောင်းအတွက် ကိုးပေသွပ်အချပ် ၃၀၊ တောင်ရွာသစ်ကျေးရွာ တံတားနှင့် ရေပြွန်တည်ဆောက်ရေးအတွက် ငွေကျပ် ခုနစ်သိန်း၊ ကံရိုးစာသင်ကျောင်းအတွက် ငွေကျပ် ငါးသိန်း၊ ကြောင်ဝင်ဒူး မူလတန်းကျောင်းအတွက် သွပ်အချပ် ၅၀၊ အောင်ချမ်းသာ စာသင်ကျောင်းအတွက် ငွေကျပ် ငါးသိန်း၊ သာယာကုန်း မူလတန်းကျောင်းအတွက် ငွေကျပ် သုံးသိန်း၊ ဦးနှောက်ကျေးရွာ ရေကန်ပြုပြင်ရန်အတွက် ငွေကျပ် သုံးသိန်းနှင့် စာကြည့်တိုက်များအတွက် စာအုပ်စာစောင်များ၊ လူသုံး/အိမ်သုံးပစ္စည်းများ လှူဒါန်းသည်။ ယင်းနောက် လုပ်သားကျေးရွာနှင့် အင်မထီးကျေးရွာတို့သို့ ရောက်ရှိပြီး လုပ်သားကျေးရွာ မူလတန်း ကျောင်းဆောင်သစ် ဆောက်လုပ်ရေးအတွက် ငွေကျပ် ၁၀ သိန်း၊ အင်မထီးစာသင်ကျောင်းအတွက် သွပ်အချပ် ၁၀၀၊ ကျေးရွာစာကြည့်တိုက်များအတွက် မဂ္ဂဇင်း၊ စာအုပ်စာစောင်၊ ဂျာနယ်များနှင့် လူသုံး/အိမ်သုံး ပစ္စည်းများကို လှူဒါန်းခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မုံရွာမြို့သို့ရောက်ရှိပြီး မြို့နယ် သမဝါယမအသင်းစု အစည်းအဝေးခန်းမ၌ ကျင်းပသော စစ်ကိုင်းတိုင်းဒေသကြီး အတွင်းရှိ သမဝါယမအသင်းများ အဆင့်မြှင့်တင်ရေးအခမ်းအနားသို့ တက်ရောက်ပြီး ပြည်ထောင်စုဝန်ကြီးက သမဝါယမ အသင်းများအား ကုန်ထုတ်လုပ်မှုလုပ်ငန်း၊ ကုန်သွယ်မှုလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်းများ အဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ကြရန် သမဝါယမအသင်းများ အဆင့်မြှင့်တင်ရန် သမဝါယမအနှစ်သာရနှင့်မှုကိုကျင့်သုံးရန်၊ ပုဂ္ဂလိကစီးပွားရေးဆန်ဆန် လုပ်ဆောင်၍ စံနှင့်ထိန်းကျောင်းရန်နှင့် သမဝါယမအသင်းများ အဆင့်မြှင့်တင်ရေးအတွက် လုပ်ငန်းစဉ်(၅)ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အရင်းအနှီးရရှိရေး၊ နည်းပညာရရှိရေး၊ ဈေးကွက်ချဲ့ထွင်နိုင်ရေး ပေါင်းစပ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် မိမိတို့၏တာဝန်များကို ကျေပွန်အောင် ဆောင်ရွက်ကြစေလိုကြောင်းဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

✱ ကျောဖုံးမှ

ခြေစစ်ပွဲ အုပ်စု(က)တွင် အိမ်ရှင်မြန်မာအသင်းနှင့်အတူ အိန္ဒိယ၊ ဂူအမ်၊ တရုတ်(တိုင်ပေ)တို့ ပါဝင်လျက်ရှိပြီး မတ် ၂ ရက်မှ ၆ ရက်အထိ ရန်ကုန်မြို့ရှိ သုဝဏ္ဏအားကစားကွင်း၌ ကျင်းပသွားမည်ဖြစ်သည်။ ပထမနေ့ပွဲစဉ် အဖြစ် မတ် ၂ ရက် (ယနေ့)တွင် ပထမပွဲစဉ်အဖြစ် ညနေ ၄ နာရီ၌ အိန္ဒိယနှင့် တရုတ်(တိုင်ပေ)၊ ဒုတိယပွဲစဉ်အဖြစ် ညနေ ၆ နာရီ ၄၅ မိနစ်၌ မြန်မာနှင့် ဂူအမ်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။

AFC Challenge Cup ခြေစစ်ပွဲအုပ်စုများ

၂-၃-၂၀၁၃	အိန္ဒိယ	-	တရုတ်(တိုင်ပေ)	၄း၀၀နာရီ
	မြန်မာ	-	ဂူအမ်	၆း၄၅နာရီ
၄-၃-၂၀၁၃	ဂူအမ်	-	အိန္ဒိယ	၄း၀၀နာရီ
	တရုတ်(တိုင်ပေ)	-	မြန်မာ	၆း၄၅နာရီ
၆-၃-၂၀၁၃	တရုတ်(တိုင်ပေ)	-	ဂူအမ်	၄း၀၀နာရီ
	မြန်မာ- အိန္ဒိယ			၆း၄၅နာရီ

*ပွဲစဉ်အားလုံးကို သုဝဏ္ဏကွင်း၌ ကစားမည်ဖြစ်သည်။

တောင်ပိုင်းဒေသများတွင် နေရာကွက်ကျားမိုးဆက်လက်ထစ်ချုန်းရွာနိုင်

နေပြည်တော် မတ် ၁

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသ တိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် နေရာကွက်ကျားမိုးထစ်ချုန်း ရွာနိုင်သည်။

ပုဂံမြို့၌ ဆဋ္ဌမအကြိမ်အရဟံဆွမ်းလောင်းလှူပူဇော်

နေပြည်တော် မတ် ၁

ဖူးဘုရားစေတီတော်မြတ်အနီး ပေပင်ကျောင်းဘုရားအရှေ့ဘက် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ထမ်းမိသားစု ဆွမ်းလောင်းအသင်း ယာယီမဏ္ဍပ်၌ သံဃာတော်အပါး ၈၀ အား ဆဋ္ဌမအကြိမ် အရဟံဆွမ်းလောင်းလှူပူဇော်ပွဲကို ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၄ နာရီခွဲမှ ၅ နာရီခွဲအထိ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက ဦးဆောင်၍ သရပါဟိုတယ် ဝန်ထမ်းမိသားစုများ၊ ဖူးဘုရားဂေါပက အဖွဲ့ဝင်များ၊ ဖူးဘုရားဈေးဆိုင်ခန်းများမှ မိသားစုများနှင့် ဒေသခံပြည်သူများက ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၂-၃-၂၀၁၃ (စနေနေ့)

၅း၄၀	“ဆိုးသည်ဖြစ်စေ ကောင်းသည်ဖြစ်စေ” တရားတော် (သစ္စာရွှေစည် ဆရာတော် အရှင်ဥတ္တမ)
၇း၅၀	ရေစကြိုမြို့ အထက (၁)နှင့် အလက (၁)တို့မှအသက်(၇၀)နှင့် အထက်ဆရာ ဆရာမဟောင်းများ ပူဇော်ပွဲ
၉း၅၅	ဆင်းရဲနွမ်းပါးမှု ကင်းဝေးအောင် သစ်မွှေးစိုက်ကြစို့
၁၀း၄၀	စာအုပ်ပြခန်း [မသန်းသန်း(ရှင်စောပု)]
၁၁း၀၀	Myanmar Cooking Master (Third Season) (Round -1) (Part- 1)
၃း၂၀	ပြည်ထောင်စုဖလား အားကစားပြိုင်ပွဲ
၅း၃၅	Fashion Week (Forever) (Part - 3)
၆း၁၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ချိုမြိန်သောဘဝလေး” (အပိုင်း-၁၁၇)
၈း၃၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “လေညင်းလေးရဲ့ ပျော်ရွှင်မှု” (အပိုင်း-၃၆)

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၉း၃၀	Man U- Norwich City	(Fox Sports) (MRTV - 4)

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁၂း၀၀	Wigan - Liverpool	(Fox Sports)

Spain Laliga ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၉း၃၀	Real Madrid - Barcelona	(Star Sports)

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁း၃၀	Osasuna - Mallorca	(Star Sports)
၃း၃၀	Valencia - Levante	(Star Sports)

* ပွဲစဉ်အပြောင်းအလဲရှိနိုင်ပါသည်။

ပြည်ထောင်စုဖလား အားကစား ဆက်လက်ယှဉ်ပြိုင်

သတင်း - အောင်ကျော်ဝင်း(ကြေးမုံ) ❖ ဓာတ်ပုံ - ခင်

နေပြည်တော် မတ် ၁

၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲအကြို ပြည်ထောင်စုဖလား အားကစား ပြိုင်ပွဲများကို နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ လေ့ကျင့်ရေး အားကစားရုံ(၁)၌ မတ် ၁ ရက် ပွဲစဉ်များအဖြစ် တိုက်ကွမ်ဒို၊ ပိုက်ကျော်ခြင်း၊ ဖူဆယ်၊ ဘတ်စကက်ဘောပြိုင်ပွဲများကို ဆက်လက်ကျင်းပရာ ပြိုင်ပွဲဝင်ကစားသမားများ၏ အားကြိုးမာန်တက်ယှဉ်ပြိုင်ကစားနေမှုများကိုတွေ့ရသည်။

ဒုတိယ၊ ကျော်
တတိယနှင့် ဇေ
ပူးတွဲတတိယ
အမျိုးသမီး
(+73kg) တန်
ဆန်းညိုထွေး(
သင်းသီရိဆွေ
ဒုတိယရရှိခဲ့သ
အမျိုးသမီးနှစ်
ပြိုင်ပွဲတွင် ဆ
ကေခိုင်(ရန်ကု
ဆန်းရှိုင်း၊ နိုး

သိမ့်သီရိစိုး(ရန်ကုန်)နှင့် အိန္ဒြာအောင်(ကယား)တ

တိုက်ကွမ်ဒိုဗိုလ်လုပွဲ အမျိုးသားတစ်ဦးချင်း၊ အမျိုးသမီးတစ်ဦးချင်း၊ အမျိုးသား၊ အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲများကို ဆက်လက်ယှဉ်ပြိုင်ကြရာ အမျိုးသမီး Fin Weight (-46kg)တန်းအတိုက်ပြိုင်ပွဲတွင် နွေးနွေးအောင်(ကယား)က ပထမရရှိပြီး အေးအေးစိုး(ရခိုင်)က ဒုတိယ၊ နှင်းနန္ဒာနိုင်(ကချင်)က တတိယရရှိခဲ့သည်။ အမျိုးသား Fly Weight (-58kg)တန်းအလိုက် ပြိုင်ပွဲတွင် ခွန်အယ်ပီတာထူး(ကယား)က ပထမရရှိပြီး ကျော်ဇောဟိန်း(စစ်ကိုင်း)က ဒုတိယ၊ အောင်မိုးပြည့်(ရန်ကုန်)က တတိယနှင့် ရှမ်းဇခိုင်(ချင်း)က ပူးတွဲတတိယ ရရှိခဲ့သည်။ အမျိုးသမီး Fly Weight(-49kg) တန်း အတိုက်ပြိုင်ပွဲတွင် သိမ့်သီရိစိုး (ရန်ကုန်)က ပထမနှင့် အိန္ဒြာအောင်(ကယား)က ဒုတိယ၊ ငြိမ်းသဇင်(မွန်)က တတိယ ရရှိခဲ့သည်။ အမျိုးသား Heavy Weight (+87kg) တန်း အတိုက်ပြိုင်ပွဲတွင် ဇော်ထွန်းအောင် (ရန်ကုန်)က ပထမရရှိပြီး သန့်ဇင်(ရှမ်း)က

က ဒုတိယဖြစ်ခဲ့အ
ဆက်လက်၍
ဘောလုံးကွင
ဆက်လက်ယှဉ်
ပထမ နေပြည်
ဒုတိယ မန္တလေ
ဖြစ် အနိုင်ရရှိ
တနင်္သာရီတိုင်း



အုပ်စု(ဂ)ပထ
သုံးဂိုး-နှစ်ဂိုးဖြ
အုပ်စု(ခ)ပထ
ဒေသကြီးအသ



ပြည်ထောင်စုဖလား အားကစားပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်

သတင်း - အောင်ကျော်ဝင်း(ကြေးမုံ) ❖ ဓာတ်ပုံ - ခင်မောင်ဝင်း (ကြေးမုံ)

နေပြည်တော် မတ် ၁

၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲအကြို ပြည်ထောင်စုဖလား အားကစားပြိုင်ပွဲများကို နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ လေ့ကျင့်ရေးအားကစားရုံ(၁)၌ မတ် ၁ ရက် ပွဲစဉ်များအဖြစ် တိုက်ကွမ်ဒို၊ ပိုက်ကျော်ခြင်း၊ ဖူဆယ်၊ ဘတ်စကက်ဘောပြိုင်ပွဲများကို ဆက်လက်ကျင်းပရာ ပြိုင်ပွဲဝင်ကစားသမားများ၏ အားကြိုးမာန်တက်ယှဉ်ပြိုင်ကစားနေမှုများကိုတွေ့ရသည်။

သိမ့်သီရိစိုး(ရန်ကုန်)နှင့် အိန္ဒြာအောင်(ကယား)တို့၏ တိုက်ကွက်။

တိုက်ကွမ်ဒိုဗိုလ်လုပွဲ အမျိုးသားတစ်ဦးချင်း၊ အမျိုးသမီးတစ်ဦးချင်း၊ အမျိုးသား၊ အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲများကို ဆက်လက်ယှဉ်ပြိုင်ကြရာ အမျိုးသမီး Fin Weight (-46kg)တန်းအတိုက်ပြိုင်ပွဲတွင် နွေးနွေးအောင်(ကယား)က ပထမရရှိပြီး အေးအေးစိုး(ရခိုင်)က ဒုတိယ၊ နှင်းနန္ဒာနိုင်(ကချင်)က တတိယရရှိခဲ့သည်။ အမျိုးသား Fly Weight (-58kg)တန်းအလိုက် ပြိုင်ပွဲတွင် ခွန်အယ်ပီတာထူး(ကယား)က ပထမရရှိပြီး ကျော်ဇောဟိန်း(စစ်ကိုင်း)က ဒုတိယ၊ အောင်မိုးပြည့်(ရန်ကုန်)က တတိယနှင့် ရှမ်းဇခိုင်(ချင်း)က ပူးတွဲတတိယ ရရှိခဲ့သည်။ အမျိုးသမီး Fly Weight(-49kg) တန်း အတိုက်ပြိုင်ပွဲတွင် သိမ့်သီရိစိုး(ရန်ကုန်)က ပထမနှင့် အိန္ဒြာအောင်(ကယား)က ဒုတိယ၊ ငြိမ်းသဇင်(မွန်)က တတိယ ရရှိခဲ့သည်။ အမျိုးသား Heavy Weight (+87kg) တန်း အတိုက်ပြိုင်ပွဲတွင် ဇော်ထွန်းအောင် (ရန်ကုန်)က ပထမရရှိပြီး သန့်ဇင်(ရှမ်း)က ဒုတိယ၊ ကျော်သန့်ဇင်(ကယား)က တတိယနှင့် ကျော်စွာမြင့်(ပဲခူး)တို့က ပူးတွဲတတိယ ရရှိခဲ့သည်။ အမျိုးသမီး Heavy Weight (+73kg) တန်း အတိုက်ပြိုင်ပွဲတွင် ဆန်းညိုထွေး(ကယား)က ပထမနှင့် သင်းသီရိဆွေ (မန္တလေး)က ဒုတိယရရှိခဲ့သည်။ အမျိုးသား၊ အမျိုးသမီးနှစ်ယောက်တွဲ ကကွက်ပြိုင်ပွဲတွင် ဆန်းရှိန်းသက်၊ ယမင်းကေခိုင်(ရန်ကုန်)အတွဲက ပထမ၊ ဆန်းရှိုင်း၊ နိုးနိုးမော်(ကယား)အတွဲက ဒုတိယဖြင့်အသီးသီးရရှိခဲ့ကြသည်။

ဆက်လက်၍ ဖူဆယ်အမျိုးသား ဘောလုံးကွာတားဖိုင်နယ်ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်ရာ အုပ်စု(က) ပထမ နေပြည်တော်က အုပ်စု(ခ) ဒုတိယ မန္တလေးကို ၁၀ ဂိုး - ဂိုးမရှိဖြင့် အနိုင်ရရှိပြီး အုပ်စု(ဃ)ဒုတိယ တနင်္သာရီတိုင်းဒေသကြီးအသင်းက ဒုတိယ ဧရာဝတီတိုင်းဒေသကြီးအသင်းကို ၁၀ ဂိုး - တစ်ဂိုးဖြင့် အနိုင်ရရှိသည်။ အုပ်စု(ဃ)ပထမ ပဲခူးတိုင်းဒေသကြီးအသင်းက အုပ်စု(ဂ)ဒုတိယ ရှမ်းပြည်နယ်အသင်းကို ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြသည်။ ပိုက်ကျော်ခြင်း အမျိုးသားအုပ်စုပွဲစဉ်များတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ ကယားပြည်နယ်အသင်းက ကချင်ပြည်နယ်အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ ရခိုင်ပြည်နယ်အသင်းက မွန်ပြည်နယ်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ မွန်ပြည်နယ်အသင်းက ကယားပြည်နယ်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် လည်းကောင်း အနိုင်ရရှိခဲ့ကြပြီး အမျိုးသမီးအုပ်စုပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးအသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ မွန်ပြည်နယ်အသင်းက ရခိုင်ပြည်နယ်အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

အမျိုးသား ပိုက်ကျော်ခြင်း ကွာတားဖိုင်နယ် ပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်ကြရာ ရခိုင်ပြည်နယ်အသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို သုံးပွဲ-တစ်ပွဲဖြင့် အနိုင်ရရှိခဲ့ပြီး မန္တလေးတိုင်းဒေသကြီးအသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို သုံးပွဲ-တစ်ပွဲဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို သုံးပွဲပြတ်ဖြင့် လည်းကောင်း အနိုင်ရရှိပြီး မွန်ပြည်နယ်အသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို သုံးပွဲ-တစ်ပွဲဖြင့် အနိုင်ရရှိခဲ့ကြသည်။

ဧရာဝတီနှင့် ရခိုင်တို့၏ လှပစွာ ရိုက်ခုတ်မှု။

အမျိုးသမီး ပိုက်ကျော်ခြင်း အုပ်စုပွဲစဉ်တွင် မွန်ပြည်နယ်အသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို သုံးပွဲပြတ်ဖြင့် လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ ကရင်ပြည်နယ်အသင်းက ရခိုင်ပြည်နယ်အသင်းကို သုံးပွဲဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့ကြသည်။

ဘတ်စကက်ဘော ပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် ဧရာဝတီတိုင်းဒေသကြီး အမျိုးသား ဘတ်စကက်ဘောပြိုင်ပွဲကို ယှဉ်ပြိုင်ရာ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ၇၄-၅၄ ဖြင့် အနိုင်ရရှိခဲ့သည်။

ပြည်ထောင်စုဖလား အားကစားပြိုင်ပွဲကြီး၌ ပါဝင်ယှဉ်ပြိုင်ကြသည့် အားကစားသမားများအား 100 Plus မှ ဝန်ထမ်းအင်အား ၂၂ ဦးဖြင့် ရေခဲစိမ် အချိုရည်များ အခမဲ့လိုက်လံဝေငှမှုကို ဤသို့တွေ့ရစဉ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း တရုတ်နိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် မတ် ၁

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာ လီကျွင်းဟွာအား ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

ယင်းသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ဦးသိန်းဆွေ၊ သူရဦးအောင်ကို၊ ဦးလှမြင့်ဦးနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

မွန်ပြည်နယ်မှ တောင်သူလယ်သမားများအား ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် တွေ့ဆုံဆွေးနွေး

ရန်ကုန် မတ် ၁

လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို ရေရှည်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် သုတေသနပညာရှင်များသည် အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပြီး သုတေသနလုပ်ငန်းမှရရှိသော ပညာရပ်ပိုင်းဆိုင်ရာများကို တောင်သူလယ်သမားများလက်ဝယ်အရောက်ပို့ရန် ပညာရှင်များ၏ အဓိကတာဝန်ဖြစ်ကြောင်းဖြင့် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ဖေဖော်ဝါရီ ၂၈ ရက် နံနက် ၇ နာရီခွဲတွင် မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ နှစ်ရှည်ပင်များ အသုံးချသုတေသနဌာန (Apply Research Centre of Perennial Crops- ARCPC) ၌ သုတေသနပညာရှင်များ၊ စိုက်ပျိုးရေးတက္ကသိုလ် နှစ်ရှည်ပင်သီးနှံအထူးပြုသင်တန်းကျောင်းမှ နောက်ဆုံးနှစ် ကျောင်းသူ ကျောင်းသားများအား တွေ့ဆုံမှာကြားသည်။

ယင်းနောက် မုဒုံမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၏ ပြည်ထောင်စုဥယျာဉ်ခြံစိုက်ကွင်း၌ နွေစပါး ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ထုတ်စိုက်ခင်း၏ အဖိုလိုင်း အမလိုင်းစိုက်ခင်းများ၏ ဖြစ်ထွန်းနေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မုဒုံမြို့နယ် ရွှေဟင်္သာခန်းမ၌ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့ဝင်များနှင့်အတူ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်အတွင်းရှိ မြို့နယ် ၁၀ မြို့နယ်၊ မြို့နယ်ခွဲ နှစ်ခုတို့မှ တောင်သူလယ်သမား ၅၀၀ ခန့်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က အမှာစကားပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်က မွန်ပြည်နယ်၏ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု အလားအလာများကို ကဏ္ဍအလိုက် ဆွေးနွေးပြောကြားပြီး တောင်သူများက သိရှိလိုသည်များကို မေးမြန်းကြရာ ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက မွန်ပြည်နယ်အတွက် ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ဧက ၅၀ စာကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် မုဒုံမြို့နယ် ရော်ဘာသုတေသနနှင့် မျိုးပွားခြံ၏ ဖြစ်ထွန်းအောင်မြင်နေသော ရော်ဘာစိုက်ခင်း၊ ကန်ကလေးဥယျာဉ်ခြံ၌ ဒူးရင်း၊ ကြက်မောက်၊ မင်းကွတ်စသော သစ်သီးဝလံများ အောင်မြင်စွာစိုက်ပျိုး၍ တောင်သူများအား နည်းပညာနှင့်ပျိုးခင်းများဖြန့်ဖြူးပေးနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးအားပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်တို့သည် ကြက်မောက်ပင်ကို စိုက်ပျိုးပေးကြပြီး ခြံအတွင်းမွေးမြူထားသော နွားနောက်များကို ကြည့်ရှုခဲ့ကြသည်။

(သတင်းစဉ်)

ဘိလိယက်နှင့် စနူကာပြိုင်ပွဲ ယနေ့ ဗိုလ်လုမည်

သတင်းမှတ်စု - ကိုကိုစိုးညွန့်

နေပြည်တော် မတ် ၁

ပြည်ထောင်စုဖလား အားကစားပြိုင်ပွဲ၏ ဘိလိယက်နှင့် စနူကာပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို မတ် ၁ ရက် နေ့လယ်ပိုင်းက လယ်ဝေး အားကစားလေ့ကျင့်ရေးစခန်း(၂)ရှိ ဘိလိယက်နှင့် စနူကာပြိုင်ပွဲခန်းမ၌ ကျင်းပခဲ့သည်။

ဘိလိယက်ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များတွင် အောင်ငွေး (ပဲခူး)က မင်းစည်သူ(မန္တလေး)ကို သုံးပွဲအနိုင်ကစားပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။ ကျော်ဦး(ကယား)နှင့် နေသွေးဦး (ရန်ကုန်)တို့ပွဲစဉ်တွင် ကျော်ဦး(ကယား)က သုံးပွဲ-နှစ်ပွဲဖြင့် အနိုင်ရရှိခဲ့ပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။ ဗိုလ်လုပွဲကို မတ်လ ၂ ရက် မွန်းလွဲ ၂ နာရီတွင် ဆက်လက်ကျင်းပမည် ဖြစ်ရာ နာမည်ကြီးကစားသမားများ ဖြစ်ကြသော အောင်ငွေး(ပဲခူး)နှင့် ကျော်ဦး (ကယား)တို့ ဗိုလ်လုကြမည်ဖြစ်သည်။

စနူကာပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များတွင် ရဲထွဋ်ဇော်(မွန်)က ဘုန်းမြင့်ကျော်(ရှမ်း)ကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ ကိုထက်(မကွေး)က ဇော်သန်းထိုက်(ချင်း)ကို သုံးပွဲ-နှစ်ပွဲဖြင့် လည်းကောင်း အသီးသီး အနိုင်ရရှိကြသည်။ ရဲထွဋ်ဇော်(မွန်)နှင့် ကိုထက်(မကွေး)တို့ မတ် ၂ ရက်တွင် ဗိုလ်လုပွဲကစားကြမည်ဖြစ်သည်။

အမျိုးသမီး Pool 9 Ball ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များတွင် အေးမိအောင်(မကွေး)က နွေးနွေးလှိုင်(မန္တလေး)ကို ခုနစ်ပွဲ-သုံးပွဲဖြင့် လည်းကောင်း၊ သန္တာမောင်(ရန်ကုန်)က အိဖြူဖြူကျော် (ဧရာဝတီ)ကို ခုနစ်ပွဲ-သုံးပွဲဖြင့် အနိုင်ရပြီး အေးမိအောင်နှင့် သန္တာမောင်တို့ ဗိုလ်လုပွဲ ကစားကြမည်ဖြစ်သည်။

ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင် လမ်း၊ ဘူတာ၊ တံတားလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၁

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်သည် ဖေဖော်ဝါရီ ၂၅ ရက် နံနက်ပိုင်းတွင် ရန်ကုန်-ပုသိမ် ရထားလမ်းဖောက်လုပ်ရေး စီမံကိန်း၏ ရန်ကုန်(လှိုင်သာယာ)- ဧရာဝတီတံတား (ညောင်တုန်း) လမ်းပိုင်း စီမံကိန်းရှင်းလင်းဆောင်၌ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး လှိုင်သာယာဘူတာနှင့် ယာဒ်ဝင်းတည်ဆောက်နေမှုများ၊ လှိုင်သာယာ-ညောင်တုန်း ရထားလမ်းပိုင်း ရထားလမ်းဖောက်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေးကာ ဆောက်လုပ်ဆဲ ရထားလမ်းတာပေါင်များမှာ ရေနက်ကွင်းနေရာများကို ဖြတ်သန်းဖောက်လုပ်ထားရသဖြင့် ရထားလမ်းတာပေါင်များ ခိုင်ခံ့ကောင်းမွန်ရန်အတွက် ပညာရှင်များနှင့် ညှိနှိုင်းပြီး မြေပြုပြင်ခြင်းလုပ်ငန်းများကို နည်းပညာရယူ လုပ်ဆောင်သွားရန် မှာကြားသည်။

မွန်းလွဲပိုင်းတွင် ညောင်တုန်းဘူတာသို့ ရောက်ရှိရာ ဧရာဝတီတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသန်းထွန်းနှင့် ခရိုင်အုပ်ချုပ်ရေးမှူးတို့က လမ်းပန်းဆက်သွယ်ရေးနှင့် ပတ်သက်၍ ဒေသန္တရလိုအပ်ချက်များကို တင်ပြခဲ့ကြသည်။

ဖေဖော်ဝါရီ ၂၆ ရက် မွန်းလွဲပိုင်းတွင် စကြေ့ာဘူတာသို့ ရောက်ရှိပြီး ပြည်ထောင်စုဝန်ကြီးက ဟင်္သာတ-စကြေ့ာ (ညောင်တုန်း)လမ်းပိုင်းမှာ ပြီးစီးနေပြီဖြစ်၍ ရထားပြေးဆွဲဖွင့်လှစ်နိုင်ရေးအတွက် လိုအပ်သည်များ ကြိုတင်၍ စီစဉ်ဆောင်ရွက်ရန်နှင့် ဟင်္သာတဘူတာတွင် ရထားများ အချိန်မှန်ကန်ရေး၊ တွဲများသန့်ရှင်းသပ်ရပ် လှပသစ်လွင်စေရေးနှင့် ဟင်္သာတမှ ပုသိမ်သို့ နေ့ချင်းပြန် သွားလာနိုင်ရေး၊ ရထားများ ဆိုက်ရောက်/ထွက်ခွာ အချိန်ဇယားများကို LED ဆိုင်းဘုတ်များဖြင့် ဖော်ပြထားရှိ၍ ခရီးသည်များအား အသိပေးရန်မှာကြားပြီး ညနေပိုင်းတွင် ကွန်ကရစ်ဇလီဖားစက်ရုံ(ဥသျှစ်ပင်)ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဖေဖော်ဝါရီ ၂၇ ရက်တွင် ပြည်ဘူတာမှ လက်ပံတန်းဘူတာကြား ရထားလမ်းပြုပြင်ထိန်းသိမ်းမှုနှင့် ဘူတာများ၏ လုပ်ငန်းစွမ်းဆောင်မှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

တစ်သောင်းကျပ်တန် ငွေစက္ကူအတုနှင့် အစစ်ကို မတ် ၁ ရက် နံနက်ပိုင်းက မိတ္ထီလာမြို့နယ်ထွေ/အုပ်ဌာနတွင် စိတ်ဝင်တစား တိုက်ဆိုင်စစ်ဆေးကြည့်ရှုနေကြစဉ်။

မိတ္ထီလာ ရေဝေကျေးရွာတွင်တစ်သောင်းကျပ်တန်ငွေစက္ကူအတုဖြင့် လိမ်ညာဈေးဝယ်မှုဖြစ်ပွား

မိတ္ထီလာ မတ် ၁

မိတ္ထီလာမြို့ ရေဝေကျေးရွာအုပ်စု ရေဝေကျေးရွာ ကုန်စုံဆိုင်တစ်ခု၌ ဆိုင်ကယ်ဖြင့် ခရီးသွားသူတစ်ဦးက တစ်သောင်းကျပ်တန် ငွေစက္ကူအတုဖြင့် ဖေဖော်ဝါရီ ၂၆ ရက် ည ၇ နာရီခန့်တွင် လိမ်ညာဈေးဝယ်သွားကြောင်း သိရသည်။

ဖြစ်ပွားပုံမှာ မိတ္ထီလာ-ကျောက်ပန်းတောင်းကားလမ်းမဘေး ရေဝေကျေးရွာနေ မဝင်းမာ၏ ကုန်စုံဆိုင်တွင် ကျောက်ပန်းတောင်းမှ မိတ္ထီလာဘက်သို့ ဆိုင်ကယ်ဖြင့် ခရီးသွားသူ အမျိုးသားတစ်ဦးက တစ်သောင်းကျပ်တန်ငွေစက္ကူအတုဖြင့် ကွမ်းယာနှင့်အခြားမုန့်ပစ္စည်း ငွေကျပ် နှစ်ထောင်ဖိုးဝယ်ယူရာ ငွေကျပ် ရှစ်ထောင် ပြန်လည်အမ်းပေးရသည်။ အဆိုပါ အမျိုးသားထွက်ခွာသွားပြီး မကြာမီ တစ်သောင်းကျပ်တန် ငွေစက္ကူအတုဖြစ်နေကြောင်း သိရသဖြင့် သိလျှင်သိချင်း သက်ဆိုင်ရာသို့ တင်ပြသတင်းပို့ထားသည်ဟု ရေဝေကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးကပြောသည်။

"ညဘက်မှောင်စပျိုးပြီး အချိန်ဆိုတော့ အမှတ်တမဲ့ တစ်သောင်းကျပ်တန်ကို မစစ်ဆေးမိဘဲ ယူထားမိတာလို့ ပြောတယ်။ ပြီးမှ သေသေချာချာပြန်စစ်ကြည့်တော့ စက္ကူအသားကလည်း အစစ်နဲ့ တော်တော်ကွာပြီး ညံ့တယ်၊ ပြီးတော့ ငွေကြိုးလည်း မပါဘူး၊ ကြိုးအရာပဲပါတယ်။ ပြီးတော့ ဆင်ဖြူတော်ပုံတွေက အစစ်ထက်ကြီးနေတယ်။ နောက်တစ်ခုက နံဘေးက အပြာကွက်လေးထဲမှာ အစစ်က တစ်သောင်းကျပ်ဆိုတဲ့ စာသားလေး ပါတယ်။ အတုက မပါဘူး။ ဒီနေ့ကျမှ တစ်သောင်းကျပ်တန် ငွေစက္ကူအတုကို သက်ဆိုင်ရာအပ်ဖို့ ယူလာတာပါ"ဟု ၎င်းက ပြောသည်။ အဆိုပါ တစ်သောင်းကျပ်တန် ငွေစက္ကူအတုတွင် ကခ ၃၆၀၀၆၆၀၊ AB 3600660 ဟု အက္ခရာ၊ နံပါတ်စဉ်များ ရိုက်နှိပ်ပါရှိကြောင်း သိရသည်။ **(၅၃၉)**

မြွေပွေးအဆိပ်ကို ခွေးလေးယားသီးအစေ့က ခြေဖျက်နိုင်ကြောင်း သုတေသနပြုတွေ့ရှိ

ရန်ကုန် မတ် ၁

မြေပွေးအဆိပ်ကို ခွေးလေးယားသီးအစေ့က ခြေဖျက်နိုင်သည်ဟု သုတေသနပြုတွေ့ရှိထားကြောင်း သိရသည်။

အဆိုပါ သုတေသနပြုလေ့လာမှုကို ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)မှ သုတေသီများက ပြုလုပ်ကြခြင်းဖြစ်ပြီး ဖော်ထုတ်မှတ်တမ်းတင်နိုင်ခဲ့ခြင်းဖြစ်သည်။ ခွေးလေးယားသီး၏ အနှစ်ရည်အချိုးအဆ အမျိုးမျိုးကို မြွေပွေးအဆိပ်ဖြင့်ပေါင်းစပ်ပြီး ဓာတ်ခွဲခန်းတွင် မွေးမြူထားသည့် ကြွက်ဖြူများ၏ အကြောအတွင်းသို့ ထိုးသွင်းစမ်းသပ်ခဲ့ကြောင်း၊ အနှစ်ရည် သုည ဒသမ ၂၀ မီလီဂရမ်သည် မြွေပွေးအဆိပ်၏ သေစေနိုင်သော သတ္တိကို ခြေဖျက်နိုင်စွမ်းရှိသည်ကို တွေ့ရှိရကြောင်း၊ ထို့မှတစ်ဖန် ခွေးလေးယားသီးအနှစ်ရည်ကို တစ်ပတ်လျှင်တစ်ကြိမ်နှုန်းဖြင့် သုံးကြိမ်ထိုးထားသော ယုန်များ၏ သွေးရည်ကြည် ၁၀၀ မိုက်ခရိုလီတာသည်လည်း မြွေပွေးအဆိပ်၏ သေစေနိုင်သော သတ္တိကို ခြေဖျက် နိုင်စွမ်းရှိကြောင်းကို ဓာတ်ခွဲခန်းသုံးကြွက်ဖြူများတွင် စမ်းသပ်ချက်အရတွေ့ရှိရခြင်းဖြစ်ကြောင်း သိရသည်။

နိုင်ဂျီးရီးယားနိုင်ငံနှင့် မြန်မာနိုင်ငံရှိ ဒေသအချို့တွင် မြွေကိုက်လူနာများကို ခွေးလေးယားသီးသုံးစွဲ၍ ဆေးမြီးတိုအဖြစ် ကုသသုံးစွဲခြင်းများကို ပြည်တွင်းသုတေသီများက ခွေးလေးယားသီးမှ စနစ်တကျလေ့လာသုတေသနပြုခဲ့ကြခြင်းဖြစ်သည်။ အဆိုပါလေ့လာတွေ့ရှိချက်များအရ ခွေးလေးယားသီးအစေ့အနှစ်ရည်နှင့် ၎င်းအနှစ်ရည်ထိုးသွင်းထားသော ယုန်၏ သွေးရည်ကြည်တို့သည် မြွေပွေး၏ သေစေနိုင်သောအဆိပ်သတ္တိအပေါ် ခြေဖျက်နိုင်စွမ်းရှိကြောင်း သုတေသနပြုကာ အခိုင်အမာသက်သေပြဆိုနိုင်ခဲ့ကြကြောင်း သိရသည်။ **(၆၈၀)**

အားကစား

အာရှခရီးဆက်မယ့် မြန်မာအသင်းအတွက် လိုအပ်နေတာဘာလဲ

ဇော်မင်းအောင်

အာရှ ဘောလုံးအဖွဲ့ချုပ်မှ ကျင်းပသည့် AFC Challenge Cup 2014 ပြိုင်ပွဲ ခြေစစ်ပွဲစဉ်များကို မတ်လအတွင်း စတင်ကျင်းပတော့မည် ဖြစ်သည်။ ခြေစစ်ပွဲ အုပ်စုပေါင်း ငါးခုရှိပြီး မြန်မာနိုင်ငံက အုပ်စု(က)ပွဲစဉ်များကို မတ် ၂ ရက်မှ ၆ ရက်အထိ ရန်ကုန်မြို့တွင် အိမ်ရှင်အဖြစ် တာဝန်ယူကျင်းပသွားမည်ဖြစ်သည်။ AFC Challenge Cup 2014 နောက်ဆုံးအဆင့်ပွဲစဉ်များကိုမူ ၂၀၁၄ ခုနှစ်အတွင်း မော်လ်ဒိုက်နိုင်ငံ၌ ကျင်းပမည်ဖြစ်ရာ ခြေစစ်ပွဲအဆင့်မှ အုပ်စုပထမ ငါးသင်းနှင့် အကောင်းဆုံးဒုတိယ နှစ်သင်း တက်ရောက်ကစားခွင့်ရရှိမည်ဖြစ်သည်။ ခြေစစ်ပွဲဝင်နိုင်ငံ ၂၀ အား အုပ်စု ငါးခု ခွဲဝေကျင်းပခြင်းဖြစ်ပြီး မြန်မာအသင်းသည် အိန္ဒိယ၊ တရုတ်(တိုင်ပေ)၊ ဂူအမ်တို့နှင့်အုပ်စု(က)တွင် ကျရောက်လျက်ရှိသည်။ ယခုနှစ်ခြေစစ်ပွဲအဆင့်တွင် ပြိုင်ပွဲဝင်နိုင်ငံ အရေအတွက် ၂၀ ဖြင့် ယခင်နှစ်များကထက် ပိုများလာခဲ့ပြီး ကျွန်းစုနိုင်ငံ တစ်နိုင်ငံဖြစ်သည့် မြောက်မာရီယားနားကျွန်းစုမှာလည်း ပထမဆုံးအကြိမ်အဖြစ် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။

ဘယ်လိုပြိုင်ပွဲမျိုးလဲ

ချဲလင့်ဖလားပြိုင်ပွဲအား ၂၀၀၆ ခုနှစ်မှစတင်၍ နှစ်နှစ်တစ်ကြိမ်ကျင်းပလာခဲ့ရာ ငါးကြိမ်တိုင်ရှိခဲ့ပြီး မြန်မာအသင်းမှာ ၂၀၀၈ နှင့် ၂၀၁၀ ခုနှစ်က ဆီမီးဖိုင်နယ်အဆင့်ဖြင့်သာ ကျေနပ်ခဲ့ရသည်။

ပထမဆုံး စတင်ကျင်းပခဲ့သည့် ၂၀၀၆ ခုနှစ်ပြိုင်ပွဲကို ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ကျင်းပခဲ့ခြင်းဖြစ်သည်။ ထိုပြိုင်ပွဲမှ အနိုင်ရဗိုလ်စွဲသောအသင်းမှ အာရှအဆင့်အမြင့်ဆုံးပြိုင်ပွဲဖြစ်သည့် အာရှဖလား(Asian Cup) နောက်ဆုံးအဆင့်သို့ တက်ရောက်ကစားခွင့်ရမည်ဖြစ်ရာ ပြိုင်ပွဲဝင်အသင်းများအတွက် မက်လောက်စရာ အခွင့်အရေးပင်ဖြစ်၏။ ထိုစည်းမျဉ်းကြောင့်ပင် မြောက်ကိုရီးယားအသင်းမှာ ပြီးခဲ့သည့် အာရှဖလားသို့ တက်ရောက်ကစားခွင့် ရရှိခဲ့လေသည်။

အာရှဖလားသို့ သွားမည့်လမ်း

မြန်မာ့လက်ရွေးစင်အသင်းအနေဖြင့် ၂၀၀၈ ချဲလင့်ဖလားပြိုင်ပွဲပါဝင်ယှဉ်ပြိုင်ရန် ဖိတ်ကြားခံခဲ့ရပြီး အဆင့်သတ်မှတ်ချက်အရ ခြေစစ်ပွဲဝင်ရန်မလိုဘဲ နောက်ဆုံးအဆင့်ပွဲစဉ်များသို့ တက်ရောက်ကစားခွင့်ရသည်။ နောင်နှစ်နှစ်အကြာ ၂၀၁၀ ချဲလင့်ဖလားတွင်လည်း ပါဝင်ကစားခဲ့ပြီး နှစ်ကြိမ်တိုင် ဆီမီးဖိုင်နယ်အဆင့်သို့ ရောက်ရှိခဲ့သည်။ ၂၀၁၁ ခြေစစ်ပွဲမှာတော့ ရန်ကုန်မြေမှာပင် ကံဆိုးစွာ ခြေစစ်ပွဲအဆင့်မှ ထွက်ခဲ့ရသည်။ ၂၀၁၅ ခုနှစ်တွင် ဩစတြေးလျနိုင်ငံ၌ ကျင်းပမည့် အာရှဖလားသို့ မြန်မာအသင်းပါဝင်ယှဉ်ပြိုင်ခွင့်ရရှိရန်မှာ ယခုနှစ် ချဲလင့်ဖလားပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲရန် ကြိုးပမ်းရမည်ဖြစ်သည်။

မြန်မာအသင်းရင်ဆိုင်ရမယ့် ပြိုင်ဘက် သုံးသင်း

ရန်ကုန်မြေတွင် မြန်မာအသင်း ဧည့်ခံ ကစားရမည့် သုံးသင်းကို ကြည့်လိုက်တော့ ကမ္ဘာ့အဆင့် ၁၆၇ ဖြစ်သည့် အိန္ဒိယ၊ ကမ္ဘာ့အဆင့် ၁၇၁ တရုတ်(တိုင်ပေ) နှင့် ကမ္ဘာ့အဆင့် ၁၈၁ ဂူအမ်လက်ရွေးစင်အသင်းများဖြစ်ကြသည်။ ထိုသုံးသင်းစလုံးမှာ မြန်မာအသင်း၏ လက်ရှိကမ္ဘာ့အဆင့်ထက် နိမ့်ကျသောအသင်းများဖြစ်သည်။ အိန္ဒိယအသင်းမှာ နယ်သာလန်နည်းပြ ဝင်းမ်ကိုဗားမန်းစ်လက်အောက်တွင် ကစားပုံကောင်းလာသည်။ ကစားသမားကောင်းများ ပေါ်ထွက်ရန်ကြိုးပမ်းနေရာ တိုက်စစ်မှူးနှင့်အသင်းခေါင်းဆောင် ချက်ထရီဆိုလျှင် ပေါ်တူဂီသို့ သွားရောက်ကစားခဲ့သူဖြစ်သည်။ တရုတ်(တိုင်ပေ)နှင့်ဂူအမ်တို့မှာလည်း ယခုပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်လာကြမည်မှာ သေချာသည်။ ဂူအမ်ကစားသမားအချို့မှာ အမေရိကန်ဘောလုံးလောကတွင် ကျင်လည်နေသူများဖြစ်ရာ အသင်းလိုက်ကစားပုံအားနည်းလျှင်သော်မှ တစ်ဦးချင်းဘောလုံးစွမ်းရည်ဖြင့် မြန်မာအသင်းကို အခက်တွေ့အောင် လုပ်နိုင်ကြသူများဖြစ်သည်။

ခြေစစ်ပွဲ မလွဲစေဖို့

ဒီနှစ်ခြေစစ်ပွဲမှာတော့ ပတ်ဆောင်ဟွာ တာဝန်ယူမည့် မြန်မာအသင်းမှာ အခွင့်အရေးတွေရှိနေသည်ကို အားရဖွယ်တွေ့ရသည်။ ပြိုင်ဘက်များကိုကြည့်လျှင် ဂူအမ်နှင့်တရုတ်(တိုင်ပေ)မှာ ယခင်နှစ်အသင်းများလောက် တောင့်တင်းသောအသင်းများမဟုတ်။ အိန္ဒိယတစ်သင်းကိုသာ ခက်ခက်ခဲခဲ ယှဉ်ပြိုင်ရဖွယ်ရှိသည်။ မြန်မာအသင်း၏ ပဏာမကစားသမားများကို ကြည့်လျှင်လည်း လူငယ်သွေးသစ်များနှင့် ပွဲချိန်အပြည့် ကစားအားကောင်းကောင်းဖြင့် ကစားနိုင်သော လူငယ်များဖြစ်ကြသည်။ အတွေ့အကြုံပြည့်ဝသည့် ရာဇာဝင်းသိန်း၊ ရန်အောင်ကျော်တို့ကွင်းလယ်နှင့် ကြည်လင်း၏ ခွန်အားပြည့်တောင်ပံတစ်လျှောက် အတက်၊ အဆင်းလှုပ်ရှားမှုများက ပြိုင်ဘက်သုံးသင်းကို ဒုက္ခရောက်စေနိုင်သည်။ ကျော်ဇေယျာ ဝင်း၏ အကွက်ဆင်ပေးမှုများ၊ အဆုံးသတ်များနှင့် ကောင်းစည်သူ၏ ရှုန်းကန်အားကလည်း ဂိုးရဖို့နှင့် နိုင်ပွဲအတွက် အဖြေများဖြစ်လာနိုင်သည်။ ပရိသတ်အားနှင့်ပါ ပေါင်းစပ်မည်ဆိုပါက အိမ်ရှင်မြန်မာသည် အုပ်စုပထမနေရာကို လှလှပပအရယူသွားနိုင်မည်ဖြစ်သည်။

မြန်မာအသင်း အပေါင်းတစ် (Myanmar Team + 1)

မြန်မာ့လက်ရွေးစင်အသင်းအတွက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် ကလပ်အသင်းများပံ့ပိုးပေးထားမှုက ဒီခြေစစ်ပွဲအတွက် ရာနှုန်းပြည့် လုံလောက်မှုရှိသည်ဟု ယုံကြည်ပါသည်။ ချဲလင့်ဖလားခြေစစ်ပွဲကို ကိုယ့်အိမ်ကိုယ့်ကွင်းတွင် အောင်မြင်မှုရရှိရေးအတွက် တစ်ခုသာ လိုပါသည်။ ယင်းမှာ (၁၂)ယောက်မြောက် ကစားသမားပင်ဖြစ်လေသည်။ ဆူဇူကီးဖလားရှုံးနိမ့်မှုကြောင့် ပရိသတ်ကို အကြွေးဆပ်လိုသည့် မြန်မာအသင်းအတွက် ပရိသတ်ဘက်ကလည်း လက်ခံလိုစိတ်ရှိဖို့လိုပါသည်။ မြန်မာကစားသမားတို့ စိတ်ထဲတွင် ပရိသတ်မျက်နှာ၊ ပရိသတ်တို့၏ မြန်မာ. . မြန်မာဟု အော်ဟစ်အားပေးသံများကို သူတို့ ကျိန်းသေပေါက်လိုချင်ကြမည်ဟု ထင်မိသည်။ နိုင်ငံအတွက် ကစားနေချိန်တွင် ပွဲကြည့်စင်ပေါ်မှာ ကိုယ့်လူမျိုးကိုယ့်ပရိသတ်သာ ရှိနေမည်ဆိုပါက သူတို့မှုလစွမ်းဆောင်နိုင်အား ၇၀ ရာခိုင်နှုန်းရှိသည်ဆိုလျှင် ၉၉ ရာခိုင်နှုန်းဖြစ်လာမည်ဟု တွေးမိသည်။ ပြီးခဲ့သည့် ယူ-၂၂ အာရှခြေစစ်ပွဲအောင်မြင်ခဲ့သည်ကို ပြန်ကြည့်လျှင် သိနိုင်သည်။ ကွင်းပြည့်လျှံစွာ အားပေးခဲ့သည့် ပရိသတ်ကြောင့် မြန်မာအသင်းအာရှအဆင့်တက်လှမ်းခွင့်ရခဲ့သည်။ လာရောက်ကြည့်ရှုမည့် ပရိသတ်များအတွက် အပြန်ခရီး အခက်အခဲမရှိစေရန် ဖယ်ရီကားများ စီစဉ်ပေးထားသလို ၃၂ လက်မတီဗွီနှင့် ဆမ်ဆောင်းဂလက်ဆီ S 3 ဟမ်းဆက်များလည်း ကံစမ်းခွင့်ရှိသေးတော့ပျော်စရာပင်။ ဒါက မက်လုံးပေးခြင်းတော့မဟုတ်။ တစ်နေ့ နှစ်ပွဲကြည့်ရမည့်ပရိသတ်များ အချိန်ကြာမြင့်စွာ အပင်ပန်းခံအားပေးရမည့် ပရိသတ်များအတွက် ခေတ္တခဏ စိတ်အပန်းပြေစေသည့် သဘောဖြင့် ကံစမ်းမဲအစီအစဉ်ကို ထည့်သွင်းခြင်းဖြစ်သည်။ မြန်မာပရိသတ်က လက်ရွေးစင်အသင်း ပွဲကြီးပွဲကောင်းဆို ဘယ်လောက်ဝေးဝေး၊ ဘယ်လောက်မိုးချုပ်ချုပ်၊ ဘယ်လောက်ပင်ပန်းပါစေ ကွင်းထဲအရောက်လာသည့် ချစ်စရာကောင်းသော ပရိသတ်ဖြစ်သည်။ မြန်မာအသင်း ဘယ်လောက်ကံဆိုးဆိုး၊ ပရိသတ်က စိတ်ဆိုးတုန်းခဏဖြစ်သည်။ အချိန်တန်တော့ မျိုးချစ်စိတ်က တကူးတကလှုံ့ဆော်စရာမလို။

ဒီတစ်ခါ ချဲလင့်ဖလားခြေစစ်ပွဲမှာလည်း ယူ-၂၂ ပြိုင်ပွဲတုန်းကလို ဆောက်လက်စ ပွဲကြည့်စင်ပေါ် စွန့်စွန့်စားစားတက်ကြည့်စရာမလိုပေ။ ခုံအပြည့်ဖြင့် အစိမ်းရောင်သန်းနေသော ပွဲကြည့်စင်သစ်ကြီးများပေါ်တွင် သက်သောင့်သက်သာ ကြည့်ရှုအားပေးရင်း မြန်မာ. . . မြန်မာဟု ဟစ်ကြွေးအားပေးနိုင်တော့မည်ဖြစ်သည်။ ထိုအားပေးသံများကသာလျှင် မြန်မာအသင်းအတွက် အဓိကလိုအပ်နေသော အရာဟု ဆိုချင်ပါသည်။ ။

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
နေပြည်တော်
ကြော်ငြာစာအမှတ်-၁/၂၀၁၃
(၂၀၁၃ ခုနှစ်၊ မတ်လ ၂ ရက်)
လျှောက်လွှာခေါ်ယူခြင်း

၁။ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်တွင် အောက်ဖော်ပြပါရာထူးများ လစ်လပ်လျက်ရှိပါ၍ သတ်မှတ်ထားသော အရည်အချင်းနှင့်ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်-

စဉ်	ရာထူး	ပညာအရည်အချင်း	ခန့်ထားမည့်ဦးရေ
၁	စနစ်သရုပ်ခွဲမှူး (၅၉၀၀၀-၁၀၀၀-၆၄၀၀၀)	B.C.Sc/B.C.Tech/BE(IT)/ ဘွဲ့တစ်ခုခုရရှိပြီးကွန်ပျူတာဒီပလိုမာရရှိသူ	၁၈
၂	ကွန်ပျူတာစီစဉ်ရေးမှူး (၅၉၀၀၀-၁၀၀၀-၆၄၀၀၀)	။	၁
၃	ကွန်ပျူတာလုပ်ဆောင်ရေးမှူး (၅၉၀၀၀-၁၀၀၀-၆၄၀၀၀)	။	၃
၄	ငယ်/အင်ဂျင်နီယာ (ရေသန့်/အဆောက်အအုံ) ငယ်/အင်ဂျင်နီယာ(လျှပ်စစ်) (၅၉၀၀၀-၁၀၀၀-၆၄၀၀၀)	BE(Civil) BE(Electrical Power)	၄ ၂
၅	ငယ်/အင်ဂျင်နီယာ(စက်မှု) ငယ်/အင်ဂျင်နီယာ(လျှပ်စစ်) ငယ်/အင်ဂျင်နီယာ(ဆသရ) (၅၉၀၀၀-၁၀၀၀-၆၄၀၀၀)	BE(Mechanial) BE(Electrical Power) BE(Electrical Communication)	၁ ၁ ၁
၆	လျှပ်စစ်ကျွမ်းကျင်-၄ (၄၇၀၀၀-၁၀၀၀-၅၂၀၀၀)	BE/A.G.T.I (Electrical Power)	၄
၇	စက်မှုကျွမ်းကျင်-၄ (၄၇၀၀၀-၁၀၀၀-၅၂၀၀၀)	BE/A.G.T.I(Mechanical)	၄
၈	ဆက်သွယ်ရေးကျွမ်းကျင်-၄ (၄၇၀၀၀-၁၀၀၀-၅၂၀၀၀)	BE/A.G.T.I (Electrical Communication)	၄
၉	လုပ်သား-၂ (ရေသန့်/အဆောက်အအုံ) လုပ်သား-၂(လျှပ်စစ်) (၄၇၀၀၀-၁၀၀၀-၅၂၀၀၀)	BE/A.G.T.I(Civil) BE/A.G.T.I(Electrical Power)	၁ ၁
၁၀	ယာဉ်မောင်း-၅ (၄၁၀၀၀-၁၀၀၀-၄၆၀၀၀)	အနည်းဆုံး အခြေခံပညာ(၇)တန်း အောင်မြင်ပြီးရန်နှင့်(င)ယာဉ်မောင်းလိုင်စင်သက်တမ်း အနည်းဆုံး (၅)နှစ်ရှိသူ ဖြစ်ရန်	၄၀
၁၁	လက်သမား-၅ (၄၁၀၀၀-၁၀၀၀-၄၆၀၀၀)	အနည်းဆုံး မြန်မာစာရေးတတ်ဖတ်တတ်ရန်နှင့်သက်ဆိုင်ရာ လုပ်ငန်းကျွမ်းကျင်သူဖြစ်ရန်	၆

၂။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) အမှတ်စဉ်(၁)မှ အမှတ်စဉ်(၉)အထိနှင့် အမှတ်စဉ်(၁၁)ရာထူးတို့အတွက် ၃၁-၃-၂၀၁၃ ရက်တွင် အသက် ၃၀ နှစ်ထက် မကျော်လွန်သူ၊ ဝန်ထမ်းဖြစ်ပါက အသက် ၃၅ နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

(ဂ) အမှတ်စဉ်(၁)မှ အမှတ်စဉ်(၉)အထိ ရာထူးများအတွက် အနည်းဆုံး(၃)နှစ် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။ အမှတ်စဉ်(၁၀)နှင့် အမှတ်စဉ်(၁၁)ရာထူးများအတွက် အနည်းဆုံး (၁)နှစ် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(ဃ) နေရာဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ ဝန်ထမ်းမဟုတ်သူများသည် အောက်ဖော်ပြပါ အချက်အလက်များကို ပူးတွဲလျက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ နေပြည်တော်၊ ရန်ကုန်ဘဏ်ခွဲနှင့် မန္တလေးဘဏ်ခွဲတို့သို့ ပေးပို့လျှောက်ထားရမည်။ လျှောက်ထားရာတွင် မိမိတို့အမှန်တကယ် ရေးဖြေစာမေးပွဲဖြေဆိုမည့် နေရာသို့သာ ပေးပို့လျှောက်ထားရမည်ဖြစ်ပြီး အဆိုပါစာစစ်ဌာန၌သာ ရေးဖြေစာမေးပွဲကို ဖြေဆိုခွင့်ပြုမည်ဖြစ်ပါသည်။ လျှောက်လွှာပိတ်ရက်ထက်ကျော်လွန်ပေးပို့လာသော လျှောက်လွှာများကို လက်ခံမည်မဟုတ်ပါ။ ဝန်ထမ်းဖြစ်လျှင် မူရင်းလျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်ရာ ဌာနကြီးမှူး၏ ထောက်ခံ ချက်ဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနမှတစ်ဆင့် ၇-၃-၂၀၁၃ ရက် နောက်ဆုံးထား၍ ကြိုတင်ပေးပို့ရန် ဖြစ်ပါသည်-

(က) လျှောက်ထားမည့်ရာထူး။

(ခ) လျှောက်ထားသူ၏အမည် နိုင်ငံသားစိစစ်ရေးကတ်အမှတ်နှင့် မွေးသက္ကရာဇ်။

(ဂ) လူမျိုး၊ ကိုးကွယ်သည့်ဘာသာ၊ ပညာအရည်အချင်းနှင့် အောင်မြင်သည့်ခုနှစ်။

(ဃ) မိဘအမည်၊ အမျိုးသားမှတ်ပုံတင်/နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ အလုပ်အကိုင်။

(င) ဇနီး/ခင်ပွန်း၏အမည်၊ အလုပ်အကိုင်နှင့် နေရပ်။

(စ) ဝန်ထမ်းဖြစ်ပါက လက်ရှိရာထူးနှင့် ဌာန။

(ဆ) အမှတ်စဉ်(၁)မှ အမှတ်စဉ်(၉)ထိ ရာထူးများအတွက် အခြေခံပညာအထက်တန်း၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်မိတ္တူ။

(ဇ) အမှတ်စဉ်(၁)မှ အမှတ်စဉ်(၉)ထိ ရာထူးများအတွက် ဘွဲ့လက်မှတ်/အောင်လက်မှတ်မိတ္တူ။

(ဈ) ပတ်စ်ပို့အရွယ်ဓာတ်ပုံနှစ်ပုံ။

(ည) ဝန်ထမ်းမဟုတ်လျှင် အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ သက်ဆိုင်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ထံမှ လျှောက်လွှာပိတ်ရက်မတိုင်မီ လွန်ခဲ့သော (၁)လအတွင်း အကျင့်စာရိတ္တ ကောင်းမွန်မှုနှင့် ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်။

(ဋ) ဆက်သွယ်ရန် နေရပ်လိပ်စာ အပြည့်အစုံ၊ ဖုန်းနံပါတ်။

၄။ ရေးဖြေစာမေးပွဲကို နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ပြုလုပ်မည်ဖြစ်ပါသည်။

၅။ အမှတ်စဉ်(၁)မှ အမှတ်စဉ်(၉)ထိ ရာထူးများအတွက် ၂၃-၃-၂၀၁၃ ရက်၌ အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတ၊ ၂၄-၃-၂၀၁၃ ရက်၌ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်မှုများအား သတ်မှတ်နေရာများတွင် ဖြေဆိုရမည်ဖြစ်ပြီး၊ ရေးဖြေအောင်မြင်ပြီးသူများအား လူတွေ့စစ်ဆေးခြင်း ဖြေဆိုရန် ထပ်မံအကြောင်းကြားပေးမည်ဖြစ်ပါသည်။

၆။ အမှတ်စဉ်(၁၀)ရာထူး လျှောက်ထားသူများသည် မြို့တွင်း/ခရီးဝေး စမ်းသပ်မောင်းနှင်ပြရမည်။ အမှတ်စဉ်(၁၀)နှင့် အမှတ်စဉ်(၁၁)ရာထူးများသည် လူတွေ့စစ်ဆေးခြင်းအား ၃၀-၃-၂၀၁၃ ရက်နှင့် ၃၁-၃-၂၀၁၃ ရက်တို့တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ရုံးအမှတ်(၅၅)၊ နေပြည်တော်တွင် ဖြေဆိုအောင်မြင်ပြီးမှသာ ရွေးချယ်ခန့်ထားမည်ဖြစ်ပါသည်။

၇။ သိလိုသောအချက်များကို စီမံခန့်ခွဲမှုနှင့်နည်းပညာဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ရုံးအမှတ်(၅၅)၊ နေပြည်တော်၊ တယ်လီဖုန်းအမှတ် ၀၆၇-၄၁၈၃၆၈ သို့ လူကိုယ်တိုင် သို့မဟုတ် တယ်လီဖုန်းဖြင့် ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။





အော်စကာဆုရှင် ဒါရိုက်တာ စတီဗင်စပီးလ်ဘတ်ခ်။

(၆၆)ကြိမ်မြောက် Cannes ရုပ်ရှင်ပွဲတော်၏ အကဲဖြတ်အဖွဲ့ခေါင်းဆောင်အဖြစ် တာဝန်ယူမည့် စတီဗင်စပီးလ်ဘတ်ခ်

ဝါရင့်ဒါရိုက်တာကြီး စတီဗင်စပီးလ်ဘတ်ခ်က မေ ၁၅ ရက်မှ ၂၆ ရက်အထိ ကျင်းပမည့် (၆၆) ကြိမ်မြောက် Cannes ရုပ်ရှင်ပွဲတော်တွင် အကဲဖြတ်ဒိုင်အဖွဲ့၏ ခေါင်းဆောင်အဖြစ် တာဝန်ယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီရုပ်ရှင်ပွဲတော်ကြီးဟာ လွန်ခဲ့တဲ့ ဆယ်စုနှစ်ခြောက်ခု လောက်ကတည်းက သာမန်မဟုတ်တဲ့ ထူးခြားတဲ့ မူဝါဒလမ်းစဉ်တွေနဲ့ ကမ္ဘာ့ရုပ်ရှင်လောကမှာ ရပ်တည်နေခဲ့တာပါ။ ကျွန်တော့်ရဲ့ စွဲမြဲတဲ့ ခံယူချက် တစ်ခုအနေနဲ့ကတော့ ဒီလို ရုပ်ရှင်ပွဲတော်တွေက နေတစ်ဆင့် နိုင်ငံတကာသုံးဘာသာစကားနဲ့ ရိုက်ကူးထားတဲ့ ဇာတ်ကားကောင်းတွေကိုလည်း ဖော်ထုတ်ပေးရမယ်ဆိုတာပါပဲ" ဟု ဒါရိုက်တာ စတီဗင်စပီးဘက်ခ်က ဆိုသည်။

"ဒါရိုက်တာ စတီဗင်ရဲ့ ပထမဆုံးဇာတ်ကား ဖြစ်တဲ့ ၁၉၇၄ ခုနှစ်က Sugarland Express ဇာတ်ကားမှာပဲ သူဟာ အကောင်းဆုံးဇာတ်ညွှန်းဆုကို ရရှိခဲ့ပါတယ်။ နောက်ပြီး သူ့ရဲ့ရုပ်ရှင်တွေဟာ ဟောလိဝုဒ်ရုပ်ရှင်လောကမှာ ကြောက်ခမန်းလိလိ နေရာယူလာပါတယ်။ ဟောလိဝုဒ်ရဲ့ အထင်ကရ ရုပ်ရှင်ထုတ်လုပ်သူတစ်ဦး ဆိုရင်လည်း မမှားပါဘူး" ဟု အဆိုပါ Cannes ရုပ်ရှင်ပွဲတော်မှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

၂၀၁၂ ခုနှစ်အတွင်းက အော်စကာဆုရှင် ဒါရိုက်တာ စတီဗင်စပီးလ်ဘတ်ခ်ရိုက်ကူးခဲ့သည့် အမေရိကန်သမ္မတဟောင်း အေဗရာဟမ်လင်ကွန်းအကြောင်း ရိုက်ကူးထားသည့် Lincoln ဇာတ်ကားသည် သရုပ်ဆောင် ဒန်နီယယ်ဒေးလူးဝစ်က အကောင်းဆုံးအမျိုးသားဇာတ်ဆောင်ဆုအပါအဝင် အော်စကာဆု နှစ်ဆုကို ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

အဆိုတော် ဂျက်စတင်ဘီဘာ။

ဂျက်စတင်ဘီဘာ၏ အာကာသဖျော်ဖြေရေးအစီအစဉ်

အဆိုတော် ဂျက်စတင်ဘီဘာ တစ်ယောက် အမျိုးသားလေကြောင်းနှင့် အာကာသအုပ်ချုပ်ရေးအဖွဲ့ (နာဆာ)၏ အာကာသခရီးစဉ်အတွက် အခွင့်ထူးပေးခြင်း ခံခဲ့ရသည်။

ယင်းမှာ အာကာသအတွင်း ဖျော်ဖြေတင်ဆက်သည့် ပထမဆုံးသော အနုပညာရှင်အဖြစ် မှတ်တမ်းတင်လိုသည့် ဘီဘာ၏ဆန္ဒကို နာဆာအဖွဲ့က ဖြည့်ဆည်းပေးမည်ဟူသော ကမ်းလှမ်းချက်ပင်ဖြစ်သည်။

ဂျက်စတင်ဘီဘာက "ကျွန်တော် အာကာသထဲမှာ တေးဂီတအစီအစဉ်တစ်ခု ပြုလုပ်ချင်တဲ့ ဆန္ဒရှိနေပါတယ်" ဟု ဖေဖော်ဝါရီ ၂၃ ရက်က လူမှုရေးဝက်ဘ်ဆိုက်တစ်ခုတွင် ထုတ်ဖော်ပြောဆိုခဲ့ပြီး နာဆာအဖွဲ့အစည်းကလည်း "ကျွန်တော်တို့ သူ့ရဲ့ဆန္ဒကို အကောင်အထည် ဖော်ပေးနိုင်မယ်လို့ ထင်ပါတယ်"ဟု ပြန်လည်စကားဆိုခဲ့သည်။

အဆိုတော်ဘီဘာသည် ၎င်း၏ Believe သီချင်းဖြင့် ကမ္ဘာပတ်ခရီးစဉ်တွင် ဥရောပသို့ခြေဆန့်ရန်အတွက် ဗြိတိန်ကို ဖြတ်သန်းခရီးနှင့်လျက်ရှိကာ မန်ချက်စတာမြို့ရှိ Shankeys နိုက်ကလပ်သို့ဝင်ရောက်ဖျော်ဖြေရန်အတွက်ကို ငြင်းပယ်ခြင်းခံခဲ့ရသည်။

ဇေယျာလင်း

အော်စကာဆုရ Les Miserables ဇာတ်ကား တရုတ်နိုင်ငံတွင် စတင်ပြသ

မကြာမီကမှ အော်စကာဆုကို ထိုက်ထိုက်တန်တန် ဆွတ်ခူးရရှိထားသော Les Miserables ဇာတ်ကားကို တရုတ်နိုင်ငံ၏ရုပ်ရှင်ရုံများတွင် ဘာသာစကားပြောင်းလဲထားခြင်းမရှိဘဲ ကြာသပတေးနေ့က စတင်ပြသခဲ့ကြောင်း သိရသည်။

ယင်းဇာတ်ကားသည် စာရေးဆရာ ဗစ်တာဟူဂို၏ ၁၉၈၀ နှစ်ဦးပိုင်းက သမိုင်းမှတ်တမ်းဝတ္ထုကို ပြန်လည်ရိုက်ကူးတင်ဆက်ထားခြင်းဖြစ်ပြီး အဆိုပါဇာတ်ကားကို နိုင်ငံပေါင်း ၄၂ နိုင်ငံ၌ အကြိမ်ပေါင်း တစ်သောင်းခန့် တင်ဆက်ပြသခဲ့ပြီး ဖြစ်သည်။ ထိုကဲ့သို့ နိုင်ငံအနှံ့တင်ဆက်ပြသခြင်းဖြင့် အဆိုပါဇာတ်ကားမှ အဓိကသရုပ်ဆောင်များဖြစ်သည့် ဟက်ခ်ဂျက်မန်း၊ ရပ်ရှယ်ခရိုဝီလ်နှင့် အန်နီဟက်သ်ဝေးတို့အတွက် ရုပ်ရှင်ချစ်ပရိသတ်များပိုမိုရရှိလာမည်ဟု မျှော်လင့်ထားကြောင်း သိရသည်။

ပြီးခဲ့သည့် တနင်္ဂနွေနေ့က ကျင်းပခဲ့သော (၈၅) ကြိမ်မြောက် အော်စကာအကယ်ဒမီ ဆုပေးပွဲ အခမ်းအနားတွင် ၎င်း Les Miserables ဇာတ်ကားက ဆုသုံးခုဆွတ်ခူးခဲ့ပြီး ၎င်းတို့မှာ သရုပ်ဆောင် အန်နီဟက်သ်ဝေးက အကောင်းဆုံးအမျိုးသမီးဇာတ်ပို့ဆုအပြင် အသံပိုင်းဆိုင်ရာ အတတ်ပညာဆုတစ်ဆုနှင့် မိတ်ကပ်ပညာဆုတို့ဖြစ်ကြသည်။

ဖြိုးစန္ဒာမြင့် စုစည်းသည်

နန်းဦးလှိုင် (ထားဝယ်ရှင်ကိုးရှင်)
Ph: 056-21671, 01-391577

ဆေတနာရှင် ကျိုက်ထီးရိုး/ချောင်းသာ(နေပြည်)
ဖေ်တင်ရွှန်း Mar 11,15,22,23,24,25
392704, 09 50 66657, 09 730 17110, 09 49 244010

ရေခဲမုန့်၊ Snack၊ ဖျော်ရည်၊ သစ်သီးယိုမုန့်မှတ်သင်တန်း
EAC
0973071901, 095385622, 02-31505, 09-5134987, 01-215072

ဆရာဒွေး အင်္ဂလိပ်စာသင်တန်း
Ph: 01-375970, 0951 72096, 0950 47516

AKM TRAVELS
ကျိုက်ထီးရိုး / ချောင်းသာ
Mar 11,15,22,24
40000/-
09-49001557, 09422514874

ရွှေနဂါး
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
Ph. 209077,09-731 67000
209388,09-731 68000

ရွှေကမ်းခြေ
Aircon Express
ပေလဲ / ချောင်းသာ
09-861 4228, 09-730 67788
09-430 51977, 01-222 575

RUBY
519100
09-51-77212, 535150

"ပေလဲ"
ဖုန်း - ၀၉ - ၇၃၀၀၂၇၄၃ ၊ ၀၉ - ၄၂၀ ၁၂၇ ၅၀၂

ဦးထွန်းဦး-ဒေါ်ဝင်းမာ ဦးစီးသော
T.V (ရန်ကုန်)
ပထမဦးဆုံး
အမျိုးသား/သမီး ကားမောင်းစက်ပြင်သင်တန်း
ဖုန်း-၀၉-၅၀၄၁၅၅၀၊ ၀၉-၄၂၀၀၆၆၉၅၅၊ ၀၉-၇၃၀၄၄၃၁၁၊ ၀၁-၂၀၃၁၀၇၊ ၀၁-၅၄၅၄၀၉၊ ၀၁-၂၀၅၅၃၀
ရက်တိုတိုဖြင့် နည်းစနစ်မှန်ကန်စွာ ကားမောင်းအမြန်တတ်လိုလျှင် T.V (ရန်ကုန်) ကားမောင်းသင်တန်းကိုသာ ဆက်သွယ်ကြည့်လိုက်ပါ။
မှတ်ချက် ။ ။ မိမိတို့ တက်ရောက်လိုသော သင်တန်းအချိန်များအား အဆင်အပြေဆုံးဖြစ်စေရန် ညှိနှိုင်းရွေးချယ် လေ့ကျင့်သင်ကြားနိုင်ပါသည်။
ဆက်သွယ်ရန်လိပ်စာများ - အမှတ်(၁၆)၊ ဦးအောင်မြတ်လမ်း၊ သိမ်ဖြူကားမောင်းသင်တန်း၊ ဝင်ပေါက်အရှေ့
(၂) ဗိုလ်မှူးဗထူးလမ်း၊ U-9အကွက်၊ မြောက်ဥက္ကလာ ယာဉ်မောင်းသင်တန်းကွင်းအတွင်း
(၃) မဆလာစက်မှတ်တိုင်၊ သိမ်ဖြူတင်းနစ်ကွင်းဘေး၊ ကားကက်ဆက်တန်းထိပ်။
(၄) အမှတ်(၉၉)၊ ဗညားဒလလမ်း၊ ၁၂၄ လမ်းမှတ်တိုင်အနီး

တိုက်ခန်းငှားမည်
18'x70'၊ Hall Type (ပ) ထပ်၊ မီးပွိုင့်အနီး၊ ရတနာလမ်း၊ သဃ်န်း ကျွန်း၊
ဖုန်း-၀၉-၄၂၁၁၀၈၁၇၉

Taxi
ယာဉ်မောင်းလိုသည်
Cherry QQ 3 Probox 1.3
ဖုန်း-၀၉-၄၂၁၁၀၈၁၇၉

G-Wing 09-420172062 09-421086851
Mar-22, Apr-11/12

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်
(ပွဲစားမလို)
စမ်းချောင်း၊ လမ်းသန့်/ကျယ်
Air Con.BR1၊ Hall လျှာထိုး၊ ထပ်ခိုးပါ ရေချိုးခန်း၊ အိမ်သာ၊ ကြွေပြား/ဘိုထိုင် ရှေ့နောက်သံပန်း ၇လွှာ၊ (၂၂၅ သိန်း)
ဖုန်း-၀၉-၅၂၄၀၁၅၀၊၀၉-၇၃၁၂၄၇၇၄၂

ကျေးဇူးဆပ်ပါမည်
ကျွန်တော် လွင်စိုး အဖ ဦးစိန်ထွန်း[၅/အရတ(နိုင်)၁၀၆၉၃၅]၏ နိုင်ငံကူးလက်မှတ်သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၃၀၉၁၅၃၈

ပျောက်ဆုံးကြောင်း
ကျွန်မ မဋ္ဌေးဋ္ဌေးစိုး[၁၂/ပဇတ(နိုင်)၀၂၉၂၈၆]ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် (M-287036)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၀၆၁၀၆၆

M.E.E.G for all engineers since 2004
ENGINEERING COMPUTER TRAINING CENTER
AutoCAD Normal Course
AutoCAD General Course
AutoCAD Archi&Civil Course
AutoCAD Mechanical Course
AutoCAD 3D-detail Course
MicroStation(2D,3D,Isoplane)
3D-StudioMAX (Modeling)
Special Rendering Course
Special Animation Course
SketchUp(Model&Render)
SolidWorks(Part&Assembly)
ETABS(Structure&RC Design)
No.18, Room no.3D, U Tun Lin Chan Lane, Second Floor ,Kamayut Township,Yangon.
Ph:01-512476, 09-73145196, 09-5140118

ဈေးဝယ်မထွက်ခင်ကြိုပြင်ဖို့ 7DAY SHOPPING GUIDE ကိုဖတ်ကြစို့
SAVE MONEY
အပတ်စဉ် သောကြာနေ့တိုင်းထွက်ပြီ...
marketing@7dayshoppingguide.com

စားဝင်အိပ်ပျော် မူးမောတင်းဝေး
မုံရွာ ဆရာမိုး
အမောလုံ နှလုံးအားဆေး

အားကစား

ဘိုင်ယန်မြူးနစ်၏ စိတ်ဝင်စားခြင်းခံထားရသော်လည်း အန်ဖီးလ်၌ ဆက်နေမယ်ဆိုတဲ့ လူးဝစ်ဆွာရတ်ဇ်

လီဗာပူးတိုက်စစ်မှူး လူးဝစ်ဆွာရတ်ဇ်သည် လီဗာပူးအသင်း ယခုနှစ်ဘောလုံးရာသီ ဥရောပပြိုင်ပွဲဝင်ခွင့်အတွက် မစွမ်းဆောင်နိုင်ဘဲ လွဲချော်ခဲ့ရင်သော်မှ အန်ဖီးလ်၌သာ ဆက်လက်ရှိနေရန်မှာ သေချာနေကြောင်း လီဗာပူးအသင်းနည်းပြ ဘရန်ဒန်ရော့ဂျာက ဆိုသည်။

သို့ရာတွင် ဥရုဂွေးနိုင်ငံ လီဗာပူးတိုက်စစ်မှူးလူးဝစ်ဆွာရတ်ဇ်အား ဂျာမန်ဘွန်ဒက်လီဂါကလပ် ဘိုင်ယန်မြူးနစ်အသင်းက လာမည့်နွေရာသီ အပြောင်းအရွှေ့ကာလတွင် ပြောင်းရွှေ့ကြေးပေါင်သန်း ၄၀ ပေး၍ ခေါ်ယူသွားမည်ဖြစ်ကြောင်း လက်ရှိဘိုင်ယန်နည်းပြနေရာတွင် လာမည့်ဘောလုံးရာသီ၌ တာဝန်ဆက်ခံမည့် ဘာစီလိုနာနည်းပြဟောင်း ပက်ဂွါဒီယိုလာက လူသိရှင်ကြားပြောကြားခဲ့သည်။

လီဗာပူးတိုက်စစ်မှူး လူးဝစ်ဆွာရတ်ဇ်အနေဖြင့်မူ လက်ရှိလီဗာပူးအသင်း၌ ပျော်ရွှင်မှုရရှိနေကြောင်း နှင့် အန်ဖီးလ်၌ နောက်ထပ်နှစ်ရာသီ ထပ်မံကစားရန်ဆန္ဒရှိနေကြောင်း ဆိုသည်။

လူးဝစ်ဆွာရတ်ဇ်သည် လီဗာပူးအသင်းသို့ လွန်ခဲ့သည့် နှစ်နှစ်က ရောက်ရှိလာခဲ့သူဖြစ်ပြီး ပရိသတ်၏ အားပေးထောက်ခံမှုရရှိထားပြီးဖြစ်၍ အသင်းနှင့်လိုက်လျောညီထွေရှိသည့် လူးဝစ်ဆွာရတ်ဇ်ကို အသင်းမှမထွက်ခွာရေးကြိုးပမ်းသွားမည်ဖြစ်ကြောင်း နည်းပြဘရန်ဒန်ရော့ဂျာက ဆိုသည်။

နိုင်လင်းကြည်

စီရိုနယ်လ်ဒိုအား စာချုပ်သစ်မချုပ်ဆိုနိုင်ခဲ့ပါက ဂါရတ်ဘေးလ်အား ခေါ်ယူလိုကြောင်း ရီးယဲလ်မက်ဒရစ်ဆို

စပိန်လာလီဂါကလပ် ရီးယဲလ်မက်ဒရစ်အသင်းသည် အသင်းတွင် ခြေစွမ်းပြကစားလျက်ရှိသော ပေါ်တူဂီစူပါစတား ခရစ္စတီယာနိုရိုနယ်လ်ဒိုကို စာချုပ်သစ်ချုပ်ဆိုရေး မအောင်မြင်ခဲ့ပါက ပရီမီယာလိဂ်ကလပ် တော့တင်ဟမ်ဟော့စပါးအသင်းမှ ဝေးလ်တောင်ပံကစားသမား ဂါရတ်ဘေးလ်အား စပိန်မြေသို့ခေါ်ယူနိုင်ရေး ကြိုးပမ်းသွားမည်ဟု ဆိုသည်။

ပေါ်တူဂီငွေကြယ်ပွင့် စီရိုနယ်လ်ဒိုသည် မိမိအနေဖြင့် လက်ရှိဘာနေဗျူးနှင့် စာချုပ်သက်တမ်းကုန်ဆုံးခဲ့ပါမူ စာချုပ်သစ်ချုပ်ဆိုလိမ့်မည် မဟုတ်ကြောင်းဖွင့်ဟလာခဲ့ရာတွင် လက်ရှိလာလီဂါချန်ပီယံ ရီးယဲလ်မက်ဒရစ်အသင်းအနေဖြင့် ယခုနှစ် ပရီမီယာလိဂ်ရာသီတွင် အကောင်းမွန်ဆုံးခြေစွမ်းနှင့်အတူ စပါးအသင်းအောင်မြင်မှုရရေး စွမ်းဆောင်ပေးခဲ့သည့် တောင်ပံကစားသမား ဂါရတ်ဘေးလ်အား ခေါ်ယူစာချုပ်နိုင်ရန် နွေရာသီအပြောင်းအရွှေ့ကာလတွင် လုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

အသက် (၂၃)နှစ်အရွယ်ရှိ တောင်ပံကစားသမား ဂါရတ်ဘေးလ်သည် ယခုနှစ် ဘောလုံးရာသီတွင် စပါးအသင်းအတွက် စုစုပေါင်းသွင်းဂိုး ၂၃ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့ခြင်းကြောင့် ရီးယဲလ်မက်ဒရစ်အသင်းက ဂါရတ်ဘေးလ်အား ယခုနွေရာသီအပြောင်းအရွှေ့ကာလ၏ အဓိကပစ်မှတ်ထားသော ကစားသမားအဖြစ် သတ်မှတ်ထားခြင်းလည်း ဖြစ်ကြောင်းသိရသည်။

စပါးအသင်းကမူ ဂါရတ်ဘေးလ်အား စာချုပ်သစ်ချုပ်ဆိုရေး ဆွေးနွေးရန်ပြင်ဆင်လျက်ရှိပြီး အနည်းဆုံးတစ်ရာသီအထိ ဝှိုက်ဟတ်လိန်းတွင် ဆက်နေရန်ဆွဲဆောင်သွားမည်ဖြစ်ကြောင်းလည်း သိရသည်။

ကောလိပ်ကျောင်းပေါင်းစုံ လှေလှော်ပြိုင်ပွဲကျင်းပပြီးစီး

ရန်ကုန် မတ် ၁

ကျန်းမာပျော်ရွှင်သော တက္ကသိုလ်ကျောင်းသား ကျောင်းသူဘဝကို ရရှိပိုင်ဆိုင်နိုင်စေရန်နှင့် နိုင်ငံ၏ လှေလှော်အားကစား အဆင့်အတန်း မြင့်မားစေရန် ရည်ရွယ်ပြီး ရန်ကုန်တက္ကသိုလ် ကောလိပ်ကျောင်းပေါင်းစုံ လှေလှော်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၅ ရက်မှ ၂၇ ရက်အထိ ရန်ကုန်မြို့ အင်းလျားလမ်းရှိ ရန်ကုန်တက္ကသိုလ်များ လှေလှော်အသင်း၌ ကျင်းပခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိတက္ကသိုလ်ခြောက်ခုမှ ပါဝင်ယှဉ်ပြိုင်ခဲ့ကာ ရန်ကုန်စီးပွားရေးတက္ကသိုလ်အသင်းက တံခွန်စိုက်ဒိုင်းဆုကိုရရှိသွားပြီး ရန်ကုန်ပညာရေးတက္ကသိုလ်(ကျား) လှေလှော်အသင်းက အမှတ်အများဆုံး ရရှိခဲ့သည်။ (မ)အမှတ်အများဆုံးကို ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် (Yangon West University)က ရရှိသည်။

လေးယောက်လှော်(ကျား) Tub Four (Men) တွင် ရန်ကုန်ပညာရေးတက္ကသိုလ်လှေလှော်အသင်း (B)က ပထမရရှိပြီး ဒုတိယဆုကို ရန်ကုန်စီးပွားရေးတက္ကသိုလ်လှေလှော်အသင်းကလည်းကောင်း၊ တတိယဆုကို ရန်ကုန်ပညာရေးတက္ကသိုလ်လှေလှော်အသင်း(A) ကလည်းကောင်း ရရှိခဲ့သည်။

နှစ်ယောက်လှော်(ကျား)Double Sculls(Men) တွင် ရန်ကုန်ပညာရေးတက္ကသိုလ် လှေလှော်အသင်း (B)က ပထမရရှိပြီး ဒုတိယဆုကို ရန်ကုန်ပညာရေးတက္ကသိုလ်လှေလှော်အသင်း(A)၊ တတိယဆုကို ရန်ကုန်စီးပွားရေးတက္ကသိုလ် (A) အသင်းကလည်းကောင်း ရရှိခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**

နည်းပြဘဝမှ အနားယူလျှင် အသင်း၏ ဒါရိုက်တာဖြစ်လိုသည့် ဖာဂူဆန်

မန်ယူအသင်းနည်းပြ ဆာအဲလက်စ်ဖာဂူဆန်သည် မန်ယူအသင်းနှင့်အတူ နှစ်ရှည်လများလက်တွဲလာခဲ့သူဖြစ်ပြီး ၎င်း၏ လက်ရှိမန်ယူနည်းပြဘဝမှ အနားယူခဲ့ပါလျှင် အသင်း၏ဒါရိုက်တာတစ်ဦးဖြစ်လာရန် ဆန္ဒရှိနေကြောင်း ပြောကြားခဲ့သည်။

ဖာဂူဆန်သည် ယခုနှစ်အသင်းအောင်မြင်မှုအတွက် အကောင်းဆုံးမစွမ်းဆောင်ပေးနိုင်ခဲ့ပါက နည်းပြဘဝမှ အနားယူရန်ဆုံးဖြတ်ခဲ့သော်လည်း လက်ရှိတွင် မန်ယူအသင်းအတွက် ဖလားသုံးလုံးရယူနိုင်ရေးအတွက် ရည်မှန်းထားကြောင်းနှင့် မန်ယူအသင်း၌ ဆက်နေရန်လည်း ဆုံးဖြတ်ထားကြောင်းဆိုသည်။

သို့ရာတွင် Twenty Four 7 ဘောလုံးမဂ္ဂဇင်းက ဖာဂူဆန်အား နည်းပြဘဝမှ အနားယူရေးနှင့် ပတ်သက်၍ တွေ့ဆုံမေးမြန်းခဲ့ရာ၌ ဂလက်စကိုမြို့သားကြီး နည်းပြဖာဂူဆန်က မိမိ၏ အနာဂတ်နှင့် ပတ်သက်၍ တစ်ဦးတစ်ယောက်မျှ မသိရှိသေးကြောင်းနှင့် နည်းပြဘဝမှ အနားယူခဲ့ပါကအသင်း၏ ဒါရိုက်တာဖြစ်လာရန် ဆန္ဒရှိနေကြောင်း ပြန်လည်ပြောကြားခဲ့သည်။

တိုက်ခန်းနှင့် လုံးချင်းအိမ်များ ရောင်းမည်

၁။ ၁၅ပေ×ပေ၄၀ မြေညီထပ်ခိုးပါ (စမ်းချောင်း)
၂။ ၁၂½ပေ×ပေ၅၀ မြေညီထပ်ခိုးပါ (စမ်းချောင်း)
၃။ ၁၂½ပေ×ပေ၅၀ ပထမထပ် (စမ်းချောင်း)
၄။ ၁၂½ပေ×ပေ၅၀ ဒုတိယထပ် (စမ်းချောင်း)
၅။ နှစ်ထပ်လုံးချင်း အသေး(၃)လုံး (အင်းစိန်)

ဆက်သွယ်ရန်-
ဖုန်း-၇၃၀၄၇၉၈၃၊ ၇၃၀၇၅၃၆၃

အိမ်နှင့်ခြံ အမြန်ရောင်းမည်

ပြင်ဦးလွင်မြို့ထဲအနီး၊ ပိုင်ရှင်အမည်ပေါက် ပေ ၄၀ x ပေ ၇၀ မြေကွက်တွင် တစ်ထပ်တိုက် တစ်လုံးပါ နေရာကောင်းအား ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။

ဆက်သွယ်ရန်-
ဖုန်း-၀၉ ၄၇၁၂၉၁၃၄

UNITY FOR GOLD WE CAN DO

ယဉ်ကျေးမှုဝန်ကြီးဌာနက လှိုက်လှဲစွာ ကျေးဇူးတင်ရှိခြင်း

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ(အကြို)ပြည်ထောင်စုဖလား အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ၂၈-၂-၂၀၁၃ရက်တွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ အောင်မြင်စွာ ကျင်းပပြုလုပ်ခဲ့ပါသည်။ ဖွင့်ပွဲအခမ်းအနားတွင် ကူညီဆောင်ရွက်ပေးခဲ့သော ဗဟိုကော်မတီ အားကစားဝန်ကြီးဌာနအားလည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအားလည်းကောင်း၊ စစ်ရေးပြအစီအစဉ်တွင် ပါဝင်ဆောင်ရွက်ခဲ့သည့် ကာကွယ်ရေးဝန်ကြီးဌာနမှ အလံကိုင်တပ်ဖွဲ့နှင့် စစ်တီးဝိုင်းတပ်ဖွဲ့များမှ အရာရှိစစ်သည်များအားလည်းကောင်း၊ ပင်မမီးရှူးတိုင်ထွန်းညှိရေးနှင့် မီးရှူးမီးပန်းပစ်ဖောက်ရေးအတွက် နည်းပညာအပါအဝင် အစစအရာရာ အကူအညီပေးသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးချုပ်ရုံးမှ အရာရှိစစ်သည်များအားလည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲမှူးချုပ်သိန်းထွန်း ဦးစီး အနီးကပ်အထောက်အကူပြု ရဲတပ်ရင်းများအားလည်းကောင်း၊ အခမ်းအနားရှိတိုင်း အမြဲတမ်းပါဝင်ကူညီပေးခဲ့သော ဝန်ကြီးဌာနအသီးသီးမှ ဝန်ထမ်းများအားလည်းကောင်း၊ အနုပညာဖန်တီးအကူအညီပေးသော အကယ်ဒမီဦးဇင်ရော်မောင်မောင်အားလည်းကောင်း၊ ခေတ်မီနည်းပညာအကြံပေးသော Xenon Co.,Ltd မှ ဦးမျိုးမင်းဦးအားလည်းကောင်း၊ ပြည်တွင်းဈေးကွက်ဆိုင်ရာများအကြံပေးသော မြန်မာအမျိုးသမီးများ စီးပွားရေးစွမ်းဆောင်ရှင်အသင်း ဒုတိယဥက္ကဋ္ဌဒေါ်နုနုရီနှင့် Xenon Co.,Ltd မှ ဦးမျိုးမင်းဦးအားလည်းကောင်း၊ အခမ်းအနားနှင့်ပင်မမီးရှူးတိုင်ကို ဖန်တီးတည်ဆောက်ပေးခဲ့သော Max Myanmar Co.,Ltd မှ ဦးခင်မောင်ကြွယ်အားလည်းကောင်း၊ ခေတ်မီအသံပိုင်းဆိုင်ရာများကို မေတ္တာဖြင့်အကူအညီပေးခဲ့သော ဂဏ်ချယ်ရီ Co.,Ltd မှ ဦးဂဏ်အားလည်းကောင်း၊ လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးပါသော ဟိုတယ်လုပ်ငန်းရှင်များအသင်းနှင့် ခရီးသွားလုပ်ငန်းရှင်များအသင်းအားလည်းကောင်း၊ အားကစားအလံသယ်ဆောင်သူ ဦးအောင်နိုင်ဦး၊ မြားပစ်အားကစားသမား မယောစိမ်းယု၊ အားကစားအဓိဋ္ဌာန် ရွတ်ဆိုပေးသော ဦးဇော်လတ်၊ ဦးဇော်လွင်တို့အားလည်းကောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ဆိုင်းဘုတ်များကို ကိုင်ဆောင်သော Volunteer Liaison Officer များနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်အလံများကို ကိုင်ဆောင်သော အားကစားသမားများအားလည်းကောင်း၊ အခမ်းအနားမှူးများနှင့် အစီအစဉ်တင်ဆက်သူများအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါသည်။

အခမ်းအနားဖြစ်မြောက်ရေးအတွက် ငွေကျပ်သိန်း(၇၀)တန်ဖိုးရှိ တီရှပ်(၅၀၀၀)ထည်ကိုပံ့ပိုးကူညီခဲ့သော ဘောဂသိဒ္ဓိဟိုတယ်နှင့် ဆေးရုံအားလည်းကောင်း၊ ငွေကျပ်သိန်း (၇၀)တန်ဖိုးရှိ တီရှပ်(၅၀၀၀)ထည်နှင့်ငွေကျပ် သိန်း(၃၀)တန်ဖိုးရှိ တိုင်းဒေသကြီးနှင့်ပြည်နယ်အလံ (၁၅)စုံတို့ကို ပံ့ပိုးကူညီခဲ့သော မိုးကြယ်စင်ကုမ္ပဏီအားလည်းကောင်း၊ ငွေကျပ် (၂၈)သိန်းတန်ဖိုးရှိ တီရှပ်(၂၀၀၀)ထည်ကို ပံ့ပိုးကူညီခဲ့သော Xenon Co.,Ltd အားလည်းကောင်း၊ ငွေကျပ်(၄၂၅)သိန်းတန်ဖိုးရှိ ပင်မမီးရှူးတိုင်တည်ဆောက်ခြင်း၊ Drummer ဝတ်စုံ (၇၇)စုံနှင့် LED Flash Light (၅၀၀၀)ခုတို့အတွက် ပံ့ပိုးကူညီခဲ့သော Premier Coffee အားလည်းကောင်း၊ ငွေကျပ်သိန်း(၄၀)တန်ဖိုးရှိ Chocopie ကိတ်မုန့်နှင့် Coffee (၁၂၀၀၀)ခုကို ပံ့ပိုးကူညီပေးသော ပထမ Group Co.,Ltd အားလည်းကောင်း၊ ငွေကျပ်(၂၀၂၅၀၀၀)တန်ဖိုးရှိ ရေသန့်ဘူး (၁၅၀၀၀)ကို ပံ့ပိုးကူညီခဲ့သော Loi Hein Co.,Ltd.အားလည်းကောင်း၊ ငွေကျပ်(၁၆)သိန်းတန်ဖိုးရှိ Ice Coffee (၁၂၀၀၀)ခွက်ကို ပံ့ပိုးကူညီခဲ့သော Ocean အားလည်းကောင်း၊ ငွေကျပ် သိန်း(၂၀)တန်ဖိုးရှိ ပေါင်မုန့် (၁၅၀၀၀)ခုကို ပံ့ပိုးကူညီခဲ့သော မြန်မာမေစန်း Co.,Ltd အားလည်းကောင်း၊ ငွေကျပ်(၄၆)သိန်းတန်ဖိုးရှိ Sport Shirt အင်္ကျီ(၁၀၀၀)ထည်ကို ကူညီပံ့ပိုးခဲ့သော i-max Co.,Ltd အားလည်းကောင်း၊ ငွေကျပ် (၁၈၆၀၀၀၀)တန်ဖိုးရှိ ငှက်ပျောသီး (၁၇၆၀)ဖီးကို ပံ့ပိုးကူညီခဲ့သော ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ထမ်းများအားလည်းကောင်း လှိုက်လှဲစွာကျေးဇူးတင်ရှိပါသည်။

မေတ္တာဖြင့် တေးသီချင်းများကို ရေးစပ်သီဆိုပေးပါသော ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့၊ တေးရေးဟသ်ာတမြင့်ငွေ၊ မြင့်မိုးအောင်၊ စောခူဆဲ၊ ချစ်ဆွေမြင့်၊ အကယ်ဒမီ မီရာမိုရ်၊ ရွှေတိုင်ညွန့်၊ တေးဆိုမြန်မာပြည်သိန်းတန်၊ မေခလာနှင့်အဖွဲ့၊ စိုင်းစိုင်းခမ်းလှိုင်၊ သီရိဆွေ၊ ဟဲလေးနှင့်အဖွဲ့၊ ဖြိုးကြီး၊ ယုဇနာ၊ နီနီခင်ဇော်၊ Lလွန်းဝါ၊ လေးလေးဝါး၊ ချမ်းချမ်း၊ အိမွန်မွန်စိုး၊ စောမြတ်မိုး၊ မေသက်ထားဆွေနှင့်အဖွဲ့အားလည်းကောင်း၊ အနုပညာဖျော်ဖြေတင်ဆက်မှုများတွင် ကကြိုးကကွက်များကို မေတ္တာဖြင့် သင်ကြားပြသပေးသော ဒေါ်စန်းနု၊ ဒေါ်အုန်းရီ၊ ဒေါ်နုနုခင်တို့အားလည်းကောင်း၊ ဖျော်ဖြေတင်ဆက်မှုများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသော ကရင်ပြည်နယ်မှ ကရင်ရိုးရာဒုံးယိမ်းအဖွဲ့၊ ရှမ်းပြည်နယ်မှ တိုးနယားအကအဖွဲ့၊ ကျောက်ဆည်မြို့မှ ဆင်အကအဖွဲ့နှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနမှ ဝန်ထမ်းများအားလည်းကောင်း လှိုက်လှဲစွာကျေးဇူးတင်ရှိပါသည်။

ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့်ဝန်ထမ်းများ
ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားအောင်မြင်စွာ ကျင်းပရေးကော်မတီ

အထက်မြန်မာပြည်သတင်း

လမင်းတရာ ဓမ္မဥယျာဉ် စာဖတ်ခန်း

ပြင်ဦးလွင် မတ် ၁

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ရပ်ကွက်ကြီး (၅) အမှတ်(၈၇) ကလပ်လမ်းတွင် ဦးလှမင်း (ဒုတိယ အထွေထွေမန်နေဂျာ) အငြိမ်းစားသစ်လုပ်ငန်းမှ စာဖတ်အားမာန်စီမံကိန်းတစ်ရပ်ကို လမင်းတရာဓမ္မဥယျာဉ်မှ စီစဉ်၍ ကျောင်းသားကျောင်းသူများ စာဖတ်အား တက်စေရန် ကျောင်းပိတ်သည့်မတ်လ ၁ ရက်မှ မေလ ၃၁ ရက်အထိ ပြုလုပ်မည်ဖြစ်သည်။

လမင်းတရာဓမ္မဥယျာဉ်မှ မူလတန်းကျောင်းသား ကျောင်းသူများ တစ်နေ့စာဖတ်ချိန် နှစ်နာရီကျော်ပါက ပညာရောင်ခြည်ဗလာစာအုပ်တစ်အုပ် လက်ဆောင်ပေးမည်ဖြစ်ပြီး နေ့စဉ်လာရောက်စာဖတ်ပါက တစ်ဦးလျှင် စာအုပ် ၂၄ အုပ်ရရှိကာ အလယ်တန်းနှင့် အထက်တန်းကျောင်းသား ကျောင်းသူများအတွက် တစ်နေ့စာဖတ်ချိန် သုံးနာရီကျော်ပါက တစ်ဦးလျှင် ၃၆ အုပ်အထိ လက်ဆောင်ရရှိနိုင်သည်။မတ် ၁ ရက်မှ မေ ၅ ရက်အထိ နေ့စဉ်စာဖတ်ချိန်များ မှတ်တမ်းထားရှိမည်ဖြစ်ကာ စာဖတ်ချိန်အများဆုံး ကျောင်းသား ကျောင်းသူများအား လမင်းတရာဓမ္မဥယျာဉ်မှ အခမ်းအနားပြုလုပ်၍ မေတ္တာလက်ဆောင်များ ထပ်ဆင့်ပေးမည်ဖြစ်ပြီး ကျောင်းသားကျောင်းသူ မည်သူမဆို လမင်းတရာဓမ္မဥယျာဉ်တွင် စာရင်းပေးသွင်းနိုင်သည်။

လမင်းတရာ ဓမ္မဥယျာဉ်စာဖတ်ခန်းတွင် ရဟန်းပုဂ္ဂိုလ်နိုင်ငံကျော်စာရေးဆရာကြီး၏ မှတ်တမ်းဓာတ်ပုံများ၊ အထွေထွေဗဟုသုတစာအုပ်၊ မဂ္ဂဇင်းစာအုပ်များ၊ နေ့စဉ်ထုတ်သတင်းစာ၊ ဂျာနယ်များ စုံလင်အောင်ထားရှိပြီး စာကြည့်တိုက်တည်ထောင်သူ၏ ရည်ရွယ်ချက်မှာ စာပေမှသည် ပညာ၊ ပညာမှသည် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး စာကြည့်တိုက်သတ္တဝါမှန်သရွေ့ တရားတွေ့ ချမ်းမြေ့သာယာရှိပါစေဟူ၍ဖြစ်သည်။ လမင်းတရာဓမ္မဥယျာဉ်အား ထာဝစဉ်တည်တံ့ရေးအတွက် လမင်းတရာမိသားစုမှ ဆောင်ရွက်နိုင်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။ **(နေလင်း)**

ပြင်ဦးလွင်၌ နှစ်တိုနှစ်ရှည်ပင်များ ဖြစ်ထွန်းအောင်မြင်

ပြင်ဦးလွင် မတ် ၁

မန္တလေး တိုင်းဒေသကြီးအား တောအုပ်များ ဖုံးလွှမ်းနေသော တိုင်းဒေသကြီးဖြစ်ရမည်ဟု တိုင်းဒေသကြီး ဝန်ကြီးချုပ်၏လမ်းညွှန်ချက်အရ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန မြို့နယ်သစ်တောဦးစီးဌာနမှ ချမှတ်ပေးအပ်ခဲ့သော စီမံချက်များနှင့်အညီ သစ်တောဌာန စိုက်ခင်းများ သစ်တောဒေသအစုအဖွဲ့ပိုင် တည်ထောင်ခွင့်ပြုထားသော စိုက်ခင်းများတွင် နှစ်တို နှစ်ရှည်ပင်များဖြစ်သည့် ရတနာတန်းဝင်ကျွန်း၊ ယမနေ၊ ခါတော်မီနှင့် အခြားသစ်မျိုးစုံအပင်များ ဖြစ်ထွန်းအောင်မြင်လျက်ရှိသည်ကို တွေ့ရသည်။

မြို့နယ်သစ်တောဦးစီးဌာနမှ သစ်တောဒေသအစုအဖွဲ့ပိုင် တည်ထောင်ခွင့်ရ ဦးကြည်ဝင်းက နှစ်တို နှစ်ရှည်ပင်များဖြစ်သည့် ရတနာတန်းဝင်ကျွန်း၊ ယမနေ၊ ခါတော်မီပင်များကို မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာနှင့် ပံ့ပိုးကူညီမှုဖြင့် အတန်းလိုက် တစ်ပင်ကို ဆယ်ပေအကွာ ခြားလျက် စနစ်တကျစိုက်ပျိုးခဲ့သည်။ စိုက်ပျိုးပြီး နှစ်တို နှစ်ရှည်ပင်များ ရှင်သန်ကြီးထွားလာသည့် သုံးနှစ်သားအရွယ်၌ အောက်ခြေတွင် စီးပွားဖြစ် ကော်ဖီပင်များကို စတင်စိုက်ပျိုးထားရှိရာ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး စိုက်ပျိုးပြီး ကော်ဖီပင်သုံးနှစ်သားအရွယ်တွင် ကော်ဖီသီးစတင်သီးသည်။ သီးနေသောအသီးများအား စတင်သီးသည့် နှစ်ဖြစ်လျှင် ခူးဆွတ်ပစ်ရသည်။ လေးနှစ်သားအရွယ်မှာ အသီးများဝေဆာလျက် အသီးသီးနေပြီး ဝင်းမှည့်နေလျက်ရှိသော အသီးများအား အခြောက်လှန်း၍ စီးပွားဖြစ် ရောင်းရတော့မည်ဟု ပြောပြသည်။

နှစ်တို နှစ်ရှည်ပင်များဖြစ်သည့် ရတနာကျွန်းစိုက်ခင်းကိုလည်း နေရာလပ်မရှိအောင် အတန်းလိုက်စိုက်ပျိုးထားလျက်ရှိရာ ဖြစ်ထွန်းအောင်မြင်လျက်ရှိပြီး ရတနာကျွန်းစိုက်ခင်းအတန်းအောက်၌ စားသုံးသီးနှံများ စိုက်ပျိုးထားသည်ကို တွေ့ရှိရသည်။ မြို့နယ်အတွင်း မြို့နယ် သစ်တောဦးစီးဌာနမှ သစ်တောကြိုးဝိုင်းမြေများ၊ ဒေသအစုအဖွဲ့ပိုင် တည်ထောင်ခွင့်ရမြေများအတွင်း နှစ်တိုနှစ်ရှည်ပင်များနှင့် အခြားအပင်မျိုးစုံတို့အား စိုက်ပျိုးထားရှိရာ အောင်မြင်ဖြစ်ထွန်းနေပြီး နောင်လာမည့် သုံး၊ လေးနှစ်အတွင်း တောအုပ်များ ဖုံးလွှမ်းလျက်ရှိသော ပြင်ဦးလွင်မြို့တော် ဖြစ်လာမည်ဟု သိရသည်။ **(၆၁၃)**

ဝမ်းတွင်းမြို့ ရွှေတောင်ဝါသုတေသနနှင့် မျိုးပွားခြံ သင်တန်းသားများလေ့လာ

ဝမ်းတွင်း မတ် ၁

အာဆီယံအဖွဲ့မှ ကြီးမှူး၍ ဗီယက်နမ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့တွင် ပူးပေါင်းဖွင့်လှစ်သည့် စပါးမျိုးစေ့ထုတ်လုပ်မှုနှင့် သန့်စင်မှုနည်းပညာသင်တန်းတွင် တက်ရောက်လျက်ရှိသော စိုက်ပျိုးရေးဦးစီးဌာနမှ သင်တန်းသား ၁၀ ဦး၊ တောင်သူလယ်သမား သင်တန်းသား ၁၀ ဦး၊ စိုက်ပျိုးရေးဦးစီးဌာနမှ သင်တန်းကြီးကြပ်သူ သုံးဦး စုစုပေါင်း ၂၃ ဦးပါဝင်သည့် သင်တန်းသားအဖွဲ့သည် ဖေဖော်ဝါရီ ၂၆ ရက် မွန်းလွဲ ၁ နာရီက ဝမ်းတွင်းမြို့ ရွှေတောင်ဝါ သုတေသနနှင့် မျိုးပွားခြံတွင် စိုက်ပျိုးဆောင်ရွက်လျက်ရှိသည့် ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ထုတ် စိုက်ကွင်း ဧက ၅၀၀ နှင့် သီးနှံစမ်းသပ် စိုက်ကွင်း ၅၀ ဧက တို့အား သွားရောက်လေ့လာရာ စိုက်ပျိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး (စိုက်ပျိုးပညာပေးရေး) ဦးနိုင်ကြည်ဝင်း၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ခင်နှင့် မိတ္ထီလာခရိုင်ဦးစီးမှူး ဦးမျိုးဇော်တို့က ရှင်းလင်းဆွေးနွေးပြသခဲ့ကြောင်း သိရသည်။ **(၅၇၉)**

မီးလောင်လျှင်

(က) ထွက်မပြေးပါနှင့်၊ စိတ်ကို တည်တည်ငြိမ်ငြိမ်ထားပါ။

(ခ) ကျိတ်မငြိမ်းသတ်ပါနှင့်၊ ပတ်ဝန်းကျင်သို့ အကူအညီ တောင်းပါ။

(ဂ) ဝိုင်းဝန်းကြိုးစား ငြိမ်းသတ်ပါ။

(ဃ) မီးသတ်တပ်ဖွဲ့နှင့် လုပ်သားပြည်သူများ အချိန်မီ ပူးပေါင်းငြိမ်းသတ်နိုင်လျှင် မီးလောင်မှုကြီး မဖြစ်နိုင်ပါ။

မီးသတ်ဦးစီးဌာန

မြင်းခြံမြို့ ကူရွာကျေးရွာမှ မြန်မာ့ရိုးရာအစားအစာ မုန့်သြဇာလုပ်ငန်း

မြင်းခြံ မတ် ၁

မြန်မာလူမျိုးတို့သည် ရိုးရာအစားစာ မုန့်သရေစာကို နှစ်သက်စွာစားသုံးတတ်သည့် လူမျိုးများဖြစ်သည်။ မုန့်သြဇာသည် မြန်မာ့ရိုးရာအစားအစာများထဲတွင် လူကြိုက်များသည့် မုန့်တစ်မျိုးဖြစ်သည်။ မြင်းခြံမြို့ အဝင် ကူရွာကျေးရွာ၌ မုန့်သြဇာလုပ်ငန်းကို မိသားစုတစ်ပိုင်တစ်နိုင် အိမ်တွင်းမှု စီးပွားရေးလုပ်ငန်းအဖြစ် လုပ်ကိုင်လျက်ရှိပြီး မြင်းခြံမြို့နှင့် အနီးတစ်ဝိုက်ရှိ နွားထိုးကြီး၊ တောင်သာ၊ မလှိုင်၊ မိတ္ထီလာ၊ သာစည်၊ ကျောက်ပန်းတောင်း၊ ရမည်းသင်း၊ ပျဉ်းမနား၊ နေပြည်တော်၊ မန္တလေး၊ ရန်ကုန်မြို့များနှင့် အောင်ပန်း၊ တောင်ကြီး၊ လွိုင်ကော် စသည့်ဒေသများသို့ တင်ပို့ရောင်းချနိုင်သည်အထိ ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်ကြောင်း သိရသည်။

“မုန့်သြဇာလုပ်ငန်းကို ကူရွာဒေသခံများနည်းတူ လုပ်ကိုင်လာခဲ့တာ နှစ်ပေါင်း တော်တော်ကြာပါပြီ။ မုန့်သြဇာလုပ်ငန်းမှာ အဓိကကုန်ကြမ်းက ကုလားပဲမှုန့်(စစ်စစ်)၊ သာကူမှုန့်၊ ထန်းလျက်နဲ့ ကြံသကာတို့ဖြစ်ပါတယ်။ ကုလားပဲမှုန့်နဲ့ သာကူမှုန့်ကို ဆတူရောစပ်နယ်နှပ်ပြီး ကြိတ်စက်မှာ ကြိတ်ရတယ်။ ကြိတ်လို့ရတဲ့ မုန့်အနှစ်အခဲကို အချောင်းတွေဖြစ်ဖို့ ပုံဖော်စက်နဲ့လှည့်ပြီး အချောင်းတွေကိုရအောင် လုပ်ရတယ်။ စက်နဲ့လှည့်လို့ရတဲ့ အချောင်းတွေကို ပိုင်းဖြတ်ပြီးရင် အပိုင်းအရစ်ကလေးတွေ ပြေပြေပြစ်ပြစ်ဖြစ်အောင် ဆန်ကောထဲမှာ သာကူမှုန့်နဲ့ လှိမ့်လှိမ့်ပေးရတယ်။ အဲဒီအဆင့်ပြီးရင် ဆီနဲ့ ကြော်ရတယ်။ ဆီနဲ့ကြော်ပြီးရင် ထန်းလျက်ရည်၊ ကြံသကာရည်မှာ နှစ်စိမ်ပြီး အရသာပြည့်စုံအောင် ပြုလုပ်ရတယ်။ စိတ်ကြိုက်ထန်းလျက်မရတဲ့ ရာသီဆိုအရည်အသွေးကောင်းမွန်တဲ့ ကြံသကာနဲ့ ပြုလုပ်ရပါတယ်။ ထန်းလျက်မှာ ထန်းဖိုကထွက်တဲ့ ထန်းလျက်နဲ့ လုပ်တဲ့ မုန့်သြဇာက ကာလရှည်ကြာ သိုလှောင်ထားရင် အရသာပျက်သွားတတ်ပြီး ထန်းမကထွက်တဲ့ ထန်းလျက်နဲ့ ပြုလုပ်မှ ကာလရှည်ကြာ သိုလှောင်ရောင်းချလို့ရမယ့် အရသာပြည့်စုံ ကောင်းမွန်တဲ့ မုန့်သြဇာကို ရရှိတာဖြစ်ပါတယ်”ဟု ကူရွာကျေးရွာမှ ရွှေပုံလွှားမုန့်သြဇာ လုပ်ငန်းလုပ်ကိုင်သည့် ဦးကံကပြောသည်။

ကူရွာကျေးရွာထွက် မုန့်သြဇာများကို ၃၅ ကျပ်သားအထုပ် တစ်ထုပ်လျှင် ကျပ် ၃၅၀ ဖြင့်လည်းကောင်း၊ ၅၀ ကျပ်သားမုန့်တစ်ထုပ်ကို ကျပ် ၅၀၀ ဖြင့်လည်းကောင်း လက်ကားရောင်းချပြီး မြင်းခြံမြို့နှင့် အဆိုပါမြို့နယ်ရှိ ကျေးရွာများမှ လာရောက်ဝယ်ယူမှုများအတွက် ရောင်းဝယ်ဖောက်ကားလျက်ရှိကြောင်း သိရသည်။

ဦးချမ်းသာ(မိတ္ထီလာ)

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

မန္တလေးမြို့၊ အိမ်အမှတ်(၂၃၂)၊ (၆၂)လမ်း၊ မဟာဇေယျာဘုံရပ်နေ
ဒေါ်အေးတင့်၊ ဒေါ်အေးဆင့်တို့၏မြေး
ဦးအောင်ဆန်း(မန်နေဂျာ- မြန်မာ့စီးပွားရေးဘဏ်-ငြိမ်း)-ဒေါ်ခင်စောမာ @ Margaret Shwe တို့၏ သားလတ်

ဒေါက်တာထင်အောင်ကျော် B.D.S(Ygn)

နှင့်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ရတနာအိမ်ရာ၊ မြလမ်း၊ ခြံအမှတ်(၁၂၉/၁၃၀)နေ
ဒုတိယဗိုလ်မှူးကြီး ရဲထွန်း(ငြိမ်း)(အထွေထွေမန်နေဂျာ- မြန်မာ့စီးပွားရေးဘဏ်-ငြိမ်း)-ဒေါ်သိင်္ဂီဇင်တို့၏
တစ်ဦးတည်းသောသမီး

မဇင်မာရဲထွန်း (LL.B)

တို့၏ ၂၀-၂-၂၀၁၃ ရက်တွင် ရန်ကုန်မြို့ Chatrium Hotel, Ball Room I တွင် ကျင်းပပြုလုပ်သော မင်္ဂလာမော်ကွန်းလက်မှတ်ရေးထိုးပွဲ အခမ်းအနားတွင် မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးပါသော ရန်ကုန်တိုင်းဒေသကြီး၊ တရားလွှတ်တော် တရားမဌာန ဒုတိယညွှန်ကြားရေးမှူးဦးကျော်စွာငြိမ်း၊ မင်္ဂလာအသိသက်သေအဖြစ် လက်မှတ်ရေးထိုးပေးကြသော မြင်းခြံမြို့ ဒီဂရီကောလိပ်မှ လက်ထောက်ကထိက ဦးမျိုးသန့်အောင်နှင့်ဇနီး၊ Euro Myanmar Trading Co.,Ltd မှ Managing Director ဦးကျော်ဇေရဲထွန်းနှင့်ဇနီး တို့အားလည်းကောင်း၊၂၃-၂-၂၀၁၃ရက်တွင် Chatrium Hotel- The Grand Ball Room ခန်းမတွင် မင်္ဂလာဧည့်ခံပွဲအခမ်းအနားသို့ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးကြပါသော ဂုဏ်သရေရှိလူကြီးမင်းများ၊ လုပ်ဖော်ကိုင်ဖက်ဆွေမျိုး မိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ ကိုယ်တိုင်မကြွရောက်နိုင်ပါသော်လည်း မင်္ဂလာလက်ဖွဲ့များ ပေးပို့ချီးမြှင့်ပေးကြပါသော ဂုဏ်သရေရှိ လူကြီးမင်းများအားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲ အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော Euro Myanmar Trading Co.,Ltd မှ Director ဒေါ်စန္ဒာဦး၊ တေးသီချင်းများဖြင့် ဖျော်ဖြေသီဆို ပေးပါသော ဦးမြတ်ဘုန်းစံ၊ မင်္ဂလာဝတ်စုံများနှင့် မင်္ဂလာပွဲဖြစ်မြောက်အောင် စီစဉ်ပေးပါသော ဒေါ်အိကျော်ဇင် (VIVID Fashion Taste)၊ မိတ်ကပ်နှင့် ဆံပင်အလှ ဆင်ပေးကြပါသော ဒီဇင်ဘာနှင်းနှင့် မိတ်ကပ်မေသန်း၊ မှတ်တမ်းတင် ဓာတ်ပုံ၊ ဗီဒီယို ရိုက်ကူးပေးပါသော မလိမ္မာ(မြန်မာစာ)နှင့် မျိုးအောင်ကျော်၊ The Grand Ball Room မင်္ဂလာခန်းမနှင့် မင်္ဂလာညစာ စားပွဲအား စီစဉ်ပေးသော Chatrium Hotel မှ Banquet Sales Executive ဒေါ်ဟေမာန်သန်းညွှန့်နှင့်ဝန်ထမ်းများ၊ မင်္ဂလာပွဲ ဖြစ်မြောက်အောင် အဘက်ဘက်မှဝိုင်းဝန်းကူညီပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူ အားလုံး တို့ကို ကျေးဇူးဥပကာရ တင်ရှိပါကြောင်း။

နှစ်ဖက်သော မိဘများနှင့်
ဒေါက်တာထင်အောင်ကျော်-မဇင်မာရဲထွန်း

ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ်(အ-၆)၊ ဦးပိုင်အမှတ်(၂)၊ ၆၇×၆၈ကြား၊ ဇော်ဂျီလမ်း၊ ဒေါ်စောတင်အမည်ဖြင့် ချထားပေးသော မြေကွက်အား ဒေါ်အေးသီ နိုင်ငံသားစိစစ်ရေးကတ်အမှတ် [၉/မမန(နိုင်)၀၀၄၂၂၆]မှ အမှုတွဲအမှတ် (၂၉၆၉/၂၀၁၂-၂၀၁၃)ဖြင့် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဂရန်သစ်အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(မ-၂၉)၊ ဦးပိုင်အမှတ်(၇)၊ ၅၇×၅၈လမ်းကြား၊ (၄၁)လမ်း၊ ဦးကျောက်ညီလိုင်း အမည်ဂရန်မြေကွက်အား ဒေါ်ဖြူနှင်းလွင် နိုင်ငံသားစိစစ်ရေးကတ်အမှတ်[၁၃/လရန(နိုင်)၁၂၁၉၅၇]ဖြင့် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဂရန်စာချုပ်မူရင်းမှာ လက်ဝယ်တွင်ပျောက်ဆုံးသွားပါသဖြင့် အမည်ပြောင်း/ဂရန်မိတ္တူ အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

Total Skin Repair

ဝက်ခြံ၊ တင်းတိပ်၊ မှဲ့ခြောက်၊ အမည်းကွက်၊ အမည်းစက်
ချိုင့်ကွက်၊ နေလောင်ကွက်များ ပြုပြင်ရာဌာန

ဆိုင်(၁) - မြန်မာ့ဂုဏ်ရည်အိမ်ရာ (မောင်ဝိတ်ကွန်ဒို)၊ ၄လွှာ၊ အခန်း(၄၀၀)၊ အောင်ဆန်းကွင်းအနီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

ဆိုင်(၂) - အခန်း(၀၁)၊ တိုက်(၄/၄)၊ ရန်ရှင်းလမ်းမကြီး၊ ရွှေအုန်းပင်အိမ်ရာ(၃)၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၉-၂၀၀၀၉၂၆

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၂၇ယ/၆၄၅၉၈၊ Zong Shen-125၊ ဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူအမည် ဒေါ်ယဉ်ယဉ်ကျေး၊ မှတ်ပုံတင်အမှတ် [၉/ခအဇ(နိုင်)၀၀၇၈၈၄]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)
မန္တလေးမြို့

ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ်(သ-၄)၊ ဦးပိုင်အမှတ်(၆၁)၊ ၇၀×၇၁လမ်းကြား၊ ကျွဲဆည်ကန်ကားကြီးဝင်းတောင်ဘက်၊ ဦးစံရွှေထွန်း အမည်ပေါက် ဂရန်မြေကွက်အား ဒေါ်လှိုင်လှိုင်ဦး နိုင်ငံသားစိစစ်ရေးကတ်အမှတ်[၉/မနတ (နိုင်)၀၀၀၂၁၅] ဖြင့် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ တောမှမြို့ပြောင်း/အမည်ပြောင်း/အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊သီရိဟေမာအနောက်ရပ်ကွက်၊ အကွက်အမှတ်(၂၂၆)၊ ဦးပိုင်အမှတ်-၃၈(ခဲစင်း)၂၆x၂၇လမ်းကြား၊ သင်္ဂဇာနှင့်ကမ်းနားလမ်းကြား၊ ဦးမူပါ-၂ အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား ဒေါ်ခင်သန်းနွဲ့ [၉/မနတ(နိုင်)၀၇၆၀၆၅]၊ ဦးစိန်ဝင်းကွန့် [၉/မနတ(နိုင်)၀၇၈၂၃၁]၊ ဒေါ်ရီဝင်းကွန့် [၉/မနတ(နိုင်)၀၇၆၀၆၇]၊ ဒေါ်လွင်မာကွန့် [၉/မနတ(နိုင်)၀၇၆၀၆၈]၊ မောင်စည်သူမျိုး[၉/အမဇ(နိုင်) ၀၀၄၉၄၆]၊ မမေသူမျိုး [၉/အမဇ(နိုင်)၀၀၄၈၇၁]၊ မောင်အာကာမျိုး [၉/အမဇ(နိုင်)၀၁၁၇၉၁]၊ မောင်ထက်နေအောင် [၉/အမဇ(နိုင်)၀၁၇၁၈၀]ဖြင့် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ မြေရာဇဝင်ရေးကူးခွင့် ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ဆေးဖက်ဝင်ရာသီစာ သမားမုန်းဖူးသုပ်

မြန်မာ့တိုင်းရင်းဆေးသမားတော်ကြီးများ ဆေးကုသရာတွင် ဆေးလည်းအစာ၊ အစာလည်း ဆေးဆိုသည့် အသုံးအနှုန်းစကားစုသည် မြန်မာမှုနယ်ပယ်တွင် တွင်တွင်ကျယ်ကျယ် သုံးနှုန်းသောယဉ်ကျေးမှုစာစုအဖြစ် ယနေ့တိုင်ရှင်သန်နေဆဲဖြစ်သည်။

ရှေးခေတ်ရှေးအခါက ယခုခေတ်ကဲ့သို့ နည်းပညာများ မထွန်းကားသေးသည့်အတွက် ပဋိဇီဝဆေးဝါးများကို ခေတ်မီသည့်ထုပ်ပိုးမှုပုံစံကို မပြုလုပ်နိုင်ခဲ့ပေ။ ထိုခေတ် ထိုအခါက မြန်မာတိုင်းရင်းဆေးသမားတော်များ၏ နည်းပညာလက်စွဲတော်မှာ သံငရုတ်ဆုံနှင့် ကျည်ပွေ့ပင်ဖြစ်သည်။

ဆေးဖက်ဝင်သစ်ဥ၊ သစ်ဖု၊ သစ်ခေါက်၊ သစ်မြစ်၊ သစ်သီးတို့ကို အခြောက်ခံ၊ သံငရုတ်ဆုံတွင် ထည့်၍ထောင်း၊ ထောင်း၍ရသည်များကို ပိတ်စိမ်းပါးပေါ်တင်၍ လက်နှင့်ပွတ်ပေးပြီး ကျလာသမျှ အမှုန့်များကို အမျိုးအစားအလိုက်၊ သတ်မှတ်အချိုးအစားမျှတစွာ ရောစပ်၍ အနာနှင့်ဆေးသင့်အောင်ပေး၍ ရောဂါများကိုကုသပေးခဲ့ကြသလို ဆေးဖက်ဝင်အဖူး၊ အပွင့်၊ အသီး၊ အရွက်၊ အခေါက်၊ အမြစ်၊ ဥ စသည်တို့ကို သုံးခွက်တစ်ခွက်တင်ကျို၍လည်းကောင်း၊ ပြုတ်၍လည်းကောင်း၊ သုပ်၍လည်းကောင်း၊ ကြော်၍လည်းကောင်း အပူနာ၊ အအေးနာ ခွဲခြားပြီး ရာသီနှင့်ညှိ၍ ဆေးလည်းအစာ၊ အစာလည်းဆေး ဓာတ်စာအဖြစ်ကျွေး၍ ရောဂါအမျိုးမျိုးကို ကုသခဲ့ကြသည်။

ယခုလို တပို့တွဲလရောက်ပြီဆိုကတည်းက သမားမုန်းပင်တစ်ပင်လုံး သမားမုန်းဖူးများ မြိုင်မြိုင်ဆိုင်ဆိုင် ဖူးလျက်ရှိကြသည်။ အဆိုပါ သမားမုန်းဖူးလေးများကို စိတ်ရှည်လက်ရှည်ခူးဆွတ်၍ ရေနွေးဆူဆူတွင် ခေတ္တစိမ်၍ အရည်ကိုငှဲ့ပစ်ရသည်။ အလားတူ နောက်တစ်ကြိမ်စိမ်၍ ငှဲ့ပြီးနောက် ရေအေးအေးတွင် တစ်ညခန့်စိမ်ထားရသည်။ ဤသို့ ပြုလုပ်ရခြင်းမှာ သမားမုန်းဖူးသည် ခါးသက်သောအရသာရှိခြင်းကြောင့် ဖြစ်သည်။

သမားမုန်းဖူးကို သုပ်တော့မည်ဆိုလျှင် ဆယ်၍ ရေညှစ်၊ ကတ်ကြေးနှင့်ကိုက်၊ ကြက်သွန်ဖြူဆီချက်၊ မြေပဲဆန်လှော်ထောင်း၊ ပါးပါးလှီး၍ရေစိမ်ထားသော ကြက်သွန်နီ၊ ပုစွန်ခြောက်မှုန့်၊ ပဲမှုန့်အကျက်အနည်းငယ်နှင့် ဆား၊ ငံပြာရည်တို့နှင့် သုပ်ပြီးစားမည်ဆိုလျှင် ထူးကဲသောအရသာရှိသည့် ဟင်းလျာတစ်ခွက်လည်းဖြစ်သလို အစာမကြေ၊ ရင်ပြည့်၊ လေထိုး၊ လေအောင့်၊ အဆစ်အမျက်နာ၊ လေးဖက်နာ၊ နောက်ကျောတက်၊ ရင်ဘတ်နာ၊ ဆီးပူ၊ ဝမ်းချုပ်ရောဂါများကိုလည်း သက်သာပျောက်ကင်းစေသည့် အာနိသင်ရှိကြောင်း လေ့လာမှတ်သားရပါသည်။

လူအများ နှုတ်အခေါ် သင်မုန်းဖူးသည် အမှန်အားဖြင့် သမားမုန်းဖူးဖြစ်ပါသည်။ အကြောင်းရင်းမှာ သမားတော်များ ဆေးကုစား၍ မရလောက်အောင် ရောဂါအမျိုးမျိုးကို သက်သာပျောက်ကင်းစေသဖြင့် သမားတော်များ မုန်းရလောက်အောင် ဆေးစွမ်းထက်သည့်အတွက် သမားမုန်းပင်၊ သမားမုန်းဖူးဟု ခေါ်ဆိုကြောင်း သက်ကြီးပုဂ္ဂိုလ်များ၏ ပြောပြချက်အရ ဗဟုသုတရဖွယ် မှတ်သားရသည်။



သို့ပါ၍ ယခုလိုရာသီတွင် ဆေးလည်းအစာ၊ အစာလည်းဆေး ဆိုသကဲ့သို့ ဆေးဖက်လည်းဝင်သော သမားမုန်းဖူးသုပ်ကို တစ်နှစ်တစ်ခါ ရာသီစာမို့ လူတိုင်းစားသုံးသင့်ပါကြောင်း လေ့လာရေးသားလိုက်ရပါသည်။

ဖေထွဏ်းဇော်(ရေစကြို)

FOB (မြိတ်) စစ်ဆေးရေးအဖွဲ့မှ ပြည်ပသို့ ရေထွက်ပစ္စည်းတင်ပို့မှု စစ်ဆေး

မြိတ် မတ် ၁

မြိတ်မြို့ ပြည်ပပို့ကုန်စစ်ဆေးရေး FOB Check Point တွင် စစ်ဆေးရေးပုံစံအတိုင်း စစ်ဆေးဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၁၅ ရက်မှစတင်၍ ပြည်ပပို့ကုန် ရေထွက်ပစ္စည်းများအား အဖွဲ့စုံပါဝင်သော အဖွဲ့ (O.S.S)စနစ်ဖြင့် စစ်ဆေးဆောင်ရွက်လျက်ရှိသည်။

တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန(ရုံးခွဲ)မြိတ်မှ ဒေါက်တာညွန့်ဝေနှင့်အတူ ပြည်ပသို့ တင်ပို့မည့် ရေထွက်ပစ္စည်းများ၊ ငါးမျိုးစုံကို FOB (Check Point) အဖွဲ့ဝင်များဖြစ်သော မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ ရေကြောင်းဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနတို့မှ တာဝန်ရှိသူများသည် ဖေဖော်ဝါရီ ၁၇ ရက်က အောင်မိုးသိန်း-၅၊ ငါးသယ်ယာဉ် (လိုင်းဖြူ)နှင့် ဇေယာနဒီ-၁၁၊ ငါးသယ်ယာဉ် (လိုင်းပြာ)များပေါ်သို့ တက်ရောက်၍ ရေယာဉ်ပေါ်ပါ ငါးမျိုးစိတ်၊ တန်ချိန်၊ တန်ဖိုးစသည်တို့ကို စစ်ဆေးခြင်းနှင့် ဌာနအလိုက် သက်ဆိုင်ရာ စစ်ဆေးမှုများကို စစ်ဆေးကြပ်မတ် ဆောင်ရွက်ခဲ့ကြောင်းသိရသည်။ **(ဒေါက်တာညွန့်ဝေ)**

ဆေးစိမ်ခြင်ထောင်များဖြန့်ဝေ

လင်းခေး မတ် ၁

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးမြို့နယ် ကျန်းမာရေးဦးစီးဌာနက ဖေဖော်ဝါရီ ၂၇ ရက် နံနက်တွင် လင်းခေးမြို့နယ် ဝမ်စစ်၊ နောင်လုံ၊ ဆွန်အိုက် ကျေးရွာအုပ်စု သုံးအုပ်စုရှိ ရွာပေါင်း ၁၁ ရွာမှ ပြည်သူများထံ တာရှည်ခံဆေးစိမ်ခြင်ထောင်များ တစ်အိမ်ထောင်လျှင် နှစ်လုံးနှုန်းဖြင့် ဆေးခြင်ထောင် ၁၈၈၈ လုံးကို ဖြန့်ဝေပေးခဲ့သည်။

အလားတူ ဖေဖော်ဝါရီ ပထမပတ်နှင့် ဒုတိယပတ်တို့တွင် လင်းခေးမြို့နယ် ဝမ်ဟာတ်၊ နားကုန်းနှင့် မအွန်လောင်း ကျေးရွာအုပ်စုရှိ ရွာပေါင်း ၁၅ ရွာကိုလည်း အဆိုပါခြင်ထောင် အလုံး ၂၀၀၀ ခန့်ကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

စိုင်းဇော်လတ်(လင်းခေး)

ဒိုက်ဦးမြို့နယ်၌ အနေ့းယာဉ်နင်းသူများအား ပိုင်ရှင်ဖြစ်စေရေး ချေးငွေထုတ်ပေး

ဒိုက်ဦး မတ် ၁

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ်စည်ပင်သာယာရေးအဖွဲ့က အနေ့းယာဉ်နင်းသူများ၏ မိသားစုလူနေမှုမြင့်တင်ရေး၊ ဆင်းရဲမှုလျော့ကျစေရန်နှင့် အနေ့းယာဉ်နင်းသူဘဝမှ ပိုင်ရှင်ဖြစ်စေရေးအတွက် ကျေးလက်ဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေထုတ်ချေးခြင်းအခမ်းအနားကို ဖေဖော်ဝါရီ ၂၆ ရက် မွန်းလွဲ ၂ နာရီက မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ကောလိယခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးကိုငွေ၊ မြို့နယ်စည်ပင်သာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးဦးကျော်စွာအောင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးအောင်ခိုင်တို့က အနေ့းယာဉ်နင်းသူတစ်ဦးလျှင် ငွေကျပ် တစ်သိန်းနှုန်းဖြင့်စုစုပေါင်း ၃၀ ဦးအတွက် ငွေကျပ်သိန်း ၃၀ အား အသီးသီးထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

(၅၆၈)

တောင်သူလယ်သမားနေ့ အခါသမယတွင်

စိုက်ပျိုးထုတ်လုပ်မှု ဖူလုံပြည့်စုံအောင် ဆောင်ရွက်နေကြသော တောင်သူလယ်သမားကြီးများ၊
စိုက်ပျိုးရေးဆောင်ရွက်သူများအားလုံး စိုက်ပျိုးမှုလုပ်ငန်းများ အောင်မြင်တိုးတက်၍
စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့ဖြင့် ပြည့်စုံပါစေကြောင်း
ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

မာလာမြိုင်ကုမ္ပဏီလီမိတက်မိသားစု

တောင်သူဦးကြီးများ၏ စိတ်ချယုံကြည်ရသော

အမ်-အမှတ်တံဆိပ်

စိုက်ပျိုးရေးသွင်းအားစုများကို ရွေးချယ်သုံးစွဲပါ

မာလာမြိုင် အရောင်းဆိုင်(၁) ကျွန်းတောလမ်းနှင့် နာနတ်တောလမ်းထောင့်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၇၂၂၇၄၃၊ ၀၉-၇၃၀၇၅၈၂၂
မာလာမြိုင် အရောင်းဆိုင်(၂) မြေပဒေသာ ဥယျာဉ်အရောင်းဆိုင်တန်း၊ ၀၁-၅၄၄၄၆၀၈
မာလာမြိုင် မန္တလေးအရောင်းပြခန်း ၇၂၊ ၃၁ × ၃၂ကြား၊ ၇၇ × ၇၈ ကြား၊ ပုလဲလမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း-၀၂-၃၀၇၈၀၊ ၀၂-၃၀၇၉၀

အခန်းဆက်ဝတ္ထု

နှင်းငွေတစ်တောင့် မိုးတစ်မှောင့်

တက္ကသိုလ်
ဘုန်းနိုင်



(ယမန်နေ့မှအဆက်)

" ဗျာရယ် . . . မွန်မွန် ဟုတ်လား "

" ခင်ဗျား လှမ်းမမြင်ဘူးလား "

" ဟင့်အင်း ကျွန်တော်က မျက်မှန်ချွတ်ထားတာ၊ ဒါထက် မွန်မွန့်ဆီ ဘာပါလာလို့လဲ "

ဦးမြင့်နွယ်က "ထင်တာပြောတာပါ"ဟု ဖြေပြီး ဒရိုင်ဘာဘက် လှည့်မေး၏။

" ဒါထက် မွန်မွန် လက်သည်းနီ ဆိုးသလား "

" ဟာ . . . ဆိုးတာပေါ့ "

" ဒါဖြင့် အတော်ပဲ၊ ကဲ . . . လာ . . . သွားကြမယ် "

ဦးမြင့်နွယ်နှင့် ဒရိုင်ဘာက ကားဖြူဆီ ပြန်လျှောက်လာကြသည်။ ဘာကြောင့်မသိ၊ ဦးတုတ်ဝင်းက လိုက်မလာဘဲလက်ဖက်ရည်ဆိုင်သို့ ပြန်သွားသည်။

သူတို့ချဉ်းကပ်လာသည်ကို ကားပြတင်းမှနေ၍ မွန်မွန်က လှမ်းကြည့်နေသည်။ လှပနုဝင်းသော မျက်နှာလေးကစိုးရိမ်ကြောင့်ကြမှုများကို ဖော်ပြနေသည်။

"ရလား . . . ဟင် . . . ဦးသိန်းရွှေ ရလား "

" အတပ်တော့ မပြောနိုင်ဘူးလေ၊ စမ်းကြည့်ရမှာပဲ၊ အဲ . . . နောင်ကြီး ခုနင်က ဘာလိုချင်တယ် . . . ဆို . . . "

ဦးမြင့်နွယ်က မွန်မွန့်ကို ပြုံးကြည့်ပြီး မေး၏။

" အဲ . . . ကလေး၊ မင်းမှာ လက်သည်းနီဆိုးဆေး ပါလား "

" ရှင် "

" လက်သည်းနီဆိုးဆေး . . . မက်စ်ဖက်တာဖြစ်ဖြစ်၊ ကိုတီဖြစ်ဖြစ်၊ ရယ်ဗလွန်ဖြစ်ဖြစ်၊ အဲ . . . မဥ္ဇူဖြစ်ဖြစ်"

" ဘာ . . . ဘာလုပ်မလို့လဲ "

" မင်းမော်တော်ကားကို ဆေးကုပေးမလို့ပါ "

မွန်မွန်သည် မယုံနိုင်ဟန်ဖြင့် ဦးမြင့်နွယ်ကို တစ်လှည့်၊ ဒရိုင်ဘာကို တစ်လှည့် ကြည့်နေသေးသည်။ ပြီးမှ လက်ပွေ့အိတ်ဖြူလေးကိုဖွင့်၍ ကိုတီအမျိုးအစား လက်သည်းနီဆိုးဆေးပုလင်းလေးကို ထုတ်ပေး၏။

ကက်ပ်ဖုံးရှိအရာများကိုဖုံးအောင် လက်သည်းနီဆိုးဆေးဖြင့် ဦးမြင့်နွယ်သည် ချောချောညီညီ လိုက်သုတ်၏။

ပုလင်းကို ပြန်ပေးပြီး ကက်ပ်ဖုံးရှိ ဆေးခြောက်ရန် စောင့်နေခိုက် မွန်မွန်က မေးသည်။

" အဲဒီလိုလုပ်လိုက်ရင် ဘာမှမဖြစ်တော့ဘူးလား"

" ကားကို ဆက်မောင်းသွားလို့ ရပါပြီ "

" လမ်း တောင်တွေကြားထဲ ပြန်ပျက်သွားရင် ဘယ့်နှယ်လုပ်မလဲ "

" မပျက်ပါဘူးကွယ် စိတ်ချပါ "

" ဒါပေမယ့် . . . "

မွန်မွန်၏ စကားသံ ရပ်သွားသည်။

ဦးမြင့်နွယ်က မွန်မွန့်ကို မျက်လွှာပင့်ပြီး စိုက်ကြည့်၏။

စိတ်ပညာဆရာ၏ မျက်လုံးများမို့ သိသည်။

မွန်မွန်၏ မျက်နှာလေးတွင် စိုးရိမ်မှုသည် အဆမတန် လွှမ်းကဲနေသည်။ စကားမဆက်သော်လည်း နှုတ်ခမ်းလေးတွေက တုန်ယင်နေသည်။ မျက်ရည် မဝဲတဝဲရှိနေသော မျက်လုံးလေးများကလည်း အလွန်အမင်း အားငယ်မှုကို ဖော်ပြနေကြ၏။

" ပြောလေ ဒါပေမယ့် ဘာဖြစ်သလဲ "

မွန်မွန်က မဖြေ။ အပေါ်နှုတ်ခမ်းလေးကို အောက်သွားဖြင့်ကိုက်ကာ ပါးစပ်စေ့ထားပြီး ခေါင်းခါပြ၏။ မျက်လုံးများမှမျက်ရည်များက ကျလုလုဖြစ်နေ၏။

ဦးမြင့်နွယ်၏ရင်မှာ ပညာနှင့်ယှဉ်သော သတိဝင်လာ၏။ ကရုဏာ စေတသိက်လည်း လွှမ်းလာ၏။

ဦးမြင့်နွယ်သည် မွန်မွန်၏မျက်နှာလေးကို အတန်ကြာ ငေးစိုက်ကြည့်နေမိသည်။

ဖြူဖြူနှင့် ဝင်းသောအသားလေးထက် နက်မှောင်သော မျက်ခုံးလေးများက ထင်းထင်းပေါ်လွင်နေသည်။ မျက်ခုံးစပ်အသားလေးများက မြမြစိမ်းစိမ်းလေးစိုနေသည်။ အနီးကပ်မို့ ပါးပြင်နုနုမှ မွေးညင်းရှိမ်းရှိမ်းလေးတွေကို လည်းကောင်း၊အကြောစိမ်းစိမ်းလေးတွေကို လည်းကောင်း လန်းလန်းလတ်လတ် တွေ့နေရသည်။

တည်ငြိမ်သော ဦးမြင့်နွယ်၏ရင်မှာ ရုတ်တရက် ဒိတ်ခနဲ ခုန်သွား၏။ တစ်စုံတစ်ရာ . . . တစ်စုံတစ်ရာ . . . ဘာလဲ ဒီတစ်စုံတစ်ရာဟာ . . .

ဦးမြင့်နွယ် သည် ကိုယ်ကိုမတ်လိုက်၏။

မျက်နှာကိုရော အသံကိုပါ အချိုသာဆုံးထားပြီး ပြော၏။

" လမ်းမှာ တစ်ခုခုထပ်ဖြစ်မှာ မင်းသိပ်စိုးရိမ်သလား၊ ဟုတ်လားကွယ့်"

မွန်မွန်က နှုတ်ဖြင့်မဖြေဘဲ ခေါင်းသာညိတ်ပြ၏။

" အင်းလေ မင်းစိုးရိမ်တာလည်း မလွန်ပါဘူး၊ လုပ်ထားတာကလည်း ခာတ်မသိရသည့် ကလေးကစားသလိုပဲ၊ကဲ. . . စိတ်ချရတဲ့နည်း လုပ်ပေးလိုက်မယ် "

ဦးမြင့်နွယ်သည် မိမိ၏ ကားဆီသို့ ခြေလှမ်းကျဲများဖြင့် လျှောက်လာခဲ့သည်။

ကားရှေ့ဖုံးကို ဖွင့်ပြီး မိမိ၏ ဒစ်စတြီဗျူတာကက်ပ်ဖုံးကို ဖြုတ်ယူသည်။

ဦးညိုလဲ့နှင့် ဦးတုတ်ဝင်းတို့က နားမလည်ဟန်ဖြင့် မျက်လုံးပြူးကြည့်နေကြ၏။

မွန်မွန်ကို ဘာမျှမပြောတော့ဘဲ မိမိကားမှ ဒစ်စတြီဗျူတာကက်ပ်ကို မွန်မွန်၏ကားတွင် တပ်ပေး၏။

" ကဲ . . . ဆရာ စက်နှိုးကြည့်ပါ "

ဦးမြင့်နွယ် ပြောသောအခါ ဒရိုင်ဘာသည် ကားပေါ် တက်၍ စက်နှိုးသည်။

ကားစက်သည် ညက်ညောမှန်ကန်စွာ လည်၏။ စောစောကကြားရသော ဖျပ်ဖျပ်တပ်တပ်အသံလည်း မရှိတော့။

လီဗာမြှင့်သောအခါတွင်လည်း ကားသည် မတုန်ခါတော့။ မော်တော်ဆိုင်ကယ်သံလည်း မထွက်ပြီ။

ဒရိုင်ဘာက ရွှင်ပြုံးစွာဖြင့် . . .

" ကောင်းသွားပြီ ခင်ဗျ "ဟု ဆိုသည်။

မွန်မွန်၏ မျက်နှာလေးမှာလည်း ကြည်လင်သွားပြီး ဦးမြင့်နွယ်ကို လှမ်းမေးသည်။

" ကောင်းသွားပြီ၊ ဘယ်လိုလုပ်လိုက်တာလဲဟင် "

ဦးမြင့်နွယ်က ဘောင်းဘီအိတ်တွင်းမှ စောစောကဖာထေးပြင်ဆင်ထားသော ကက်ပ်ဖုံးကိုပြ၏။

" လမ်းမှာ မင်းစိတ်မပူရဘဲ သွားရအောင် ဟောဒီအပျက်ကို ယူထားလိုက်တယ်၊ ဟိုကားထဲက အကောင်းကို ဒီမှာ လဲတပ်ပေးလိုက်တယ် "

" အဲဒီလို တပ်လို့ရတယ်နော် "

" ရပါတယ်၊ ကားအမျိုးချင်းကလည်း တူတယ်၊ ကက်ပ်ဖုံးကလည်း မစ်ဆူဘီရှီက လုပ်တာအတူတူပဲ "

" ဒါပေမယ့် . . . ဟို . . . ဟို . . . အန် . . . အန်ကယ် . . . ကားကို ဘယ်လိုလုပ်မောင်းမလဲ "

ဦးမြင့်နွယ်က ပြုံးမိသည်။ အန်ကယ်ဟု ခေါ်လိုက်သံကို သတိပြုမိသောကြောင့်ဖြစ်၏။

" အန်ကယ့်အတွက် ပူလို့လား၊ မပူပါနဲ့ကွယ်၊ ဒီပြင်ထားတဲ့ အဖုံးကို သုံးလို့ရပါတယ်၊ ပြီးတော့ အန်ကယ်က ကားပျက်တာ ပြင်တတ်ပါတယ် "

" အန်ကယ်က အင်ဂျင်နီယာလား "

" အင်ဂျင်နီယာတော့ မဟုတ်ပါဘူး "

မွန်မွန်သည် ဦးမြင့်နွယ် ဝတ်ဆင်ထားပုံကို အကဲခတ်ဟန် ခြေဆုံးခေါင်းဆုံး တစ်ချက်ကြည့်ပြီး မေးပြန်၏။

" ဒါဖြင့် ဝပ်ရှော့က မက္ကင်းနစ်လား "

ဦးမြင့်နွယ်သည် ရုတ်တရက် မဖြေသဖြင့် မွန်မွန်က အားနာဟန်ဖြင့် ပြုံးပြီးတောင်းပန်သောလေသံဖြင့် ဆို၏။

" မွန်မွန်မေးတာ မှားသွားပြီထင်တယ် "

ထိုအခါကျမှ ဦးမြင့်နွယ်လည်း ပြုံး၏။

" မမှားပါဘူး ကလေးရယ်၊ ဟုတ်ပါတယ်၊ အန်ကယ်က ဝပ်ရှော့က မက္ကင်းနစ်တစ်ဦးပါ "

" အန်ကယ့်ဝပ်ရှော့က ဘယ်မှာလဲ၊ မန္တလေးမှာလား"

" ဟုတ်ပါတယ်၊ ဗောဓိကုန်းနားမှာ စိတ္တသုခ ဝပ်ရှော့တဲ့၊ ကဲ . . . အန်ကယ်လဲ ပြင်ဦးလွင်ကို အချိန်မီ တက်စရာရှိသေးတယ်၊ သွားမယ် . . . အဲ . . . မွန်မွန်"

ဦးမြင့်နွယ်သည် မွန်မွန်ထံမှ စကားကို ဆက်မစောင့်တော့ဘဲ မိမိ၏ ကားဆီသို့ ပြန်လာခဲ့၏။

ကားဆီပြန်ရောက်မှ တစ်ချက် လှည့်ကြည့်မိသည်။

မွန်မွန်၏ ကားဖြူလေးက မန္တလေးဘက် ဦးတည်ကာ ထွက်စပြုပြီ။

ကားနောက်ခန်း ပြတင်းမှ ခေါင်းလေးကိုထုတ်ကာ မွန်မွန်က သူ့ကို လက်ပြနှုတ်ဆက်သည်။

သည်တော့ သူကလည်း မနေနိုင်၊ ပြန်လက်ပြနှုတ်ဆက်မိသည်။ အလို . . . အင်း . . . စိတ်တွင်းက ဘာလိုလို၊ဝမ်းနည်းသလိုလို၊ လွမ်းသလိုလို။

ချောင်းဟန့်သံပေးပြီး ဦးတုတ်ဝင်းတို့ ကပ်လာ၏။

ဦးမြင့်နွယ်က သူအရေးပေါ်ကုသထားသော ကက်ပ်ဖုံးလေးကို မိမိ၏ကား၌ တပ်၏။

ဦးတုတ်ဝင်းက ချောင်းတစ်ချက် ထပ်ဟန့်ပြီး ဆို၏။

" ခင်ဗျား အလုပ်များနေတာကိုကြည့်ပြီး ကိုညိုလဲ့ကို ပြောနေရသေးတယ် "

" ဘာတွေများ ပြောနေရသလဲ "

" ဩော် . . . ပြည်လှဖေ သက်ဝေသီချင်းမှာ ဆိုထားတဲ့စကားကို ပြင်ချင်တယ်လို့ "

" ဘယ်လိုများ ပြင်ချင်လို့လဲ "

" ဆေးဖက်ဝင်ပါသလား၊ မောင့်အသွေးတွေ၊ မောင့်အသားတွေ၊ မောင့်နှလုံးသားတွေ၊ ဟိုက ဒီလိုဆိုတယ်၊ ခုတော့ အဟင်း . . . စက်အသက်ဝင်စေသား၊ မောင့်ချွေးတွေ၊ မောင့်ဖဲ့တွေ၊ မောင့်ကက်ပ်ဖုံးတွေ အသုံးပြုပါလေ၊ လိုရာယူစေ ကြည်ဖြူပါတယ် မေ "

ဦးမြင့်နွယ်က သဘောကျစွာ ရယ်မော၏။

" မောင်တွေဘာတွေ လုပ်မနေနဲ့၊ ဟိုက ဘယ်လို ခေါ်သွားတယ် မှတ်သလဲ "

" ဘယ်လိုတဲ့လဲ "

" အန်ကယ်တဲ့ "

" အမယ်လေး သေရောဗျာ "

" ကဲ . . . ကိုယ်ချင်းစာပြီး စိတ်ချောက်ချားမနေနဲ့၊ ကိုးကျင်းမီအောင် သုတ်ကြစို့၊ ခင်ဗျား မောင်းဗျာ၊ ကျွန်တော် နားဦးမယ် "

ပြင်ဦးလွင်ဘက် ဆက်အတက်တွင် ဦးတုတ်ဝင်းက ကားကို မောင်းသည်။ ဦးမြင့်နွယ်က ဘေးမှထိုင်လိုက်သည်။

ကားနောက်ခန်းမှ ဦးညိုလဲ့က လှမ်းပြောသည်။

" ဒါထက် စစ်မဖြစ်ခင် ခင်ဗျားတို့ ကျွန်တော်တို့ ငယ်ငယ်က ကြည့်ရတဲ့ လွမ်းပိုအောင်ဆိုတဲ့ ဇာတ်ကားကို မှတ်မိကြသေးသလား "

ဦးမြင့်နွယ်က မဖြေ။ ဦးတုတ်ဝင်းက . . .

" ဘာလဲ ဟို . . . ဘမြင့်နဲ့ မေမြတို့ တွဲတဲ့ကား မဟုတ်လား၊ မှတ်မိတယ် "ဟု ဆို၏။

" အဲဒီတုန်းက မေမြက ရုပ်ရှင်ထဲ ဝင်စ၊ အရွယ်က ခုနင်က ဘယ်သူ အဲ . . . မွန်မွန်တို့အရွယ်၊ ဆယ်ကျော်နှစ်၊ဘောင်းဘီတို၊ရှပ်အင်္ကျီ လက်တိုလေးနဲ့၊ စက်ဘီးစီးတာ ခုတောင် မျက်စိထဲ မြင်ယောင်နေသေးတာပဲ "

(ဆက်လက်ဖော်ပြပါမည်)

" မွန်မွန်၏ ကားဖြူလေးက မန္တလေးဘက်ဦးတည်ကာ ထွက်စပြုပြီ။ ကားနောက်ခန်းပြတင်းမှ ခေါင်းလေးကိုထုတ်ကာ မွန်မွန်က သူ့ကို လက်ပြနှုတ်ဆက်သည်။
သည်တော့ သူကလည်း မနေနိုင်၊ ပြန်လက်ပြနှုတ်ဆက်မိသည်။ အလို... အင်း...စိတ်တွင်းက ဘာလိုလို၊ ဝမ်းနည်းသလိုလို လွမ်းသလိုလို "

ကြက်ကင်ကောင်းကောင်းစားချင်သလား
ပန်းဆွယ်တော်
ကြက်ကင်ရှိတယ်
Pan Swel Taw :No.228, Ahlone Road, Ahlone Township,Yangon.Tel: 01 - 215363
Pan Swel Taw Thai Express : Ground Floor, Ocean North Point Shopping Center, Yangon.
Tel: 652 959, 652 960, 652 961, 652 962, 652 963 (Ext)133
Pan Swel Taw Thai Express : No-406, 4th Floor, Junction Center, Mawtin, Yangon.
Tel: 218152, 218153, 218154, 218155, 218156, 218157, 218158(Ext)1406
Nay Pyi Taw Express : Nay Pyi Taw Junction Center. Tel :067-422015 (Ext-106)
Pan Swel Taw Thai Express : Junction Square. Tel :532493, 527242 (Ext:3010)

Chaing Mai cafe
✔ ကြေးအိုး
✔ ကြက်ဆီထမင်း
✔ Fried Chicken
Management by ပန်းဆွယ်တော်
Chaing Mai cafe Shwe Myaya Centre
Room (102)Ph: 01 9000023, 9000024 Ext;102
★ လူမျိုးဘာသာမရွေးစားသုံးနိုင်ပါသည် ★

မင်္ဂလာဆုတောင်း

ချစ်ဖေဖေ ဒေါက်တာဦးမြင့်ဦး (ညွှန်ကြားရေးမှူး၊ကျန်းမာရေးဦးစီးဌာန) နှင့်
ချစ်မေမေ ဒေါ်သင်းသင်းဇော (မန်နေဂျင်းဒါရိုက်တာ၊ရွှေမိုးပွင့်အေးကုမ္ပဏီ) တို့၏
(၂-၃-၂၀၁၃) တောင်သူလယ်သမားနေ့တွင် ကျရောက်သည့်
မင်္ဂလာရက်မြတ်မှသည် နှစ်တစ်ရာတိုင်ပါစေ။

ချစ်သမီး
မပူးပွင့်နိုင်(ခ)ပိုးပွင့်နိုင်(ခ)ဘရဏီ
နောက်ဆုံးနှစ်အပိုင်း(ခ)၊ဆေး(၂)

KMD
Quality Management System ISO 9001:2008 လက်မှတ်ရ

UNIVERSITY OF GREENWICH(UK)
၏ပထမနှစ်ကွန်ပျူတာ Diploma သင်တန်း

- အခြေခံပညာ အထက်တန်းအောင်/အောင်မြင်ပြီးသူများ တက်ရောက်နိုင်ပါသည်။
- ပထမနှစ်မှ နောက်ဆုံးနှစ်အထိ KMD တွင်တက်ရောက်နိုင်သလို နိုင်ငံခြား
- တက္ကသိုလ်များတွင် ဆက်လက် တက်ရောက်နိုင်ပါသည်။
- ပထမနှစ်အောင်မြင်ပါက NCC(UK) မှသီးခြား Diploma ကိုထပ်မံရရှိနိုင်ပါသည်။
- On Job Training တက်ရောက်နိုင်သည့်ဖြစ်၍ အလုပ်အတွေ့အကြုံ
- တစ်ပါတည်း ရရှိမှာဖြစ်ပါသည်။

9 Mar 2013 (Sat & Sun) သင်တန်းဖွင့်မည်။
7:00AM - 1:00PM

အမှတ် ၃၃၁၊ ပြည်လမ်း၊ ဗဟန်းမြို့နယ်။ ဖုန်း-၅၂၇၇၃၈/၅၃၈၁၀၁/၅၀၂၂၉၃။

ပညာရေးဝန်ကြီးဌာန မှတ်ပုံတင်နံပါတ် ကက-၁၃/၀၉/၁၁၀
တရုတ်တွင်း ဗညာကဒ်။ ပညာတွင် ခံပြ

ဂုဏ်ထူး ဦးအောင်ခိုင် (အင်္ဂလိပ်စာ)
သမိုင်းတွံခွန် ဦးထွန်းနွယ်
ဦးစီးတည်ထောင်သော

ပညာနန်းတော်
၅တန်း မှ ၁၀တန်းအထိ

ကိုယ်ပိုင်အထက်တန်းကျောင်း အထူးအဆင့်မြင့်ဘော်ဒါ
ဘော်ဒါ ၈တန်း၊ ၉တန်း၊ ၁၀တန်း (မတ် ၂၈ ဖွင့်မည်)
အတန်းငယ်၅တန်း၊ ၆တန်း၊ ၇တန်းများကို ဘော်ဒါလက်မခံပါ
အကောင်းဆုံးပညာ အကောင်းဆုံးနေရာ အကောင်းဆုံးဘော်ဒါ
(ဓာတ်ခွဲခန်းနှင့်ပြည့်စုံသော နေရာအတွက် စိတ်ချရပါမည်။)

- အင်္ဂလိပ်စာ ဆရာ ဆရာမ M.A. (သို့) M.Res. (သို့) Ph.D. (သို့) M.Ed. ဘွဲ့ရများ ဖြောက်ကြားနိုင်ပါသည်။
- အထောက်ဘွဲ့ (ဘွဲ့ရ) ဆရာ ဆရာမများ အလိုရှိပါသည်။

ဘယ်ကျောင်းကြီးမှာပဲ တက်တက် နွေရာသီမှာ ပညာနန်းတော်နွေနွေကျောင်းကို တက်ဖြစ်အောင်တက်

ပညာနန်းတော် နွေနွေကျောင်းကြီး
ကျောင်းဖွင့်ရက် တနင်္လာမှ သောကြာ - မတ် ၇ ရက်မှ မေ ၃၁ အထိ (၃-လအတွင်း)

အတန်း	ကျောင်းချိန်	ကျောင်းလခ	ဝင်ကြေး
၅ တန်း	နေ့ ၂း၀၀ မှ ၅း၁၅ နာရီ	၃၅၀၀၀	မရှိ
၆ တန်း	"	၃၅၀၀၀	"
၇ တန်း	"	၃၅၀၀၀	"
၈ တန်း	"	၄၀၀၀၀	"
၉ တန်း	နံနက် ၈း၃၀ မှ ၁၁း၄၅ နာရီ	၄၅၀၀၀	"
၁၀ တန်း	"	၄၅၀၀၀	"

ပုံမှန်နေ့ကျောင်းကြီးကို ဇွန် ၁ - ရက်တွင် ဖွင့်ပါမည်
နွေနွေကျောင်းကို မတ် ၇ - ရက်ဖွင့်မည်

မြို့အမှတ် 118 A/B ကျွန်းချောင်းလမ်း VIP-1 ရပ်ကွက်၊ ဗိုလ်ချုပ်ရွာ၊ သုဝဏ္ဏ ရန်ကုန်။ ဖုန်း 01-577 605 ရန်ကုန်မြို့အနှံ့ ကျောင်းကားရှိသည်

တယောဦးတင်ရီ ဦးစီးသော
နွေရာသီ ဂီတနှင့်ပန်းချီသင်တန်းများ

သင်တန်းအမျိုးအစားများ-
မြန်မာ့စောင်း၊ တယော၊ စန္ဒရား၊ အဆို၊ ဂစ်တာ၊ ပန်းချီ (ပန်းချီဝင်းမြင့်ကိုယ်တိုင် သင်ကြားမည်။)
ဆက်သွယ်ရန်- အမှတ် (၆၆/၆၈)၊ ရွှေဂုံတိုင်(အေ)၊ စံရိတ်ငြိမ်း ဖြဲလမ်းထိပ်၊ ရန်ကုန်-အင်းစိန်လမ်းမ၊ ကမာရွတ်မြို့နယ်။ ဖုန်း-၀၉-၅၀၅၈၀၀၃၊ ၀၉-၄၃၁၆၄၁၅၃

ပျော်ရည်၊ ဂျယ်လီ၊ ရေခဲမုန့်၊ ယိုစုံ၊ နိုင်ငံခြားမုန့်ဖုတ်သင်တန်း

1	(5.3.13) မှ (10.3.13)	3	(11.3.13) မှ (16.3.13)
2	(8.3.13) မှ (13.3.13)	4	(14.3.13) မှ (19.3.13)

MASTER စားသောက်ကုန်သင်တန်း
ဖုန်း 01-251927, 09-49222177
01-248014, 09-73181875, 09-49306938

Shwe Kaung San Travels & Tours
သင်္ကြန်တွင်း ခရီးစဉ်များ (April 11/12/ 13)
တောင်ကြီး-အင်းလေး-ပင်းတယ-ကလော- ထန့်စမ်းဂူ (၄-ညအိပ်၊ ၅ရက်)
ပုဂံ-ညောင်ဦး-ပုပ္ပား-စွယ်တော်လေးဆူ (၄-ညအိပ်၊ ၅ရက်)
မန္တလေး-စစ်ကိုင်း-မုံရွာ-(အလောင်းတော်ကဿပ)-ပြင်ဦးလွင် (၅-ညအိပ်၊ ၆ရက်)
ဖုန်း-၅၄၈၆၅၅၊ ၀၉-၄၉၃၂၉၄၄၀၊ ၀၉-၅၁၉၁၅၄၇၊ ၀၉-၈၆၃၆၃၃၂

ES4E SUMMER SCHOOL
(March to May 2013)
Enrol Now!
☎ 662970, 663820, 662937
51, Kaba Aye Pagoda Road, Yankin Tsp.

Dream
ချောင်းသာ - ၁၀၀၀ဝိ/-
ကျိုက်ထီးရိုး- ၈၀၀ဝိ/-
09-5012452, 09-5075612, 09-5012336

ဘော်ဒါဆောင် (အိမ်နေ)

မြေကွက်ဝယ်ယူထားသူများ သိသာရန်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသည် ငါးပိ၊ ငါးခြောက်၊ ငံပြာရည်လုပ်ငန်းနှင့်အနံ့လုပ်ငန်းဇုန်တို့အား လုပ်ငန်းလိုအပ်ချက်အရ စီမံကိန်းဖော်ထုတ်ခဲ့ပြီးအဆိုပါလုပ်ငန်းများ ဇုန်အတွင်းသို့ စနစ်တကျ ပြောင်းရွှေ့နေရာချထားလုပ်ကိုင်ခွင့် ပြုခဲ့ပါသည်။ လုပ်ငန်းအများအပြား ပြောင်းရွှေ့အခြေချ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသဖြင့် ဇုန်အတွင်းလုပ်ငန်းများဖွံ့ဖြိုးလည်ပတ်လျက်ရှိပါသည်။သို့ရာတွင် အချို့သောမြေကွက်ဝယ်ယူထားသည့် လုပ်ငန်းရှင်(မြေကွက်ပိုင်ရှင်)များသည် လာရောက်လုပ်ငန်းလုပ်ကိုင်ခြင်းမရှိဘဲ မြေကွက်လွတ်အတိုင်းထားရှိသည့်အတွက် ဇုန်သန့်ရှင်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အခက်အခဲများ ဖြစ်ပေါ်လျက်ရှိသည့်အပြင် မလိုလားအပ်သော ကျူးကျော်မှုများကိုလည်း ထိန်းသိမ်းနေရပါသည်။ ယင်းကိစ္စများကို ပေါင်းစပ်ညှိနှိုင်းနိုင်ရေး မြေကွက်ဝယ်ယူထားသူများအား မူရင်းလျှောက်လွှာပါလိပ်စာဖြင့် ဆက်သွယ်ခဲ့သော်လည်း အဆိုပါ လိပ်စာတွင်နေထိုင်ခြင်းမရှိကြောင်း စိစစ်တွေ့ရှိရပါသည်။ သို့ပါ၍ လုပ်ငန်းရှင်များအနေဖြင့် အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်နိုင်ရေးအတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာန (မြို့တော်ခန်းမ)သို့ အမြန်ဆုံးလာရောက်ဆက်သွယ်ကြပါရန် အသိပေးနှိုးဆော်ပါသည်။

MTI MYANMAR THAMES INTERNATIONAL
စီးပွားရေးစီမံခန့်ခွဲမှု သဘောတရားပညာရပ်များကို စနစ်တကျသိရှိ တတ်ကျွမ်းလိုသူများအတွက်
Business Management
2nd Fl, Myaynigone Plaza. Ph: 525971,501450, 706740

စီးပွားပန်းခင်း
09-73009869, 09-73013432, 09-73028433
Computer Training
Basic Computer | I-Office | Excel Special
Graphic | DTP
A+ Hardware

(၃၄) ကြိမ်မြောက် ဂုဏ်ထူးမြန်မာစာ ဂုဏ်ထူးဦးသိန်းနိုင် ပုဂ္ဂလိကအထက်တန်းကျောင်းနှင့် ပညာရေးဘော်ဒါရွှေစင်ဆုနှင်းသဘင်ကြီးကျင်းပပြီးစီး

Top Ten

Top Ten

ဘာသာစုံ (6D) ဂုဏ်ထူးရှင် (၃၆) ဦး ဆုယူအပြီး အတူတကွ

Top Ten ဆုရှင်များနှင့်

အစဉ်အလာကြီးမားလှတဲ့ .... ဇွန်လ မြန်မာစာ
- ၈၊ ၉၊ ၁၀ သင်ရိုးတန်းခွဲတစ် ခုစီသာဖွင့်မည်။
- ၅၊၆၊၇၊၈၊၉၊၁၀ စာစီစာကုံးအထူး တန်းခွဲ (၁၅) ခွဲ
- နှစ်စနစ်ဆုံး တန်းများ ဇွန်လ ဖွင့်မည်။

ဂုဏ်ထူးဦးသိန်းနိုင် အထက်တန်းကျောင်းနှင့် ဘော်ဒါ
၅-၆-၇-၈-၉-၁၀ တန်း
- ရန်ကုန်မြို့၏ NO.1 ကျူရှင်ဆရာများချည်းသာ နှစ်စနစ်ဆုံးသင်ကြားခဲ့သည်မှာ နှစ် (၂၀)တိုင်ခဲ့ပြီ။
- ဝါရင့်လက်ထောက်ဆရာကြီးများ ဘာသာစုံ GUIDE များ လိုလေသေးမရှိ။
- စာသင်ခန်းမကျယ်ကြီးများ၊ ရေချိုးခန်းအိမ်သာတွဲလျက်၊ အိပ်ခန်းများတွင် ပန်ကာ၊ AIRCON အပြည့်အစုံ တပ်ဆင်လျက်
- တစ်ပတ်တာ နံနက်စာ၊ နေ့လယ်စာ၊ ညစာကို စာချွန်ချ၍ ခံတွင်းမြိန်ဆုံးကိုယ်တိုင်ချက်ပြုတ်ကျွေးမွေးသည်။
- ရန်ကုန်မြို့၏ နေရာဌာနအသီးသီးအတွက် FERRY ကား အပြည့်အစုံ စီစဉ်ပေးသည်။

(Orange Super Mart)

ဗုဒ္ဓဂယာမြေမြတ်တော်၌ သာသနာ့ရောင်ဝါထွန်းလင်းစေဖို့ သာသနိကအဆောက်အအုံ လှူကြစို့

[illegible]

အလှူခံဌာနများမှာ-

၁။ ဆရာတော် ဒေါက်တာနန္ဒာဘာသ (M.A.,Ph.D) VisitingProfessor(New Age International University.USA) [illegible] Email-ndbatha@gmail.com, web-www.bmission.net; www.bmission.blogspot.com.

[illegible]

နှစ်(၄၀)ပြည့် မင်္ဂလာဆုတောင်း

ချစ်ဖေဖေ **ဦးသိန်းသန်း**-ချစ်မေမေ **ဒေါ်မြင့်သောင်း**တို့၏ ၂-၃-၂၀၁၃ ရက်တွင် ကျရောက်သော နှစ်(၄၀)ပြည့် ပတ္တမြားရတုမင်္ဂလာရက်မှ ရတုဆက်ဆက်တိုင်အောင် ချစ်သားသမီး၊ ချစ်မြေးများနှင့် စိတ်ချမ်းသာ၊ ကျမ်းမာစွာဖြင့် လောကီ၊ လောကုတ္တရာအကျိုး ဆတက်ထမ်းပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ချစ်သားကြီး - **ဦးအောင်သိန်းဦး(1/E Lizstar Co.,Ltd.)-ဒေါ်ဥမ္မာချစ်လှ(B.A Geo)**
ချစ်သားငယ် - **ဗိုလ်မှူးတင်ကိုလင်း(တပ်မတော်ရေ)-ဒေါ်အေးစန္ဒာ(M.A Geo)**
ချစ်သမီးငယ် - **ဗိုလ်မှူးဇော်မျိုးထွန်း-ဒေါ်သက်သက်မွန်(B.A Eco)**
ချစ်မြေးများ - **မောင်အောင်ခန့်မျိုး၊ မောင်သော်မင်းစံ၊ မောင်လင်းထက်ကိုကို မသက်မြတ်နိုးဇော်၊ မောင်ပြည့်မင်းဟံ**

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဆိပ်ကြီးခနောင်တိုမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၊ မြေကွက်အမှတ်-၁၁၇၇၊ မြေကွက်တည်နေရာအမှတ်(၈၇)၊ ဗိုလ်မင်းရောင်လမ်း၊ မြို့သစ်(၁)ရပ်ကွက်၊ ဆိပ်ကြီးခနောင်တိုမြို့နယ် (ဦးတင်ဦး) အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးတင်ဦး[၁၂/ဆကခ(နိုင်)၀၀၇၉၇၆]က ပါမစ်မူရင်းပျောက်ဆုံးကြောင်း သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရဲစခန်းထောက်ခံစာနှင့် ကျမ်းကျိန်လွှာကိုတင်ပြ၍ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌ ကျပ်ငွေဖြင့်သာ ခန့်ထားရန်)

Diesel King Co.,Ltdတွင် တာဝန်ထမ်းဆောင်ရန်အတွက် အောက်ပါအရည်အချင်းနှင့် ကိုက်ညီသောဝန်ထမ်းအလိုရှိသည်။

၁။ **Driver**(အမြန်) (၂၀)ဦး ကျား

ယာဉ်မောင်းလိုင်စင်သက်တမ်းအနည်းဆုံး(၁)နှစ် ရှိရမည်။ အော်တိုဂီယာနှင့် Manual ဂီယာ နှစ်မျိုးလုံးကျွမ်းကျင်စွာမောင်းနှင်နိုင်သူ ဦးစားပေးမည်။ Canter/Dyna/Town Ace ယာဉ်များကျွမ်းကျင်စွာ မောင်းနှင်နိုင်ရမည်။ တစ်လဝင်ငွေ (၁၃၀,၀၀၀)မှ (၁၈၀,၀၀၀) ကျပ်အထိ လုပ်ငန်းအခြေအနေပေါ်မူတည်ပြီး ရရှိပါမည်။ကျန်းမာရေးကောင်းမွန်ရမည်။

(စိတ်ပါဝင်စားသူများ အလုပ်လျှောက်လွှာနှင့်အတူ သုံးလအတွင်းရိုက်ထားသော ဓာတ်ပုံ(၂)ပုံ၊ ကိုယ်ရေးရာဇဝင်နှင့် အလုပ်သမားမှတ်ပုံတင်မိတ္တူ ပူးတွဲ၍ ၁၂. ၀၃. ၂၀၁၃ ရက်နေ့ နောက်ဆုံးထားပြီး အမှတ်(၅၇၆/၆၁၂) အထက်ပုဇွန်တောင်လမ်း၊(ရုံးလေးမှတ်တိုင်)တကြိုးဆိပ်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ် သို့ပေးပို့ လျှောက်ထားနိုင်ပါသည်။)

ပုလဲရတုမင်္ဂလာ နှစ်ပတ်လည်ဆုတောင်း

ချစ်ပါပါး **ဦးဇော်ဝင်းသန်း (OK ငြိမ်းဆေလာ)** နှင့် ချစ်မာမား **ဒေါ်ဘေဘီအေး** တို့၏ 2nd March 2013 တွင်ကျရောက်သော "၃၀" နှစ်မြောက် ပုလဲရတု မင်္ဂလာနှစ်ပတ်လည်ရက်မြတ် မှသည် နောင်နှစ်ပေါင်း ၁၂၀ ကျော်တိုင်အောင် ကျန်းမာ ပျော်ရွှင်စွာဖြင့် ရှေ့လက်တွဲပြီး သာယာချမ်းမြေ့အောင်မြင်သော မိသားစုဘဝလေးကို ပိုင်ဆိုင်နိုင်ပါစေဟု ဆုမွန်ကောင်းတောင်းလျက် . . .

ချစ်သမီးကြီး - **Dr. ဓာဖြည်မင်း** + **Dennis Tan** B.S.S (Electronic Engineering) U.S.A
ချစ်သမီးလေး - နိုင်းသီတာမင်း B.A (Chinese) Y.U.F.L, Diploma in English (SEAMEO CHAT)

(၁၆)နှစ်ပြည့် မင်္ဂလာနှစ်ပတ်လည်ဆုတောင်း

မောင်လေး **ဒုတိယဗိုလ်မှူးကြီး တင်ဝင်းအောင်**-ညီမလေး **သက်သက်မူ** တို့၏ ၂-၃-၂၀၁၃ ရက်(တောင်သူလယ်သမားနေ့)တွင် ကျရောက်သော (၁၆)နှစ်ပြည့် မင်္ဂလာနှစ်ပတ်လည်မှသည် ငွေရတု၊ ရွှေရတု၊ စိန်ရတု၊ ပတ္တမြားရတု တိုင်အောင် ပျော်ရွှင်စွာ လက်တွဲလျက် ပြီးပြည့်စုံသော မိသားစုဘဝကို တစ်ဦးတည်းသော ချစ်သားလေး သီဟန်ဟိန်းနှင့်အတူ စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ချမ်းမြေ့ပျော်ရွှင်စွာ ထာဝရလျှောက်လှမ်းသွားနိုင်ပါစေကြောင်း မင်္ဂလာဆုမွန်ကောင်းတောင်းလျက်-

မမကြီး-ဒေါ်ခင်သိန်းမြင့်၊ မမလေး-ဒေါ်ခင်အုန်းမြင့်
ကိုကိုကြီး-ဦးအောင်ဝင်း-ဒေါ်ခင်ကြွေ
တူလေး-ရဲလင်းကို၊ တူမလေး-သိမ့်ရတနာအောင်
ကိုကိုလေး-ဦးဝင်းမြင့်-ဒေါ်ဝေဝေအောင်

(နေ) သာမညာ (မြတ်သာမညာ) (လ)

ရန်ကုန်↔သထုံ↔ဘားအံ↔သာမညာ(တောင်ဖြေ)↔ကျောက်ရိတ်↔မြဝတီ

Air Con Express(အထူး)

ရန်ကုန် (လက်မှတ်ရောင်း၊) (အောင်မင်္ဂလာအဝေးပြေး)
၀၉-၅၀၀၅၉၅၃
၀၉-၈၆၂၅၅၀၉
၀၉-၅၂၀၂၇၅၅
၀၉-၄၂၀၀၅၃၈၃၉

နေ့စဉ် - (ရန်ကုန်)ထွက်	နေ့စဉ် - (ဘားအံ)ထွက်
နံနက် - ၆း၃၀	နံနက် - ၇း၀၀
နံနက် - ၈း၃၀	နံနက် - ၈း၃၀
ညှ - ၇း၀၀	ညှ - ၇း၀၀

ဘားအံ (လက်မှတ်ရောင်း၊) (ဘားအံအဝေးပြေးဝင်း၊)
၀၉-၄၉၇၇၂၄၄၂
၀၉-၄၄၉၀၀၀၁၂၅

ရန်ကုန်မြို့နှင့် ဘားအံမြို့များတွင် ကားလက်မှတ်များကို ဖုန်းဖြင့် မှာယူရရှိနိုင်ပါသည်။

ကားသန့်ရောင်းမည်

Super Custom G
97 ရုပ်ပြောင်း၊ အခွန်ကျေ၊
၈ဈ/-----ရောင်းဈေး သိန်း ၁၆၀
Ph:09-5100867, 01-573882

သန့်၊ စင်ကြယ်၊ အသျှောက်ရှိ
ဂုဒ်သိမ်းပေါ်ဆန်းမွှေး (၅ွည်) 28000/-
ဇင်ကြီးစားကြည့်ပါ (ဆောင်းတယ်)
☎01-512443, 09-73017656
[illegible]

စာရေးဆရာ/စန္ဒရားဆရာ
မောင်ချိုမင်း(ကန္တာရဝတီ)
မြန်မာ့ဂီတအင်အားစု

ဘွဲ့တံဆိပ်တော်ကပ်လှူပွဲ/အလှူ မင်္ဂလာပွဲများတွင် အသင့်လျော်ဆုံး မြန်မာသံတီးဝိုင်းအဖွဲ့(စန္ဒရား/ကီးဘုတ် အိမ်လာသင်ပေးသည်)

၁၅/အောင်ရိပ်သာ(၂)လမ်း၊ (၂၈)ရပ်ကွက်၊ မ/ဒဂုံ၊ ဖုန်း-၀၉-၄၂၀၀၉၀၇၂၄၊ ၀၉-၇၃၂၁၇၈၂၃

အထက(၂)သံတွဲမြို့ ကျောင်းသား/သူဟောင်းများ၏ ဒုတိယအကြိမ် မြတ်ဆရာပူဇော်ပွဲ

၁၉၆၆/၆၇-၁၉၈၇/၈၈ ထိ အထက(၂)သံတွဲမြို့ ကျောင်းသား/သူဟောင်းများ၏ ၎င်းနှစ်များအတွင်းတာဝန်ထမ်းဆောင်ခဲ့သော ဆရာကြီး၊ ဆရာမကြီးများနှင့် ဆရာ/ဆရာမများအား မြတ်ဆရာပူဇော်ပွဲကို ၅-၅-၂၀၁၃ ရက်(တနင်္ဂနွေနေ့)တွင် အဆိုပါ ကျောင်းခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ အဝေးရောက် ဆရာကြီး၊ ဆရာမကြီးများနှင့် ဆရာ/ဆရာမများ ဆက်သွယ်ပေးပါရန် လေးစားစွာ မေတ္တာရပ်ခံအပ်ပါသည်။ ၎င်းနှစ်များအတွင်း တက်ရောက်ခဲ့ကြသော အနယ်နယ်အရပ်ရပ်ရှိ ကျောင်းသား/သူဟောင်းများအားလုံး မြတ်ဆရာပူဇော်ပွဲသို့ တက်ရောက်ကြပါရန်နှင့် လူအား၊ ငွေအား အကြံဉာဏ်အားဖြင့် ပါဝင်ဆက်သွယ်မှုပြုကြပါရန် ချစ်ခင်စွာ ဖိတ်ကြားအပ်ပါသည်။

ဆက်သွယ်ရန်
ဦးဖေမြင့်(ရန်ကုန်) ဖုန်း-၀၉၇၃၁၀၃၂၀၁၊ ၀၉၄၂၁၀၆၅၁၂၂(သံတွဲ)၊ ၀၉၄၂၁၇၅၄၁၃၂
ဦးခင်မောင်ရွှေ(ရန်ကုန်) ဖုန်း-၀၉၈၅၁၅၂၁၃၊ ဦးအောင်နွယ်(ရန်ကုန်) ဖုန်း-၀၁-၅၀၃၀၅၀
ဒေါ်ယဉ်ယဉ်သန်း(ရန်ကုန်) ဖုန်း-၀၁-၅၀၀၂၂၁၊ ၀၉၇၃၁၀၇၆၄၁
ဒေါ်ရီ(ရန်ကုန်) ဖုန်း-၀၉၈၅၁၅၇၃၂၊ ၀၉၄၂၀၃၀၄၇၀၇
ကိုမောင်မောင်မြင့်(ရန်ကုန်) ဖုန်း-၀၉၇၃၀၇၃၄၄၇
မအေးအေးမွန်(ရန်ကုန်) ဖုန်း-၀၉၄၂၀၁၅၈၅၇၇
ဦးခင်မောင်တင်(သံတွဲ) ဖုန်း-၀၉၄၉၆၅၃၂၀၂၊ ကိုကျန်ထွန်း(သံတွဲ) ဖုန်း-၀၉၄၂၁၇၂၃၃၂၆
မချိုချိုသက်(သံတွဲ) ဖုန်း-၀၉၄၂၁၇၃၅၅၆၇၊ ကိုသန်းထွန်း(သံတွဲ) ဖုန်း-၀၉၈၅၁၅၂၀၆
ကိုခင်မြင့်(ဇလွန်) ဖုန်း-၀၉၄၉၆၅၃၅၃၃
ကိုကျော်သန်းလှိုင်(သံတွဲ) ဖုန်း-၀၉၄၉၆၆၉၂၈၀
မခင်ဝင်းမြင့်စိုး(သံတွဲ) ဖုန်း-၀၉၄၂၁၇၃၇၉၃၇
ကိုဇော်ထွန်းအောင်(သံတွဲ) ဖုန်း-၀၉၄၂၁၇၂၃၀၃၅
SF-103(မွေး/ရေဘဏ်၊ သံတွဲ)

ပဲခူးမြို့ ယခင် အထက(၅) (ဆရာကြီးဦးသာဒင် အထူးသဒ္ဒါသင်ကျောင်း)
ပဉ္စမအကြိမ် မြတ်ဆရာ ပူဇော်ပွဲကျင်းပမည်

ပဲခူးမြို့ ယခင် အထက(၅) (ဆရာကြီးဦးသာဒင် အထူးသဒ္ဒါသင်ကျောင်း) ကျောင်းသား/သူဟောင်းများ၏ (ပဉ္စမအကြိမ်မြောက်) မြတ်ဆရာပူဇော်ပွဲနှင့် ကျောင်းသား/သူဟောင်းများ ပြန်လည်ဆုံတွေ့ပွဲကို (၁၃၇၄ ခုနှစ်၊ တပေါင်းလဆန်း ၁၃ ရက်) ၂၄-၃-၂၀၁၃ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီ ပဲခူးမြို့၊ ဉသျှာမြို့သစ်၊ ကျိုက်ပွန်လေးမျက်နှာဘုရား အနောက်ဘက်ရှိ ချမ်းမြေ့ရိပ်မြိုင်ကျောင်းတိုက်၌ကျင်းပမည် ဖြစ်ပါသည်။ ကျောင်းသား/သူဟောင်းများအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် ကြွရောက်ကြပါရန်နှင့် အလှူငွေများထည့်ဝင်ရန်အတွက် ချမ်းမြေ့ရိပ်မြိုင် ကျောင်းဆရာတော် ဖုန်း-၀၉-၅၃၀၁၄၆၅၊ ဦးလှငွေး ဖုန်း-၀၉-၈၆၅၁၅၀၇၊ ဦးတောက်ထွန်း ဖုန်း-၀၉-၅၃၀၁၃၇၀၊ ဦးစိုးရှိန် ဖုန်း-၀၉-၅၃၀၂၃၃၄၊ ဦးတင်ထွန်း ဖုန်း-၀၉-၆၃၁၂၄၂၁၊ ဒေါ်ခင်မို့မို့နီ ဖုန်း-၀၅၂-၂၁၉၅၁၊ ဒေါ်စုစုဝေ ဖုန်း-၀၅၂-၂၀၀၃၀၂ ဒေါ်သန်းသန်းငွေး ဖုန်း-၀၉-၄၂၈၁၂၁၂၉၉ တို့သို့ ဆက်သွယ်နိုင်ကြောင်း အာစရိယပူဇော်ပွဲကျင်းပရေးအဖွဲ့မှ နှိုးဆော်အပ်ပါသည်။

မင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မိဂသီ(၂၁)လမ်း၊ ၁၂ ရပ်ကွက်၊ အမှတ်-၂၉၇ နေ
ဦးကြည်ဝင်း-ဒေါ်ခင်ခင်နု(ရုံးအုပ်၊ ပြည်တွင်းရေကြောင်း)တို့၏သား

မောင်ရန်နောင်ဝင်း

Marine Engineer Officer Class III

3rd Engineer(F.G)

နှင့်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ရွှေအင်ကြင်းရိပ်မွန်အိမ်ရာ U-4 နေ
ဒုတိယဗိုလ်မှူးကြီးမြဝင်း(ငြိမ်း)(ညွှန်ကြားရေးမှူး၊ ပတခ)-ဒေါ်ခင်ချိုလွင် တို့၏သမီး

မသဲစုဝင်း

B.Sc(Physics)

တို့၏ ၁၄-၂-၂၀၁၃ ရက် မြရိပ်ညိုဟိုတယ်၌ ကျင်းပပြုလုပ်ခဲ့သော မင်္ဂလာမော်ကွန်းတင် လက်ထပ်ထိမ်းမြား လက်မှတ်ရေးထိုးခြင်း အခမ်းအနားကိုလည်းကောင်း၊ ၁၆-၂-၂၀၁၃ ရက်တွင် ရွှေမင်းဝံသာသနာ့ရိပ်သာ၌ ကျင်းပပြုလုပ်ခဲ့သော မင်္ဂလာဦးဆွမ်းကျွေး အလှူမင်္ဂလာအခမ်းအနားသို့ လည်းကောင်း၊ ၂၃-၂-၂၀၁၃ ရက်တွင် CHATRIUM HOTEL ၌ ကျင်းပပြုလုပ်သော မင်္ဂလာညှော်ခံပွဲအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ကြပါသော ဆွေမျိုးမိတ်သင်္ဂဟများ၊ ဌာနဆိုင်ရာမှ ဧည့်သည်တော်များ၊ မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးပါသော လှည်းကူးမြို့နယ်၊ မြို့နယ်တရားသူကြီး ဦးရဲမြင့် မင်္ဂလာညှော်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စပယ် ပန်းကုံးနှင့်မင်္ဂလာလက်စွပ်ချီးမြှင့်ပေးပါသော BERNHARD SCHULTE SHIPMANAGEMENT CO.,LTD မှ MD Captain ထွန်းဦးနှင့်ဇနီး ဒေါ်ခင်သိန်းအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးကျော်စိုးဦး၊ မင်္ဂလာပန်းကြဲပေးပါသော မအေးသိမ့်သိမ့်ကြည်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးကလပ် ကိုင်ဆောင်ပေးပါသော မနွယ်နီဦး၊ မင်္ဂလာလက်စွပ်ကလပ်ကိုင်ဆောင်ပေးပါသော မသဇင်ကျော်၊ မင်္ဂလာသတို့သားအရံ မောင်ဇော်ဝင်းနိုင်နှင့် မောင်အောင်မြင့်ထွေး၊ မင်္ဂလာသတို့သမီး အရံ မခိုင်ရွှေရည်နှင့် မသန္တာအောင် တို့အားလည်းကောင်း၊ မင်္ဂလာအခါတော်ပေးသီချင်းသီဆိုပေးပါသော တေးသံရှင် ဒေါ်ရီရီသန့်နှင့် မင်္ဂလာတေးသံသာများဖြင့် ဖျော်ဖြေပေးကြပါသော The Cupid Music Band တေးဂီတအဖွဲ့အားလည်းကောင်း၊ မင်္ဂလာဝတ်စုံ ဖန်တီးပေးပါသော Marvelous မိတ်ကပ်နှင့်ဆံပင် အလှဆင်ပေးပါသော လင်းလင်း(Make-Up Artisit)၊ မင်္ဂလာပန်းအလှ ပြင်ဆင်ပေးပါသော Eternal Flower အဖွဲ့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားတွင် ဓာတ်ပုံနှင့်ဗီဒီယိုရိုက်ကူးပေးပါသော The Cute Cupid Photo အဖွဲ့အားလည်းကောင်း၊ Chatrium Hotel မှ မန်နေဂျာနှင့်ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာပွဲ ပြီးမြောက်အောင်မြင်ရန်အတွက် အဘက်ဘက်မှဝိုင်းဝန်းကူညီပေးကြပြီး မင်္ဂလာလက်ဖွဲ့ပစ္စည်းများပေးပို့ကြပါသော ဆွေမျိုး၊ မိတ်ဆွေသင်္ဂဟများ၊ သူငယ်ချင်းများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အား လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ရန်နောင်ဝင်း-မသဲစုဝင်း

နိုင်ငံတော်သမ္မတကြီးနှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်သို့ ကျေးဇူးတင်လွှာ

လူမှုဘဝ စာနာသမှု
သူပြုခဲ့ပြီ
အများသူငါ အဆင်ပြေမှု
သူပြုခဲ့ပြီ
ခြေခံလူထု ညာတာသမှု
သူပြုခဲ့ပြီ
ဆင်းရဲမွဲတေမှု ပပျောက်မှု
ထောက်ကူပြုခဲ့ပြီ
ယာဉ်မောင်းဘဝမှ ယာဉ်ပိုင်ဘဝသို့
ရောက်ရှိအောင်လည်း
သူပြုခဲ့ပြီ
တိုင်းကျိုးပြည်ပြု ဆထက်တိုး၍
ပြုနိုင်ပါစေ တောင်းဆုချွေသည်
ရာကျော်အသက်
ရှည်ပါစေသော်။

စီးပွားကူးသန်းအငှားယာဉ်မောင်းများ

တိုက်ခန်းနှင့် မြေကွက်ရောင်းမည်

၁။ ဗဟန်း(၃)လမ်း၊ တိုက်(၁၂/၁၃) အခန်း (၂က)၊ မြေညီထပ်။
(၄၇၀)သိန်း
၂။ မဒဂုံ(၃၂)ရပ်ကွက်၊ ပြည်တော်အေးလမ်း၊ (၁၂၂၇)ထောင့်ကွက်၊ ဘေလီတံတားနီး **(၆၅၀)သိန်း**
ဖုန်း-၀၉ ၅၀၁၀၆၀၅

ယတြာဆရာမ

ဖြစ်ချင်တာတွေ မဖြစ်သေးဘူးဆိုရင်
မဖြစ်ချင်တာတွေ ဖြစ်နေတယ်ဆိုရင်
အဆင့်မြင့်ယတြာများ ဆောင်ရွက်ပေးပါသည်။
ဖုန်း-၀၉-၅၀၇၅၈၂၇

မိတ်ဆောင်းမိတ်သစ်များကို မိတ်ဆေါ်ပါသည်။

ပန်း ထိုး စက်

ဦးသန်းအောင်

Ph: 563033, 0973191322

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် သကမ-၁၆၊ မြေကွက်အမှတ် ၅၄၉/ခ၊ မြေကွက်တည်နေရာအမှတ် (၅၄၉/ခ)၊ ဗိုလ်တာယာလမ်း၊ ၁၈ ရပ်ကွက်၊ (ဦးအောင်မြင့်) အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးအောင်မြင့်ထံမှ အရပ်ကတိ အရောင်းစာချုပ် အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်သူ (၁)ဦးလှိုင်ဝင်း(MTNT-022420)၊ ဒေါ်နွယ်နီ(HTYA-001991)တို့က ပါမစ်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ ဝန်ခံကတိတို့တင်ပြပြီး ဂရန်သစ်လျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အလင်းသစ်စာပေတိုက်မှထုတ်လုပ်ဖြန့်ချိသည်။

စီးပွားဥစ္စာတွေကို မပေးရက် မစားရက် တွန့်တိုနေရင်
ရန်သူမျိုးငါးပါးနဲ့တွေ့ပြီး ပြောင်းပီတ်ထားသလို
ဖြစ်နေပါတယ်။ အဲဒီလို မဖြစ်ရအောင် . . .

ရေလာမြောင်းပေး

ဝမ္ပဒူတ
ဒေါက်တာအရှင်ဆေကိန္ဒ

အလင်းသစ်စာပေတိုက် ၊ ဖုန်း-၀၉ ၅၄၀၀၃၀၂ ၊ ၀၉ ၈၇၀၃၈၄၈

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ အမှတ်(၃၂၇)၊ သစ္စာလမ်း၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နေ
ဦးမြတ်စိုးနှင့် ဒေါ်စန်းကြည်တို့၏သား၊ မချိုချိုလွင်၏မောင်

မောင်သူရအောင်

(B.Sc Geology)

Site Engineer (Dong.A Consultants Asia Company Ltd. Singapore)

နှင့်

ရန်ကုန်မြို့၊ အမှတ်(၄၁၈)၊ ခိုင်သဇင်လမ်းသွယ်-၄၊ ပုလဲ-၃၊ မင်္ဂလာဒုံမြို့နေ
ဦးဝင်းမြင့်(ဦးစီးအရာရှိ-ငြိမ်း၊ ထွေ/အုပ်)နှင့် ဒေါ်ခင်မာငွေ(အထက်တန်းပြ-ငြိမ်း)
တို့၏သမီးကြီး ဒေါက်တာဝဏ္ဏဝင်း M.B.,B.S(Ygn), MRCP (Part-I)၏အစ်မ

မဇွန်ဝင်းမြင့်(ဖြိုး)

(BE Civil)

Resident Technical officer(Design-Enviroment Group Architects LLP, Singapore)

တို့သည် ပုလဲ-၃ နေအိမ်၌ ၂၈-၂-၂၀၁၃ ရက်(ကြာသပတေးနေ့)တွင် နှစ်ဖက်သော မိဘဆွေမျိုးများရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်သူရအောင်-မဇွန်ဝင်းမြင့်(ဖြိုး)

အများသိစေရန် ကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ (၃၄)ရပ်ကွက်၊ ပျဉ်းမမြိုင်လမ်း၊ အမှတ်(၉၆၉)နေ ဒေါ်မင်းမင်းစိုး[၁၂/ရကန(နိုင်)၀၁၃၄၇၃]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မင်းမင်းစိုးနှင့် ဦးအောင်မြင့်[၁၃/တကန(နိုင်)၁၃၂၀၃၄]တို့သည် ၂၀၀၈ ခုနှစ်ကတည်းက တရားဝင်လက်ထပ်ထိမ်းမြားခဲ့ကြပြီး ယခုအချိန်အထိ လင်ခန်းမယားခန်းမပြတ်သေးပါ။ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မင်းမင်းစိုးနှင့် ဦးအောင်မြင့်တို့ ပေါင်းသင်းနေစဉ်အတွင်း ၎င်းတို့၏ ကံ၊ ဉာဏ်၊ ဝီရိယကြောင့်ရရှိသောငွေဖြင့် ၂၀၁၁ ခုနှစ်တွင် ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၄၊ မြေကွက်အမှတ်-၉၆၉၊ ဧရိယာ-၀. ၀၆၉ ဧက၊ အလျား ၄၉'× အနံ ၆၁' ရှိ မြေနှင့်နှစ်ထပ်တိုက်အိမ်ကို ဝယ်ယူပိုင်ဆိုင်နေထိုင်ခဲ့ပါသည်။ ဖော်ပြပါမြေကွက်မှာ ဒေါ်မင်းမင်းစိုး အမည်ပေါက်ဖြစ်ပြီး ဒေါ်မင်းမင်းစိုးမှာ ယနေ့အချိန်အထိ ဦးအောင်မြင့်၏ တရားဝင်ဇနီးဖြစ်ပါသဖြင့် အထက်ဖော်ပြပါ မြေနှင့်တိုက်အိမ်အား တရားဝင်ဇနီးတစ်ဦး၏ ပိုင်ရေးပိုင်ခွင့်အပြည့်အဝရှိပါသည်။ သို့ဖြစ်ပါ၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မင်းမင်းစိုးမသိရှိဘဲ၊ သဘောတူညီမှုမရှိဘဲ၊ ယင်းအိမ်မြေနှင့်ပတ်သက်၍ အမည်ပြောင်းခြင်း၊ မြေပုံမြေရာဇဝင်လျှောက်ထားခြင်း၊ ဂရန်အသစ်ထုတ်ယူခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လှူဒါန်းခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ ငှားရမ်းခြင်း၊ တစ်နည်းနည်းဖြင့်လွှဲပြောင်းခြင်းများ မပြုလုပ်ပါရန်နှင့်ပြုလုပ်ခဲ့ပါက ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်မင်းမင်းစိုး၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်မေစီ(LL.B) — **တရားလွှတ်တော်ရှေ့နေ(စဉ်-၅၂၂၇)**
ဒေါ်ခင်လှဲ့ဝေ(LL.B) — **အထက်တန်းရှေ့နေ(စဉ်-၃၈၉၈၀)**

အမှတ်-၄၆၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉၅၁၃၀၇၇၁၊ ၀၉၄၃၀၈၃၃၇၉

“ ကုန်အမှတ်တံဆိပ်အသိပေးကြော်ငြာချက် ”

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ဆိပ်ကမ်းသာလမ်း၊ အပေါ်ဘလောက်၊ အမှတ် ၂၅၆/၂၆၆၊ အခန်း(၈/က)ရှိ မြန်မာ့ခေတ်မီဒီယာကုမ္ပဏီလီမိတက် Myanmar Age Media Company Limited (၎င်းကုမ္ပဏီ၏မန်နေဂျင်းဒါရိုက်တာ ဦးအောင်အောင်ကျော်- ၁၄/လမန(နိုင်)၀၇၀၅၀၅) ကဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌စာချုပ်မှတ်ပုံတင်အမှတ် (၇၂၁/၂၀၁၃)ဖြင့် မိမိတစ်ဦးတည်းမှုပိုင်အဖြစ် ပြုလုပ်သုံးစွဲရန် မှတ်ပုံတင်သွင်းထားပြီးဖြစ်ပါသည်။

မြန်မာ့ခေတ် MYANMAR AGE

ဖော်ပြပါတံဆိပ်အမှတ်အသားပေါ်တွင်ရှိသော မြန်မာ့ခေတ် မြန်မာစာလုံးဒီဇိုင်းစာတန်းသည်ဖော်ပြပါ ဒီဇိုင်းတံဆိပ်အမှတ်အသားများအတိုင်း ပူတွဲလျက်သော်လည်းကောင်း၊ သီးခြားစီဖြစ်၍သော်လည်းကောင်းမူပိုင်ပြုသုံးစွဲမည်ဖြစ်ပါသည်။

ဖော်ပြပါတံဆိပ်အမှတ်အသားဖြင့် မြန်မာ့ခေတ်မီဒီယာကုမ္ပဏီလီမိတက် ၏ဝန်ဆောင်မှုလုပ်ငန်းများဖြစ်သော အွန်လိုင်းမီဒီယာလုပ်ငန်း ကြော်ငြာနှင့်ကြော်ငြာကိုယ်စားလှယ်လုပ်ငန်း၊ ဖျော်ဖြေရေးလုပ်ငန်းနှင့် ယင်းနှင့်ပတ်သက်သောလုပ်ငန်းများ၊ ပုံနှိပ်ထုတ်ဝေခြင်းလုပ်ငန်းများ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ နှင့် အကျင့်စီလုပ်ငန်းအမျိုးမျိုး စသည်တို့တွင် သုံးစွဲမည်ဖြစ်ပါသည်။

ထို့အပြင် ထည့်သွင်းထုပ်ပိုးရန် အသုံးပြုသည့်ဗူးခွံ၊ ပလတ်စတစ်အိတ်၊ ပါဆယ်ထုပ် အစရှိသည့်ထုပ်ပိုးပစ္စည်းများ အပေါ်၌ယင်းတံဆိပ် အမည်အမှတ် အသားကိုအရောင် အမျိုးမျိုး အရွယ်အစားအမျိုးမျိုးပြုလုပ်ပြီး ကပ်နိုင်၊ ခိုနိုင်၊ ရိုက်နှိပ်၍ဖြန့်ချိထုတ်ဝေရောင်းချသွားမည်ဖြစ်ပြီး တံဆိပ်အမည်အမှတ်အသားဖြင့် ရိုက်နှိပ်ထုတ်ဝေ ဖြန့်ချိသောစာအုပ်၊ စာတမ်း၊ စာစောင်၊ မျက်နှာဖုံးစာရွက်များ၊ သတင်းအချက်အလက်၊ ပုံနှိပ်၊ ပစ္စည်းတို့နှင့်ပတ်သက်၍ ဖြန့်ချိရောင်းချကြော်ငြာသောကိစ္စရပ်များနှင့် စပ်လျဉ်းဆက်စပ်သည့်ကြော်ငြာ၊ ဆိုင်းဘုတ်၊ အလောက်တံဆိပ်တုံးငွေ ပေးငွေယူပြေစာ၊ စာရွက်စာတမ်းအစရှိသည့်တို့အပေါ်တွင် အဆိုပါတံဆိပ်အမည်အမှတ်အသားကိုပြုလုပ်ရိုက်နှိပ်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံး၌ ပြုလုပ်ဆောင်သွားမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ မြန်မာ့ခေတ်မီဒီယာကုမ္ပဏီလီမိတက်မှတပါး အခြားသူတစ်ဦးတစ်ယောက်ကဖြစ်စေ၊ တစ်စုံတစ်ရာသော ကုမ္ပဏီအဖွဲ့အစည်းတစ်ခုခုကဖြစ်စေ၊ အတိအလင်းသော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ အတိအကျသို့မဟုတ်တစ်စိတ်တစ်ဒေသကိုပုံတူပုံမှားထင်ယောင်ထင်မှားဖြစ်စေသည့် တုပပြုလုပ်သုံးစွဲခွင့်မပြုပါ။

ထိုသို့ပြုလုပ်သုံးစွဲသည်ကိုတွေ့မြင်သိရှိပါက ထိုသူများအပေါ် ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်းရှိ သက်ဆိုင်ရာ တရားရုံးများ၌ အရေးယူတရားစွဲဆိုမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဦးခင်မောင်မြိုင် - တရားလွှတ်တော်ရှေ့နေ၊ စဉ်-၄၆၆၀
အမှတ် ၁၄၁/၁၄၃၊ အခန်း ၄၀၃(တတိယထပ်) ဘားကရာကွန်ဒို၊ ဘားကရာ လမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
: ၀၉-၉-၄၂၁၀၁၂၁၀ ☎ : ၀၉-၁ -၅၀၀၄၀၃
Email: paylaypin24@gmail.com

ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်မြို့ လှိုင်မြို့နယ် မြေတိုင်းရပ်ကွက်အမှတ် [illegible] လူနေရပ်ကွက်အမှတ် – အအေးလိုမှူ မြေကွက်အမှတ် [illegible] (စတုရန်းပေ–၂၄၅၅) ရှိ နှစ် (၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ လှိုင်မြို့နယ်၊ [illegible] အမှတ်[illegible] ဟု ခေါ်တွင်သော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်ကို တရားဝင်အမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဒေါ်မြတ်မြတ်သူ (၁၂/အကန (နိုင်) ၀၀၇၀၉၃) ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေ အချို့ကိုပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့် နေ့မှ (၁၄) ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်း (မူရင်း)များနှင့်အတူ ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –
ဦးစောခေါ်စော်ခင်း (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်–၅၆၃၆)
ရုံး – အမှတ် [illegible] အခန်း [illegible] ၊ မဟာဗန္ဓုလပန်းခြံလမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့
ထိမ်– အမှတ်–[illegible] – လမ်း (၁) ရပ်ကွက် [illegible]မြို့နယ် ၊ ရန်ကုန်မြို့
ဖုန်း – ၀၁–[illegible] ၊ ၀၉–[illegible]

“ အများသိစေရန် ”

ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါက်တာကျော်လင်း (၁၂/အဂန (နိုင်) ၀၀၅၀၈၈) ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်။

ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါက်တာကျော်လင်းအမည်ပေါက်ပိုင်ဆိုင်သော အမှတ်–၁၇၇၊ ပေါ်ဆန်းမွှေး (၃) လမ်း ၊ ၁၂–ရပ်ကွက် ၊ လှိုင်မြို့နယ် ၊ ရန်ကုန်မြို့ ဆိုင်ရာ ပိုင်ဆိုင်မှုစာချုပ်စာတမ်းများနှင့်အမှတ် (၁–ဘေ) ရွှေညီအစ်မ မယ်ဇီကုန်းလမ်း (၇)ရပ်ကွက် ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ရှိ ဖွင့်လှစ်ထားသောဆေးခန်းပိုင်ဆိုင်မှု စာချုပ်စာတမ်းများသည် (၂၄–၂–၂၀၁၃) ရက်နေ့တွင် ပျောက်ဆုံးသွားခဲ့ပါသည်။ အထက်ပါနေအိမ်နှင့်ဆေးခန်းတို့၏ ပိုင်ဆိုင်မှုစာချုပ် စာတမ်းများကို အသုံးပြုပြီး ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လွှဲပြောင်းခြင်းတို့ကို မပြုလုပ်ရန်သတိပေးထားဖြစ်ပါသည်။ လိုက်နာရန်ပျက်ကွက်ပါက တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –
ဒေါ်စန်းစန်းငွေ (LL.B) — **ဦးအောင်ခိုင် (ခ) ဦးအောင်ပို (LL.B)**
တရားလွှတ်တော်ရှေ့နေများ
တိုက် (၈) ၊ အခန်း (၂၃) ၊ မြေနီကွင်းအိမ်ရာ၊ ကြည့်မြင်တိုင်မြို့နယ် ၊ ရန်ကုန်မြို့ ။

မနောအလှတေးဂီတအဖွဲ့ ၏ အလှူရှင်များထံမှ လက်ခံရရှိခဲ့သည့်ရငွေများနှင့် သုံးငွေစာရင်းရှင်းတမ်း

အကြောင်းအရာ	ဒေါ်လာ	မြန်မာကျပ်	ရှေ့ဦးတန်ဖိုး
ဝင်ငွေများ			
[illegible] (1-9-2012)		4,730,461	
[illegible] (1-9-2012)	3050	21,890	
[illegible] (1US$=845Kyat)		2,028,000	
[illegible]		126,025	
[illegible]		10,000,000	
[illegible]		10,000,000	
IBPC Co.Ltd [illegible]		2,500,000	
SIR [illegible]		2,000,000	
(USA [illegible]) [illegible]	100		
[illegible]		500,000	
[illegible]		500,000	25,000
[illegible] (CMF) [illegible]		500,000	
Modern House [illegible]		380,000	
[illegible] (CAE) [illegible]		300,000	
[illegible]		150,000	
[illegible] B.Ez [illegible]		100,000	
[illegible]		11,000	89,000
[illegible]			3,000,000
[illegible]		310,650	2,000,000
[illegible]			1,500,000
[illegible]			1,040,360
[illegible]			250,000
[illegible] (CMF) [illegible]			168,000
[illegible]			
	3,150	34,138,026	8,072,360

အကြောင်းအရာ	ဒေါ်လာ	မြန်မာကျပ်	ရှေ့ဦးတန်ဖိုး
[illegible]			
[illegible]	2400		
[illegible]			4,208,360
[illegible]			2,000,000
[illegible] KBC [illegible]			1,500,000
[illegible]		1,250,000	250,000
[illegible]		1,002,000	114,000
[illegible] IBPC [illegible]		2,500,000	
[illegible]		2,100,000	
[illegible]		2,000,000	
[illegible] Pawn Naw Aen [illegible]		2,000,000	
[illegible]		2,000,000	
[illegible]		12,852,000	8,072,360
[illegible]			
[illegible]			
[illegible]		1,881,222	
[illegible]		19,404,804	
[illegible]	750		
	3150	34,138,026	8,072,360

[illegible]

အထက(၁)သာကေတ ဒုတိယအကြိမ် အာစရိယပူဇော်ပွဲကျင်းပမည်

အထက (၁) သာကေတတွင် (၃၁. ၃. ၂၀၁၃)ရက်အထိ တာဝန်ထမ်းဆောင် အငြိမ်းစားယူခဲ့သော အသက် (၆၀)ပြည့် ဆရာကြီး/ဆရာမကြီးများအား ဒုတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၅-၅-၂၀၁၃ ရက် (တနင်္ဂနွေနေ့)တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ရပ်ဝေး/ရပ်နီးမှ ကျောင်းသား/ကျောင်းသူဟောင်းများ အောက်ပါသူငယ်ချင်းများထံ အလှူငွေများ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

အာစရိယပူဇော်ပွဲသို့ တက်ရောက်မည့် ဆရာကြီး/ဆရာမကြီးများမှလည်း အထက (၁) သာကေတရှိ ဒေါ်ချိုချိုအောင် ဖုန်း-၀၉ ၄၂၀၀၆၄၄၂၆ နှင့် ဒေါ်စန္ဒာမြင့် ဖုန်း-၀၉ ၅၀၈၇၃၆၄ တို့ထံ ဆက်သွယ်ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

- ၁။ ဦးကျော်မိုးသိန်း (၀၉ ၄၉၅၇၁၃၀၈)
- ၂။ ဒေါ်ခင်စန်းဝင်း (၀၉၄၂၀၁၇၄၅၇၀)
- ၃။ ဒေါ်ရီရီသန်း(၀၉၄၃၁၆၂၁၀၁)
- ၄။ ဒေါ်မိုးကေသီခိုင် (၀၉ ၅၁၃၉၉၄၈)
- ၅။ ဦးသန်းဇော်ထွေး (၀၉ ၅၀၇၁၄၇၀)
- ၆။ ဒေါ်နန်းနန်းတင် (၀၉၇၃၁၀၀၀၈၀)
- ၇။ ဒေါ်စည်သူသောင်း (၀၉၄၉၃၀၈၂၀၃)
- ၈။ ဦးကျော်စိုး(၀၉၇၃၁၃၄၅၂၄)
- ၉။ ဒေါ်လဲ့လဲ့ခိုင် (၀၉၇၃၀၂၀၂၀၉)
- ၁၀။ ဒေါက်တာနိုင်မြတ်ကျော် (၀၉ ၅၁၆၅၁၉၉)
- ၁၁။ ဦးအောင်မြင့်ဦး (၀၉၇၃၂၃၁၃၈၆)
- ၁၂။ ဒေါ်သိမ့်မွန်မွန်ထွန်း (၀၉ ၅၀၁၁၇၈၂)
- ၁၃။ ဒေါ်ဖြိုးသီရိမောင် (၀၉၇၃၀၅၃၃၃၉)
- ၁၄။ ဒေါ်လေးလေးမြင့် (၀၉၄၃၀၆၄၇၃၃)
- ၁၅။ ဦးလွင်ကိုကိုဦး (၀၉ ၄၂၈၁၈၀၈၄၅)
- ၁၆။ ဒေါ်သဥ္ဇာ (၀၉ ၇၃၀၆၅၆၄၄)
- ၁၇။ ဦးအောင်ကောင်းဇော် (၀၉ ၇၃၀၁၇၁၃၆)
- ၁၈။ ဒေါ်လဲ့လဲ့တင့်ဆွေ (၀၉၇၃၁၁၅၅၇၉)
- ၁၉။ ဦးမင်းထိုက် (၀၉ ၇၃၀၂၀၁၆၄)
- ၂၀။ ဦးသန်းစော (၀၉ ၄၃၀၃၄၈၈၇)
- ၂၁။ ဦးအောင်ကျော်မင်း (၀၉ ၄၂၁၇၁၆၉၇၆)
- ၂၂။ ဦးထက်ဝင်းလှိုင် (၀၉ ၇၃၂၅၅၀၁၁)
- ၂၃။ ဒေါ်စုစုဇော် (၀၉ ၄၂၀၀၄၁၀၀၂)

ပုဂံညောင်ဦးမြို့နယ်အသင်း(ရန်ကုန်)၏ ပုဂံသွေးပရဟိတနှင့် သွေးလှူရှင်များအဖွဲ့မှ ပဥ္စမအကြိမ်မြောက် သွေးလှူဒါန်းပွဲကို အောက်ပါအစီအစဉ်အတိုင်း သွေးလှူဒါန်းပါမည်။

သွေးလှူဒါန်းလိုသော သွေးလှူရှင်များအား ပါဝင်လှူဒါန်းနိုင်ရန် အသိပေးနှိုးဆော်အပ်ပါသည်။

နေရာ - အမျိုးသားသွေးဌာန၊ ရန်ကုန်ဆေးရုံကြီး
နေ့ရက်- ၂၀၁၃ ခုနှစ်၊ မတ်လ ၃ရက်(တနင်္ဂနွေနေ့)
အချိန် -နံနက် ၉ နာရီမှ မွန်းလွဲ ၂း၃၀ နာရီအထိ

ရောင်းရန်

သန်လျင်မြို့မှ အထူးဈေးနှုန်းဖြင့် အောက်ဖော်ပြပါ တည်းခိုခန်း မြေအကျယ်ပေ (၁၂၀×၄၀) တိုက်ငယ်တစ်လုံး၊ ဂိုဒေါင်တစ်လုံး ဈေးနှုန်းသိန်း ၂၅၀၀

ပေ (၅၀×၆၀)ပေါ်ရှိ ရေသန့် စက်ရုံတစ်ရုံ၊ ဈေးနှုန်းသိန်း ၁၅၀၀၊

ပိုင်ရှင်လာမည့်ဧပြီလတွင် ရဟန်းဘောင်သို့ အပြီးဝင်မည်ဖြစ်၍ လျှော့ရောင်းထားခြင်းဖြစ်သည်။ **ဖုန်း-၀၉ ၇၃၀၉၆၁၅၅**

နွေရာသီအခြေခံ/အဆင့်မြင့်ရေကူးသင်တန်းများနှင့် စနေ၊ တနင်္ဂနွေ အထူးသီးသန့် ရေကူးသင်တန်းများဖွင့်လှစ်သင်ကြားပေးနေပါပြီ။

အထူးအစီအစဉ်-
ရေကူးပြိုင်ပွဲ ကျင်းပပေးမည်။ ထိုက်တန်စွာဆုချီးမြှင့်မည်။
အမျိုးသမီးများအတွက် မြန်မာ့လက်ရွေးစင်(မနှင်းနှင်းအိ)ကိုယ်တိုင်သင်ကြားပေးမည်။

တက္ကသိုလ်ရေကူးကန်(အင်းယားလမ်း)
စိမ်းလန်းစိုပြေပန်းခြံအနီး၊ ဖုန်း-၀၉-၇၃၁၀၅၂၇၆၊ ၅၂၅၈၉၁

မြေကွက်ကျယ်အမြန်ရောင်းမည်

၁။ တောင်ဒဂုံ၊ အမှတ်(၂)လမ်းမအနီး၊ စိမ်းလဲ့ကန်သာလုံးချင်းအိမ်ရာ၊ မြေ ၁၀၀ပေ × ၁၀၀ ပေ၊ မီတာ၊ အဝီစိရေတွင်းပါ။
၂။ သန်လျင်၊ ထားမလုံ၊ ဥယျာဉ်ခြံမြေ ဝ.၃၀ဧက၊ အမည်ပေါက်။
ဆက်သွယ်ရန် - ၀၉ ၅၄၁၀၇၉၉၊ ၀၉ ၇၃၀၀၉၇၉၉၊ ၀၁-၅၇၀၀၉၉

YAG ငွေပန်းချီသင်တန်း။

အမှတ်-၂၇၃၊ ၅လွှာ၊ ဗညားဒလလမ်း၊ တာမွေ။
Ph - 205136, 09 5065833

ရွှေရည်ဦး



အာမခံစိန်ရွှေရတနာဆိုင်

ရွှေ ရည်စံမီ၊ သိဂီရွှေစစ်၊ အသွင်သစ်
ရည် ရွှယ်မှန်းတိုင်း၊ မဆိုင်းမတွ၊ စုံပြည့်ဝ
ဦး ရွှာပထမ၊ နှလုံးလှလှ၊ အလှဆင်ရာ၊
ရွှေရည်ဦးပါ။

မိတ်ဟောင်းမိတ်သစ်များ ရွှေရည်ဦး ရွှေပန်းထိမ်သို့ ကြွရောက်အားပေးနိုင်ရန် အလေးအမြတ်ထား၍ ဖိတ်ခေါ်အပ်ပါသည်။

ဦးအောင်သန်း+မာလာခိုင်

အမှတ်(၁၀၅)၊ ဗိုလ်ဆွန်ပက်လမ်း(အောက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
:09-5010081, 09-5027918 , ☎:01-246814,254711

ပြင်ဆင်ဖတ်ရှုပါရန်

၂-၂-၂၀၁၃ ရက်ကြေးမုံသတင်းစာ စာမျက်နှာ(က)ပါကန့်ကွက်နိုင်ကြောင်း ကြော်ငြာတွင် သဃ်န်းကျွန်းမြို့နယ် မြေတိုင်းရပ်ကွက်အမှတ် ၁၆/ခ အစား မြေတိုင်းရပ်ကွက်အမှတ် ၁၆/၁ ဟုပြင်ဆင်ဖတ်ရှုပါရန်။

ပုညာရာမ မိုးကုတ်ဝိပဿနာကျောင်းတိုက် (၈၄)ကြိမ်မြောက် သစဉ်ပုံမှန် (၁၀)ရက်တရားစခန်းပွဲ

ရန်ကုန်မြို့၊ သာကေတမြို့နယ်(၉)ရပ်ကွက်၊ နဝရတ်လမ်း ပုညာရာမမိုးကုတ်ဝိပဿနာ ကျောင်းတိုက်ကြီး၌ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယ ကိုခံယူလျက် ဆရာတော်အရှင်ပုညာနန္ဒ၏ ဉာဏ်မီသမျှဟောကြားတော်မူခဲ့သော ခန္ဓာဉာဏ်ရောက် သစ္စာဆိုက်တရားတော်များ၊ အလုပ်ပေးတရားတော်များနှင့်တကွ နယ်လှည့်ဓမ္မကထိက ဆရာတော်များ၏ သစ္စာတရားတော်များကို နာယူကျင့်ကြံအားထုတ်နိုင်ရန် ပုညာရာမ ကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယကဆရာတော် ခမည်းတော်ကြီး ဘဒ္ဒန္တဝိစာရမှ(၁၃-၃-၂၀၁၃)မှ(၂၂-၃-၂၀၁၃)နေ့အထိကျင်းပသွားမည်ဖြစ်ရာ တရားစခန်းဝင်ရောက် ကျင့်ကြံအားထုတ်လိုသူများ လိုအပ်သောအချက်အလက်စုံလင်စွာဖြင့် ကြိုတင်စာရင်းသွင်းနိုင်ပါသည်။

ပုညာရာမမိုးကုတ်ဝိပဿနာကျောင်းတိုက်

ဖုန်း-၀၁၅၅၃၃နှင့် ၀၉၅၀၁၃၂၉၇ သို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။

နိုင်ငံတကာတွင် ကျောင်းတက်မည့်သူများအတွက် အင်္ဂလိပ်စာကို စနစ်တကျပြင်ဆင်ပေးမည်

- 21st Century Life Style English
- Think English
- IELTS Foundation / Preparation
- Arts & Design
- Engineering Foundation Program

Personality Development, Interview Techniques, Job Hunting, Presentation Skills များအား အခမဲ့ [illegible]

Enroll Now!

CROWN EDUCATION

No.(272), 4th Floor, Room 404, Danahlaing Tower, Myaynigone, Sanchaung Township, Yangon.
Tel : 01 527 838, 01 523 832

သွာနုတ္တသမီးအဖြစ်မှစွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့၊ အမှတ်(၁)၊ ဈေးပိုင်းရပ်ကွက်၊ ဈေးတောင်လမ်းနေ ကျွန်မ ဒေါ်တင်နု၏သမီးဖြစ်သူ ဒေါ်မိုးမိမိအောင် (ခ)မတူးမာ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် [၇/ဒဥန(နိုင်)၀၃၂၇၃၆]သည် ၎င်း၏လိုအင်လောဘကြောင့် ကျွန်မမိခင် ဒေါ်တင်နုကိုပင် ဒိုက်ဦးမြို့နယ်တရားရုံး၌ ပြန်လည်တရားစွဲဆိုဆောင်ရွက်ခြင်းအပြင် မလျော်ကန်သော ပြုမူရေးသားဖော်ပြချက်များအား အကြိမ်ကြိမ်ပြုလုပ်ခြင်း၊ ကျွန်မ၏ကိုယ်၊စိတ်ဆင်းရဲစေရန် ပြုမူပြောဆိုမှုများကြောင့် ယနေ့မှစ၍ သွာနုတ္တသမီးအဖြစ်မှ စွန့်လွှတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

ဒေါ်တင်နု
[၇/ဒဥန(နိုင်)၀၃၂၇၆၃]

အမြန်အလိုရှိသည် (ပြည်တွင်း၌သာခန့်ထားရန်)

- ၁။ Company Assistant — ကျား/မ (၂)ဦး
  (အင်္ဂလိပ်စာရေး၊ ဖတ်၊ ပြောကျွမ်းကျင်နှင့် ကွန်ပျူတာလက်ကွက်ကျွမ်းကျင်သူဖြစ်ရမည်)
- ၂။ Export & Import (ရုံးဌာနကျွမ်းကျင်) — ကျား/မ (၄)ဦး
- ၃။ Designer (Photoshop,IIlustrator & In design) — ကျား/မ (၃)ဦး
  (Design Concept & Artwork Sense ရှိရမည်။)
  (Catalogue, Brochure, Web Photo တင်တတ်ရမည်။ Color Separation ဓာတ်ပုံရိုက်တတ်ရမည်။)
- ၄။ Computer Operator (DTP) — ကျား/မ (၃)ဦး
  (English,Myanmar Typing ကျွမ်းကျင်ပြီး အင်္ဂလိပ်စာဖတ်၊ နားလည်သူဖြစ်ရမည်။)
- ၅။ စာရင်းစစ်(ကုန်ပစ္စည်း Stock စစ်ဆေးရာတွင် ကျွမ်းကျင်သူဖြစ်ရမည်။ မ (၂)ဦး
- ၆။ ငွေကိုင် — မ(၅)ဦး
- ၇။ ယာဉ်မောင်း — ကျား(၅)ဦး

(အလုပ်သမားမှတ်ပုံတင်ပါရှိရမည်)
Royal Mart Supermarket
၅၂/၅၄၊ အခန်း-၁၆၊ ၄လွှာ၊ ဗိုလ်အောင်ကျော်လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့.

ပျောက်ဆုံး

ရန်ကုန်မြို့၊ ဒဂုံအရှေ့ ၆/၆၃၊ မူလပိုင်ရှင် အမည်ပေါက် ဦးလူစီဖရမ်စစ်(CF-၁၄၅၃၂၉) ကိုင်ဆောင်သူမှတစ်ဆင့် ဒေါ်ဝင်းဝင်းမော် အရပ်စာချုပ်ဖြင့် ဝယ်ယူထားသော မြေချပါမစ်အား ပျောက်ဆုံးသွားပါသဖြင့်ယခုဝယ်ယူထားသူ ဒေါ်ယဉ်ယဉ်နွယ် [၁၂/ရကန(နိုင်) ၀၀၃၆၅၄]ကိုင်ဆောင်သူသည် အမည်ပေါက် နှစ်(၆၀)ဂရန်အား သွားရောက် လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်ရန်ရှိပါက တစ်ပတ်အတွင်း ကန့်ကွက်နိုင်ပါကြောင်း။

ဒေါ်ယဉ်ယဉ်နွယ်
ဖုန်း-၀၉ ၇၃၁၂၀၈၁၅

ခွေးရောင်းရန်

Husky သားပေါက်များ၊ Dobermann သားပေါက်များ၊ Inn သားပေါက်များ ရောင်းရန်ရှိသည်။

DOG CITY PET SHOP

ကမ္ဘာအေးစေတီလမ်းနှင့် ကန်ရိပ်သာလမ်းထောင့်၊ မရမ်းကုန်းမြို့နယ်၊

ဖုန်း-၀၉-၅၀၂၇၅၈၈

ခွေးရောင်းမည်

ရှီဖူး ၂ လ ၃ လ ကာကွယ်ဆေးထိုးပြီး

ဖုန်း-၀၉-၇၃၁၁၅၃၅၆၊ ၀၉- ၄၂၀၂၆၇၁၄၈

ခရုသင်း (သမင်ဖြူ)

LEUCODERMA

[illegible]

အထူးဝမ်းနည်းကြေကွဲခြင်း

ဗိုလ်ချုပ်မင်းဂေါင်(ငြိမ်း)

အသက်(၈၈)နှစ်

Eternal Co.,Ltdမှ ဦးညီညီဦး(ဒု-ဥက္ကဋ္ဌ)-ဒေါ်ဥမ္မာဝင်းလွင်(ဒါရိုက်တာ-ဘဏ္ဍာရေး)တို့၏ ဖခင် Myanmar Synergy Garment Co.,Ltd မှ ဦးမင်းဂေါင်ဦး(အုပ်ချုပ်မှုဒါရိုက်တာ)တို့၏အဘိုး၊ ဗိုလ်ချုပ်မင်းဂေါင်(ငြိမ်း) အသက် (၈၈) နှစ်သည် ၂၂-၂-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်းကြားသိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

Kian Chue Hwa (Industries) Pte Ltd.

အထူးဝမ်းနည်းကြေကွဲခြင်း

ဗိုလ်ချုပ် မင်းဂေါင်(ငြိမ်း)

အသက်(၈၈)နှစ်

Eternal Co.,Ltd မှ ဦးညီညီဦး(ဒု-ဥက္ကဋ္ဌ)-ဒေါ်ဥမ္မာဝင်းလွင်(ဒါရိုက်တာ-ဘဏ္ဍာရေး)တို့၏ဖခင် Myanmar Synergy Garment Co.,Ltd မှ ဦးမင်းဂေါင်ဦး(အုပ်ချုပ်မှု ဒါရိုက်တာ)တို့၏အဘိုး၊ ဗိုလ်ချုပ်မင်းဂေါင်(ငြိမ်း) အသက် (၈၈)နှစ်သည် ၂၂-၂-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်းကြားသိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

Kian Ann Engineering Pte Ltd.

သရီးခိုင်းမွန်း

Air -con Services

Ph-0973206026,09420131374

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၁၅၃၊ မြေကွက်အမှတ်၁၀၅၅၊ မြေကွက်တည်နေရာ အမှတ် (၁၀၅၅)၊ (၁၅၃) ရပ်ကွက်၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ (ဒေါ်ခင်အေး) [၁၂/ကမတ(နိုင်)၀၀၅၂၂၀] အမည်ပေါက် မြေချပါမစ်မြေအား အမည်ပေါက် ဒေါ်ခင်အေးမှ မြေချပါမစ် ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာ၊ ဝန်ခံချက်များ တင်ပြပြီး ပါမစ်ပျောက်ဖြင့် နှစ် (၆၀)မြေငှားစာချုပ် (ဂရန်) လျှောက်ထားလာရာ (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ရန်ကြီးအောင်လမ်း၊ တိုက်အမှတ်(၁၃၄၆)၊ တတိယထပ်(ခေါင်းရင်းခန်း)အား ပိုင်ရှင်ဒေါ်အေးသန်း[၁၂/ဗဟန(နိုင်)၀၃၈၇၇၇] ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်မ ဒေါ်မြကြင်မှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက စာချုပ်စာတမ်းမူရင်းများနှင့်တကွ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စ ပြီးမြောက်အောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်မြကြင် [၁၂/ရကန(နိုင်)၀၄၁၄၁၃]
ဖုန်း-၀၉-၅၀၂၈၄၆၄

(၃)နှစ်(၅)လပြည့်အလွမ်း

ဦးစိုးညွန့်(ဒေါက်တာထီလာစစ်သူ) P.h.D, D.Lit

ကဗျာစာဆိုသရဖူဘွဲ့ရ (ဂျပန်ပြည်)

One Thousand Great Asians England

ဒုတိယဝန်ကြီး(ငြိမ်း)

ပြန်ကြားရေးဝန်ကြီးဌာနနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

၂-၁၀-၂၀၀၉ရက်တွင် ကွယ်လွန်ခဲ့သော အလှူ့ဒါယကာကြီး ဦးစိုးညွန့်(ဒေါက်တာထီလာစစ်သူ)အား ရည်မှန်း၍ မိသားစုမှ လစဉ် (၂)ရက်နေ့တိုင်း အိမ်တွင် နေ့ဆွမ်းများ ဆက်ကပ်ခြင်း၊ ဆွမ်းအုပ်များပို့ခြင်း၊ လစဉ်ကျောင်းဆောက်ရာတွင် အလှူငွေများ ထည့်ဝင်ခြင်းများကို ရေစက်သွန်းလောင်း အမျှ ပေးဝေပါသည်။

ကွယ်လွန်သူအားရည်စူး၍ လစဉ်ပြုလုပ်ပေးနေသော ကောင်းမှုကုသိုလ် အစုစုတို့ကို ရောက်ရာဘုံဘဝမှ အေးအေးချမ်းချမ်း ကျန်းကျန်းမာမာ သာဓုအနုမောဒနာ ခေါ်ဆိုနိုင်ပါစေ၊ ရောက်ရာဘုံဘဝမှ ခင်ပွန်းသည် ကြားသိပါစေ၊ သာဓုခေါ်ဆိုနိုင်ပါစေ။

မောင်ရေ အမျှ-- အမျှ-- အမျှ

ချစ်ဇနီး- ဒေါ်လှယဉ်ယဉ်စိုး
သမီး-နီလာစိုးညွန့်

ကျေးဇူးတင်လွှာ

ဒေါက်တာ ထွန်းအောင်ကြည်

အသက်(၅၅)နှစ်

ဒေါက်တာ ထွန်းအောင်ကြည် (မကွေး) နာမကျန်းစဉ်က မေတ္တာ၊ စေတနာ၊ အပြည့်ဖြင့် ဆေးကုသပြုစုပေးကြသော မကွေးတိုင်းဒေသကြီးပြည်သူ့ဆေးရုံကြီး၊ ဆေးပညာဌာန၊ ပါမောက္ခဌာနမှူး ခွဲစိတ်ဆရာဝန်ကြီးနှင့်တာဝန်ကျဆရာ၊ ဆရာမများ၊ ဝန်ထမ်းများအားလုံးအား လည်းကောင်း၊ လိုအပ်သည့် ဆေးဝါးများ ကူညီရှာဖွေပေးကြသော မိတ်ဆွေများအားလည်းကောင်း၊ ဈာပနကိစ္စတွင် ဝိုင်းဝန်းကူညီအားပေးကြသော ဆွေမျိုးမိတ်သင်္ဂဟအားလုံးအားလည်းကောင်း၊ ဆေးကုမ္ပဏီမှဝန်ထမ်းများအားလုံးအားလည်းကောင်း၊ (၁၉၇၆-၈၂)ဆေး/မန်းမှ သူငယ်ချင်းများအားလုံးအားလည်းကောင်း၊ မကွေးမြို့ ကရုဏာရှင်နာရေးကူညီမှုအသင်းမှ နာယကဆရာတော်နှင့်တကွ ပုဂ္ဂိုလ်အားလုံးအားလည်းကောင်း၊ မေတ္တာ ကရုဏာရှေ့ထား၍ ဩဝါဒပေးတရားချီးမြှောက်တော်မူကြသည့် ဆရာတော်၊ သံဃာတော်များအားလည်းကောင်း၊ ဝတ်ရွတ်ပေးကြသော သီလရှင် ဆရာကြီး/လေးများအားလုံးအားလည်းကောင်း၊ နောက်ဆုံးခရီးတွင် လိုက်ပါပို့ဆောင်ပေးခဲ့ကြသော ရပ်နီး၊ ရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေများ၊ မြို့သူ မြို့သားများအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးတင်ရှိအပ်ပါသည်။

ကျန်ရစ်သူ မိသားစုဘက်မှ လိုအပ်ချက်များရှိပါကလည်း မေတ္တာရှေ့ထား၍ နားလည်စာနာ ခွင့်လွှတ်ပေးကြပါရန် အနူးအညွတ် တောင်းပန်အပ်ပါသည်။

ကျန်ရစ်သူမိသားစုနှင့် ဆွေမျိုးများအားလုံး

လေယ်စုနှစ်(၃)ခုကျော် စီးပွားရေးတက္ကသိုလ်၊ အဝေးသင်တက္ကသိုလ် တို့တွင် စာရင်းအင်းဘာသာ၊ သင်္ချာဘာသာရပ်များကိုသင်ကြားပို့ချလျက်ရှိသော . . .

ဦးရဲမင်းပိုင်(သင်္ချာ)၁၀တန်းသင်ရိုးဘာသာစုံ ၁၀တန်း၊ - ၉တန်း ဘာသာစုံ ဗိုင်း၅၀၀၀၀ ပုံမှန် ၂၅၀၀၀ ၇.၃.၂၀၁၃စမည်။ ဖုန်း-၀၉ ၇၃၁ ၆၁၁၄၀

မျိုးဆက်သစ်ဆရာ/မများအတွက်အထောက်အကူပြုသင်တန်း မတ် ၄ မှ ဧပြီ ၄ အထိ ၁၆၅၊ သိပ်ကမ်းသာလမ်း ဦးရဲမင်းပိုင်စာသင်ခန်းမ

ဒေါ်သန်းသန်းနွဲ့ @ တာတာ

သတိရခြင်း

မေပန်းယဉ်

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာထွန်းအောင်ကြည်

အသက်(၅၅)နှစ်

ဒေါက်တာ ဒေါ်သင်းသင်းမွန်၏ ချစ်လှစွာသောခင်ပွန်း ဒေါက်တာ ထွန်းအောင်ကြည်သည် ၂၂-၂-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

အထွေထွေရောဂါကုဆရာဝန်များအဖွဲ့
မြန်မာနိုင်ငံဆရာဝန်အသင်း

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာထွန်းအောင်ကြည်

အသက်(၅၅)နှစ်

ဒေါက်တာ ဒေါ်သင်းသင်းမွန်၏ ချစ်လှစွာသောခင်ပွန်း ဒေါက်တာ ထွန်းအောင်ကြည်သည် ၂၂-၂-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

မြန်မာနိုင်ငံဆရာဝန်အသင်း၊ တီဘီစီမံချက်

ဝမ်းနည်းကြေကွဲခြင်း

ဦးလှဝင်း(ခ)မဒ်ဟာမူ

အသက်(၇၀)

(Agent)ဦးဌေးလွင်၏ဖခင် ဦးလှဝင်း(ခ)မဒ်ဟာမူသည် ၂၅-၂-၂၀၁၃ရက်(တနင်္လာနေ့)တွင် နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ချမ်းသာရွှေမြေကုမ္ပဏီ

ဝမ်းနည်းကြေကွဲခြင်း

ဦးဉာဏ်မြင့် (၅၆)နှစ်

လက်ထောက်ကထိက(ငြိမ်း)စီးပွားရေးတက္ကသိုလ်

သူငယ်ချင်း မအေးအေးလှိုင်(B.Econ. MS 1971) ၏ခင်ပွန်း ကိုဉာဏ်မြင့်သည် ၂၄-၂-၂၀၁၃နေ့တွင် ကွယ်လွန်သွားပါသဖြင့်မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။ **စီးပွါးရေးတက္ကသိုလ် (၁၉၆၇-၇၁) သူငယ်ချင်းများ**

ဝမ်းနည်းကြေကွဲခြင်း

ဦးအောင်သန်း(မာန်အောင်)

အသက်(၈၆)နှစ်

သူငယ်ချင်း Capt ဦးနိုင်လွင် (UNITEAM)- ဒေါ်ချိုယမင်းလှိုင်တို့၏ ဖခင် ဦးအောင်သန်းသည် ၂၂-၂-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရသည့်အတွက် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ် (၁၉၈၃)
ဘူမိဗေဒမှ သူငယ်ချင်းများ

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်အေးမိစံ

အသက်(၈၀)

ဗိုလ်သင်တန်း အမှတ်စဉ်(၈၃)မှ သူငယ်ချင်း ဗိုလ်ကြီးဘုန်းနိုင်(ငြိမ်း)-ဒေါ်သန်းသန်းမြင့်တို့၏မိခင်ဖြစ်သူ ဒေါ်အေးမိစံ အသက်(၈၀)သည် ၂၅-၂-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် သူငယ်ချင်းတို့ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

မသက(၈၃)မှ ကျောင်းဆင်းသူငယ်ချင်းများ

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ညိုတင်(တောင်စွန်း)

အသက်(၇၈)နှစ်

မြန်မာစီးပွားစီမံအမှုဆောင်များအသင်း (MBE) ၏အသင်းဝင် ဦးမျိုးမင်း၏ မိခင် ဒေါ်ညိုတင် အသက်(၇၈)နှစ်သည် ၂၃-၂-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

မြန်မာစီးပွားစီမံအမှုဆောင်များအသင်း (MBE)

ကျေးဇူးဆပ်ပါမည်

ကျွန်တော် စိုးမုန့်[၁၃/ကတန(နိုင်)၁၁၆၅၅၂] P.P437772 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၄၁၃၄၂၁

ဝမ်းနည်းကြေကွဲခြင်း

ကုက္ကိုင်းရေကူးအသင်း၏ ရွေးချယ်တင်မြှောက်ပွဲကျင်းပရေးကော်မတီအဖွဲ့ဝင် ဒေါက်တာထင်ထင်ဇော်၏ဖခင်ဦးဇော်နီ ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ကုက္ကိုင်းရေကူးအသင်း

တရုတ်

စကားပြောခုံပဲဆိုရင် Sayar.Yang

(တရုတ်)စာမတတ်လည်းပြောလို့ရတယ်။

ENGLISH

Conversation Practice

ပြောလို့ပြီးပြောတတ်သူ

- ပြောတတ်ပြီးပြောမထွက်သူအတွက်

စကားပြောလေ့ကျင့်သင်တန်း

Great Wall

TAMWE - 540714, 09 5183636

09 49 285182

ဗုဒ္ဓ ဓမ္မ သံဃ ပူဇော်

သစ္စာ

အာမခံ စိန်၊ ရွှေ ရတနာဆိုင်

သစ္စာတရားကိုလက်ကိုင်ထား၍ (DENSITY 17.8) ၁၅ပဲ ရည်ပြည့်ဖြင့်ပြုလုပ်ထားသော ခေတ်မီလက်ဝတ်ရတနာ ဒီဇိုင်းမျိုးစုံကို -

- မှန်ကန်သော ရွှေဈေးနှုန်း
- အထူးချိုသာသော အလျော့တွက်
- တိကျသော အလေးချိန် (DIGITAL ချိန်စက်)

တို့ဖြင့် လက်လီလက်ကား ရောင်းချပေးနေပါသည်။ (ပိတ်ရက်မရှိ ဆိုင်ဖွင့်ပါသည်။)

အမှတ် (၄၉၆)၊ မဟာဗန္ဓုလလမ်း၊ ၂၉-လမ်းထိပ်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၀၁-၃၈၄၈၆၆၊ ၂၅၂၃၁၁၊ ၀၉-၈၀ ၂၂၉၇၀

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ခင်အိ
အသက်(၁၀၀)

ဒေါက်တာပေါ်မြင့်ဦး-ဒေါက်တာဂျိုဂျိုစန်း တို့၏မိခင် ဒေါ်ခင်အိသည် ၂၆-၂-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်-ဒေါက်တာဒေါ်ခင်မြဝင်း
အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန

ဝမ်းနည်းကြေကွဲခြင်း
ဦးဉာဏ်ထွန်း (၈၃)နှစ်
B.A, B.L
ဥပဒေအရာရှိအဆင့်(၁)(ငြိမ်း)

ဒေါ်ခင်စန္ဒာထွန်း (ကထိက၊ ရန်ကုန်နည်းပညာတက္ကသိုလ်)၏ဖခင် ဦးဉာဏ်ထွန်း (ဥပဒေအရာရှိအဆင့်-၁၊ ငြိမ်း)သည် ၂၈-၂-၂၀၁၃ ရက်တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

အီလက်ထရွန်နစ်အင်ဂျင်နီယာဌာန
သုတနည်းပညာအင်ဂျင်နီယာဌာနနှင့်
မက္ကာထရောနစ်အင်ဂျင်နီယာဌာနမိသားစု၊ ရန်ကုန်နည်းပညာတက္ကသိုလ်

ဝမ်းနည်းကြေကွဲခြင်း
ဦးမောင်မောင်(အရာခံဗိုလ်-ငြိမ်း) အသက်(၇၀)

ဦးမောင်မောင်(အရာခံဗိုလ်-ငြိမ်း)သည် ၂၆-၂-၂၀၁၃ (အင်္ဂါနေ့)တွင် မုံရွာမြို့၊ ကျောက်ကာလမ်း၊ နန္ဒဝန်ရပ်၊ ကံ့ကော်ဖြူစတိုးနေအိမ်၌ ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

အရာခံဗိုလ်စိုးတင့်မိသားစု
အရာခံဗိုလ်ထွန်းအောင်ကျော်မိသားစု

တစ်လပြည့်လွမ်းဆွတ်သတိရခြင်း
ဦးမောင်တန်(မြိတ်) (၆၅)နှစ်

(ဦးဘချစ်-ဒေါ်တင်ဆွေ)တို့၏သား၊ ဦးထုံဖူး(ခ)ဦးမိုးမြင့် (Chinese Interpreter) (PPT-Co., Ltd,)- ဒေါ်သန်းအေး၊ ဒေါ်သန်းဌေးတို့၏ အစ်ကို ဦးမောင်တန်ကွယ်လွန်သည်မှာ တစ်လပြည့်မြောက်ပြီးသော်လည်း လွမ်းဆွတ်သတိရဆဲပါ။ ပြုခဲ့သမျှကုသိုလ်တွေကို သာဓုခေါ်ဆိုပြီး အေးချမ်းတဲ့ဘဝသစ်ကို ရောက်ရှိပါစေလို့ ဆုတောင်းလျက်ပါ။

တူ - မောင်မိုးသူရဇော် B.Sc(Geology)
တူမများ - မမီမီမျိုးမြင့်[B.Sc(Physics)]၊ **မသူဇာမျိုးမြင့်**[B.Sc(Physics)]

ဝမ်းနည်းကြေကွဲခြင်း
ဦးဉာဏ်မြင့် (၅၆)နှစ်
လ/ထကထိက(ငြိမ်း)စီးပွားရေးတက္ကသိုလ်

ရန်ကုန်မြို့နေ ဆရာမ ဒေါ်အေးအေးလှိုင်၏မောင်၊ ပိန်းဇလုပ်မြို့နေ သူငယ်ချင်း ဦးသီဟ-ဒေါ်မာလာထွန်းတို့၏အစ်ကို ဦးဉာဏ်မြင့်သည် ၂၅-၂-၂၀၁၃(တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

၁၉၉၃စီးပွားရေးတက္ကသိုလ်ကျောင်းဆင်းသူငယ်ချင်းများ
ကျော်ကျော်ထွန်း၊ ကျော်သီရိ၊ အေးလှိုင်၊ အောင်ကျော်မိုး၊ ပြုံးပြုံး၊ စိုးမိုးထွေး

ပေါင်းတည်မြို့နယ်အသင်း(ရန်ကုန်)
ဒေါ်ခင်ခင်လေး
အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်လေး၊ တောင်ပိုင်းရပ်ကွက်၊ မန္တလေးလမ်း၊ အမှတ် (၂၀/က) နေ [ဦးခင်အောင် (လုပ်ငန်းအုပ်ကြီး မြန်မာ့မီးရထား-ငြိမ်း)]၏ဇနီး ရာသက်ပန်အသင်းဝင် ဒေါ်ခင်ခင်လေး(ရာ/၉၄၃) သည် ၂၅-၂-၂၀၁၃ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၂-၂၀၁၃ရက်တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ အမှုဆောင်အဖွဲ့

ဦးကျော်စိန်(ခ)အန်းတီတီး
အသက်(၅၀)

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၂၁) လမ်း၊ အမှတ် (၅၇)၊ လေးလွှာနေ (ဦးယုကြည်-ဒေါ်မေဟုန်)တို့၏ မြေး၊ (ဦးလှစိန်)-ဒေါ်ခင်မြင့်တို့၏ဒုတိယသား၊ တာမွေ မြို့နယ်၊ နတ်ချောင်းရပ်ကွက်၊ မေတ္တာရိပ်မွန်ကွန်ဒို အမှတ်(၆၀၂)၊ ငါးလွှာနေ မလဲ့လဲ့ဝင်း၊ မစန်းစန်းဌေးတို့၏ခင်ပွန်း၊ (ဦးလှမြင့်)-မကြူကြူသင်းတို့၏ညီ၊ ဦးစိုင်းသန်းလေး-မတင်တင်လှ၊ ကိုခင်လှိုင်-မမိုးမိုးအေး၊ ဦးသန်းဝင်း၊ မမြင့်မြင့်လှိုင်၊ ကိုကျော်သန်း-မလှလှအေးတို့၏အစ်ကို၊ မဝေဇင်နှင်း၊ မချမ်းမြေ့ဝတ်ရည်- မောင်ဝေလင်းကျော်တို့၏ဖခင်၊ တူ/တူမ ၁၁ ယောက်တို့၏ ဦးလေး ဦးကျော်စိန်(ခ)အန်းတီတီးသည် ၂၈-၂-၂၀၁၃ (ကြာသပတေးနေ့) ညနေ ၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၃-၂၀၁၃ (စနေနေ့) ညနေ ၄း၃၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

သင့်သွေးဖြင့် အသက်ကယ်ပါ

ဦးညွန့်မောင် (၉၆)နှစ်
(ဗဟန်း)
ငါးထပ်ကြီးဘုရား၊ ခြောက်ထပ်ကြီးဘုရား (ဂေါပကဟောင်း)

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ငါးထပ်ကြီးဘုရားလမ်း၊ မြန်အောင်ကျောင်းတိုက်နေ (ဦးပု-ဒေါ်လှတုး)တို့၏သား၊ (ဒေါ်မြိုင်)၏ခင်ပွန်း၊ (ဒေါ်ခင်လှ)၊ (ဦးမြဦး)-ဒေါ်လှရီ၊ ဦးမြင့်ဦး-(ဒေါ်အုံးရီ)၊ ဦးပေါ်ထွန်း-ဒေါ်ခင်ခင်စိန်တို့၏ဖခင်၊ ဦးစိုးကြည်-ဒေါ်မော်မော်အေး၊ ဦးဌေး-ဒေါ်နွယ်နွယ်မြင့်ဦး၊ ဦးထွန်းတင့်ဝေ-ဒေါ်ကြည်ကြည်သန်း၊ ဦးဝင်းနိုင်-ဒေါ်မြတ်သန္တာဦး၊ ဦးမင်းစည်သူ-ဒေါ်အေးမြမြဖူး၊ ဦးဇော်ညွန့်-ဒေါ်လဲ့လဲ့ခိုင်၊ ဒေါ်နွယ်နွယ်ဦး၊ ဦးကျော်စွာဦး-ဒေါ်ဇာနည်ဝင်း၊ ဦးထွန်းနေစိုး-ဒေါ်အေးသန္တာဝင်းတို့၏ဘိုးဘိုး၊ မြစ် ၁၆ ယောက်တို့၏အဘိုးသည် ၂၆-၂-၂၀၁၃ (ဗုဒ္ဓဟူးနေ့) ည ၉း၄၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃-၃-၂၀၁၃ (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဦးလှိုင်မြင့် (၄၂)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်နေ ဗိုလ်မှူးကြီးလှိုင်ဘွား(ငြိမ်း)-ဒေါ်ဝေဝေတို့၏ သားကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နေ (ဦးစိန်ဝင်း)-ဒေါ်မြရွှေတို့၏ သားသမက်၊ အမှတ် (၉၁)၊ ခမ္မစိန္တာလမ်း၊ သုံးလွှာ(ယာ)၊ ပုသိမ်ညွန့်စံပြရပ်ကွက်၊ တာမွေနေ ဒေါ်တင်ဝါဝါဝင်း၏ခင်ပွန်း၊ မတိုးပြည့်ရတနာလှိုင် (အထက-၄၊ တာမွေ)၏ဖခင်၊ ဗိုလ်မှူးနေသွေးအောင်- ဒေါက်တာမြတ်သွယ်လှိုင် (ရူပဗေဒဌာန၊ ပုသိမ်တက္ကသိုလ်)၊ ဒေါက်တာနှင်းအေးလှိုင်(ရူပဗေဒဌာန၊ ပဲခူးတက္ကသိုလ်)၊ ဒေါ်မြတ်ဦးလှိုင် (MRTV-4) တို့၏အစ်ကိုကြီး၊ တူ/တူမ နှစ်ယောက်တို့၏ဘကြီး ဦးလှိုင်မြင့်သည် ၂၇-၂-၂၀၁၃ (ဗုဒ္ဓဟူးနေ့) ည ၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၃-၂၀၁၃ (သောကြာနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

အနိစ္စ

ဘုရားရဟန်းသိမ်ကျောင်းဒါယကာကြီး
ဦးသန်း(သံပုရာချောင်း)
အသက်(၁၀၀)

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၅)ရပ်ကွက်၊ မင်္ဂလာသုခလမ်း၊ (E2, A/B)၊ ဟံသာရိပ်မွန် လုံးချင်းအိမ်ရာဝင်းနေ (ဦးဇကြယ်-ဒေါ်ရွှေယုံ)တို့၏သား၊ (ဦးကြာခိုင်-ဒေါ်အုန်းသင်)တို့၏ သားသမက်၊ (ဒေါ်ထွေး)၏ ခင်ပွန်း၊ ဦးမြင့်ဦး-ဒေါ်စန်းစန်းဦး၊ ဦးတင့်ဝေ-ဒေါ်စိန်စိန်မြင့်၊ ဦးခင်ဇော်-ဒေါ်မွန်းရာ၊ ဒေါ်ခင်မြထွေး (အမှတ် ၃၇၆၊ B-ရုံ၊ သိမ်ကြီးဈေး၊ ထိပ်တန်းလွယ်အိတ်နှင့် မျက်နှာသုတ်ပဝါရောင်းဝယ်ရေး)တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေးခုနစ်ယောက်တို့၏အဘိုး ဦးသန်းသည် ၂၈-၂-၂၀၁၃ရက် ည ၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၃-၂၀၁၃ (စနေနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၄၅ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်ခင်တင့် (၈၅)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ရေကျော်၊ စံပယ်လမ်း၊ အမှတ်(၁၃)၊ သုံးလွှာနေ (ဦးဖေဝင်း)၏ဇနီး၊ (ဦးထွန်းရှိန်-ဒေါ်တင်လှ)၊ (ဦးသော်-ဒေါ်စောညွန့်)တို့၏ ညီမ၊ (ဦးသံဒိုင်)-ဒေါ်ဝင်းစန္ဒာ၊ ဦးမျိုးခင်-ဒေါ်မြင့်မြင့်ဌေး၊ ဒေါ်ခင်သန်းဦး၊ ဒေါ်တင့်တင့်ဝင်း (Amtt Co., Ltd. C Women's Centre ကျောက်ကပ် သွေးသန့်စင်ခန်း Asst; Manager) တို့၏ ချစ်လှစွာသောမိခင်ကြီး၊ (ဦးသိန်းအုပ်ကျော်)-ဒေါ်အေးပပမင်း၊ ဦးဇေအုပ်ကျော်-ဒေါ်သော်တာဇင်၊ ကိုစစ်အောင်ထက်တို့၏အဘွား၊ မြစ်သုံးယောက်တို့၏ ဘွားဘွားကြီးသည် ၂၈-၂-၂၀၁၃ (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၃-၂၀၁၃ (စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်ဝင်းဝင်းမာ(ခ)ဒေါ်ဟော်လီ
အသက်(၅၅)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ (၁၉)ရပ်ကွက်၊ ကျောင်းလမ်း၊ အမှတ်(၅၀၆-A)နေ (ဦးခင်မောင်)-ဒေါ်ခင်စောမြင့်(ခ)ဒေါ်ကောလင်းတို့၏ သမီးကြီး၊ (ဦးဂျိုးဇက်-ဒေါ်ပုံပုံ)တို့၏ သမီးချွေးမ၊ ဦးတူ၏ဇနီး၊ ဦးဇော်မင်း(ခ) ဂျယ်ရာ-ဒေါ်သီတာအောင်၊ ဦးသန်းထိုက်(ခ)ဗင်ဆင်-ဒေါ်အေးအေးမာတို့၏ ညီမ၊ ဦးဇော်လင်း(ခ)အယ်နီ-ဒေါ်ကြည်ကြည်မြင့်၊ ဒေါ်တင်တင်အေး(ခ)ရိုစလင်းတို့၏ အစ်မ၊ မအိဖြိုးခိုင်(ခ)ဆူဇန်၊ မောင်ရန်နိုင်ကျော်(ခ) ဝီလျံတို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မနှင်းအိအိခိုင်၏ အဒေါ် ဒေါ်ဝင်းဝင်းမာ(ခ)ဒေါ်ဟော်လီသည် ၁-၃-၂၀၁၃(သောကြာနေ့) နံနက် ၈း၁၀ နာရီတွင် ဗဟိုရ်စည်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃-၃-၂၀၁၃(တနင်္ဂနွေနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

မအေးသီဂီ(ဂီဂီ) (၃၄)နှစ်
B.A(Myanmar)
(အထက-၂၊ စမ်းချောင်း ကျောင်းသူဟောင်း)

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ညောင်တုန်းလမ်း၊ အမှတ်(၅၅)၊ ငါးလွှာနေ (ဦးထွန်းသိန်း-ဒေါ်အုန်းမြင့်)တို့၏ မြေး၊ ဦးကြီးမြင့်-ဒေါ်သီတာတို့၏ သမီးကြီး၊ ဦးကြင်အောင်-ဒေါ်အေးအေးသန်းတို့၏သမီးချွေးမ၊ ကိုနေလင်းအောင်၏ဇနီး၊ မေဖူးခင် (Grade-II-E၊ အထက-၂၊ စမ်းချောင်း)၏ မိခင်၊ ဦးအေးကြူ-ဒေါ်တင်တင်ဌေး၊ ဦးစိုးဝင်း-ဒေါ်ခင်မြင့်၊ ဦးလှဌေး၊ ဦးမောင်ကို-ဒေါ်ခိုင်ခိုင်ဦးတို့၏တူမ၊ မသက်သက်ဝေ၏အစ်မသည် ၁-၃-၂၀၁၃(သောကြာနေ့) နံနက် ၈း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၃-၂၀၁၃ (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်လှလှမြင့်(ပြည်) (၈၂)နှစ်

ပြည်မြို့နေ (ဦးသန့်-ဒေါ်အေးစိန်)တို့၏ သမီးကြီး၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ပါရမီရိပ်သာ၊ မြဝတ်ရည်လမ်း၊ အမှတ်(၆)နေ [ဒုတိယဗိုလ်မှူးကြီးမြင့်သိန်း (B.E.M.E)]၏ဇနီး၊ ဒေါက်တာသန်းထွန်း-ဒေါက်တာနွယ်နီသိန်း၊ ဦးကျော်ကျော်စိုး-ဒေါ်လဲ့လဲ့သိန်း၊ ဦးရဲရင့်သိန်း-ဒေါ်ခင်လေးသီ၊ ဒေါက်တာအေးသိန်း-ဒေါ်အေးအိအိခက်၊ ဦးအောင်ဇော်-ဒေါ်နီလာသိန်း၊ ဒေါ်ယုယုသိန်းတို့၏မိခင်၊ မြေးခုနစ်ယောက်တို့၏အဘွားသည် ၂၈-၂-၂၀၁၃ (ကြာသပတေးနေ့) ည ၇ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂-၃-၂၀၁၃ (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

သထုံမြို့နယ်အသင်း(ရန်ကုန်)
ဒေါ်ချစ်မြ အသက်(၁၀၀)

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ဘောက်ထော်ရပ်၊ စွန်းလွန်းဂူ ကျောင်းလမ်း၊ လမ်းသွယ်(၁)၊ အမှတ်(၄/ခ)နေ သထုံမြို့နယ်အသင်း (ရန်ကုန်) နာယကကြီး ဦးခင်မောင်-ဒေါ်ကြင်အေးတို့၏မိခင်သည် ၂၇-၂-၂၀၁၃ရက် ညနေ ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၃-၂၀၁၃ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းသူ/သားများအား အကြောင်းကြားအပ်ပါသည်။ အမှုဆောင်အဖွဲ့

ဒေါ်ခင်ဝင်းမေ (၆၂)နှစ်
B.Sc (Phy;)
ယခင်ပါတီစာရင်းစစ်
(စမ်းချောင်း)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၃)ရပ်ကွက်၊ အမှတ်(၅၁၈)၊ ဗိုလ်ထွန်းဇံလမ်းနေ (ဦးစိန်ကြီး-ဒေါ်ရီ)တို့၏သမီးထွေး၊ (ဦးကျော်ဝင်း-ဒေါ်နု)တို့၏သမီးချွေးမ၊ ဦးမောင်မောင်ဝင်း (ဦးစီးအရာရှိ၊ ဆည်မြောင်းဦးစီးဌာန၊ လှိုင်ကော်)၏ ချစ်လှစွာသောဇနီး၊ မတင်ဝင်းမာဦး (အထက-၄၊ မြောက်ဒဂုံ)တို့၏ ချစ်လှစွာသော ကျေးဇူးရှင်မွေးသမိခင်၊ ဦးအုန်းရွှေ-ဒေါ်မြင့်ရီ၊ (ဦးစိန်မြင့်)-ဒေါ်အုန်းရင်၊ (ဦးညွန့်မောင်)၊ (ဒေါ်မြကြည်)၊ ဦးထွန်းစိန်- ဒေါ်နုနု၊ (ဦးဌေး)-ဒေါ်အေး၊ ဦးသိန်းမောင်-ဒေါ်အေးမြင့်တို့၏ညီမသည် ၂၈-၂-၂၀၁၃ (ကြာသပတေးနေ့) ည ၇း၁၅နာရီတွင် နှင်းဆီကုန်းအထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂-၃-၂၀၁၃ (စနေနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဦးကြူတ်(ခ)ဦးအောင်မြင့်
အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၇)ရပ်ကွက်၊ လိပ်ကန်လမ်း၊ အမှတ်(၄၁)နေ (ဦးဖိုးဆောင်-ဒေါ်လှိုင်)တို့၏ သားကြီး၊ (ဒေါ်ကျင်ဝင်း)၊ (ကိုလှတင်)-ဒေါ်ညွန့်ညွန့်ဝင်းတို့၏ မောင်၊ (ကိုသန်းထိုက်)၊ ကိုဒေါင်းရွှေ-ဒေါ်သီတာဝင်း၊ ကိုသန်းအောင်-ဒေါ်စန္ဒာဝင်း၊ ကိုမြင့်သိန်း-နော်ထွေးရင်၊ ကိုနိုင်ဝင်း၊ ကိုမောင်ကျော်-မချောစုလှိုင်၊ ကိုကျော်မင်းလွင်-မတင်တင်ဦး၊ ကိုဇော်မင်းလွင်တို့၏ အစ်ကိုကြီး၊ တူ/တူမ ၁၅ ယောက်တို့၏ ဘကြီး ဦးကြူတ်(ခ)ဦးအောင်မြင့်သည် ၁-၃-၂၀၁၃(သောကြာနေ့) နံနက် ၁း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၃-၂၀၁၃(တနင်္ဂနွေနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်အေးအေးသော်(ညောင်ဦး)
အသက်(၅၆)နှစ်
အလယ်တန်းပြဆရာမ-(ငြိမ်း)

ရန်ကုန်မြို့၊ သုဝဏ္ဏ၊ (၂၉)ရပ်ကွက်၊ ကောက်လျှင်လမ်းသွယ်(၂)၊တိုက်(၁၆၃)၊ အခန်း(၃)နေ (ဦးဘသော်-ဒေါ်သိန်းရင်) တို့၏သမီး၊ (ဦးမြင့်သိန်း-ဒေါ်သိန်းကြည်) တို့၏ သမီးချွေးမ၊ ဦးလှမြင့်-ဒေါ်ခင်လှိုင်သော်တို့၏ ညီမ၊ ဦးလှနိုင်သိန်း(ခေတ္တ-QATAR)၏ ချစ်လှစွာသော ဇနီး၊ ဦးထင်လင်းနိုင် [MSC. CROCIERE (ITALY)]-ဒေါ်အိသဉ္ဇာအောင်(ခေတ္တ-UAE)၊ မယမင်းနိုင် (ခေတ္တ-UAE)၊ မသိမ့်သဉ္ဇာနိုင် (SUMMIT Parkview Hotel)တို့၏ မိခင်သည် ၁-၃-၂၀၁၃ (သောကြာနေ့) နံနက် ၈း၄၀ နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၅-၃-၂၀၁၃(အင်္ဂါနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဦးဉာဏ်ထွန်း
အသက် (၈၃)နှစ်
(B.A, B.L)
[ဥပဒေအရာရှိ အဆင့်(၁)ငြိမ်း]

မုံရွာမြို့နေ (ဦးကိုကြီး-ဒေါ်တင်ဥ) တို့၏သားကြီး၊ (သီရိပျံချီ ဦးဘိုးသာ-ဒေါ်တင်မှတ်)တို့၏တူသား၊ (သီရိပျံချီ ဦးခင်ညွန့်-ဒေါ်ကြွယ်ကြွယ်ညွန့်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ညောင်တုန်းလမ်း၊ အမှတ်(၄၃)နေ ဒေါ်ခင်ညွန့်ဦး၏ခင်ပွန်း၊ ဒေါ်ခင်စန္ဒာထွန်း (ကထိက၊ အီလက်ထရွန်နစ်အင်ဂျင်နီယာဌာန၊ ရန်ကုန်နည်းပညာတက္ကသိုလ်)-ဦးခင်မောင်တင့်(ကထိက-ငြိမ်း၊ မြို့ပြအင်ဂျင်နီယာဌာန၊ ရန်ကုန်နည်းပညာတက္ကသိုလ်)တို့၏ဖခင်၊ ဒေါက်တာဝဏ္ဏထွန်း (ခေတ္တ-U.K)၏ အဘိုး ဦးဉာဏ်ထွန်းသည် ၂၈-၂-၂၀၁၃ (ကြာသပတေးနေ့) ညနေ ၃း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၃-၂၀၁၃(စနေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်မြအေး (၈၁)နှစ်
(စမ်းချောင်း)

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်း/တောင်ရပ်ကွက်၊ မြင့်မိုရ်လမ်း၊ အမှတ်(၄၈/B)၊ မြေညီနေ [ဦးအုန်းရွှေ-ဒေါ်ပု(ခ)ဒေါ်နှင်းစိန်]တို့၏သမီးကြီး၊ [ဦးခင်မောင်အေး (အရာခံဗိုလ်/ဆသရ-ငြိမ်း)]-ဒေါ်တင်သန်းတို့၏ညီမ၊ ဦးစံထွေး (အထပြ-ငြိမ်း)၊ [ဒေါ်ခင်ထွေး (အထပြ-ငြိမ်း)]၊ ဒေါ်သန်းနွဲ့ (ကစလ-ငြိမ်း)၊ ဦးအောင်ကျော်ထွန်း (Myanmar Mayson Co., Ltd.)- ဒေါ်စမ်းစမ်းရီ (M.P.P.E- ငြိမ်း)၊ ဒေါ်သောင်းသောင်းရီ(ဆည်မြောင်း-ငြိမ်း)၊ ဦးလှစိုး၊ ဦးလှတိုး (MOGE-ငြိမ်း၊ ပန်းချီ)တို့၏ အစ်မကြီး၊ ဦးညွန့်ဟန်၏ဇနီး၊ ဦးလှမြင့်ဦး(ခ) ကိုဦးဟန်၊ ဒေါ်မာမာဦး (အလက-၂၊ အလုံ)၊ ဒေါ်ချိုချိုဦး(ပစ္စည်းဌာန၊ဆသရ-ငြိမ်း)၊ ဦးစောထွန်း (Save The Children)- ဒေါ်ငယ်ငယ်ဦး (စာတိုက်ကြီး၊ ရန်ကုန်)တို့၏ ချစ်လှစွာသော မိခင်၊ တူ/တူမ ရှစ်ယောက်တို့၏ အဒေါ်သည် ၂၈-၂-၂၀၁၃ (ကြာသပတေးနေ့) ည ၁၁း၃၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁-၃-၂၀၁၃(သောကြာနေ့)တွင် မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

ဒေါ်တင်တင်ညွန့်(ခ)ချိုလေး
အသက်(၅၆)နှစ်
(အထက-၄၊ ရွှေပြည်သာ)
(ကျောက်ဖြူမြို့)

ရန်ကုန်မြို့နေ (ဦးလှမြင့်-ဒေါ်လှညွန့်) တို့၏ သမီးလတ်၊ အင်းစိန်မီးရထားဆေးရုံဝင်းနေ ဦးကျော်လင်း (K.M.A Shipping Co., Ltd.)-ဒေါ်မာလာညွန့် (မီးရထားဆေးရုံ)တို့၏ညီမ၊ လှိုင်မြို့နယ်၊ ရွာမကွေ့၊ ဘုရင့်နောင်လမ်းမ၊ အမှတ် (၁၀၄/၁၃၂)နေ ဦးမျိုးကျော်-ဒေါ်ခင်လေးညွန့်(ခ)ဘေဘီတို့၏အစ်မ၊ မောင်သက်ထွန်းနောင် (Brunie)၊ မောင်တင်ထူးအောင် (တက်လမ်းဘော်ဒါဆောင်)၊ မဝင့်မာကျော်(ကောင်းသုခကုမ္ပဏီလီမိတက်)တို့၏ မေမေလေး၊ မခင်မျိုးမြတ်ကျော် (ICEC, Grade-6)၏ မေမေကြီး ဒေါ်တင်တင်ညွန့်သည် ၁-၃-၂၀၁၃ (သောကြာနေ့) နံနက် ၇း၁၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃-၃-၂၀၁၃(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (ဘုရင့်နောင်လမ်းနေအိမ်နှင့် အင်းစိန်မီးရထားဆေးရုံဝင်းနေအိမ်တို့မှကားများ မွန်းလွဲ ၁ နာရီတွင်ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၃-၂၀၁၃(ကြာသပတေးနေ့) နံနက်ပိုင်းတွင် ဘုရင့်နောင်လမ်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တသုမင်္ဂလ(သာသနာ့ဇဗ္ဗမ္ဘာစရိယ)မဟာထေရ်
သိက္ခာတော်(၅၇)ဝါ၊ သက်တော်(၇၇)နှစ်
(မိုးကုတ်မြို့)

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ မိုးကုတ်မြို့နယ်၊ မြို့မအုပ်စု၊ ဈေးသစ်ထင်းရှူးခြံရပ်ကွက်၊ သုသာန်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယကဆရာတော်၊ မိုးကုတ်မြို့ သမိုင်းဝင်ဖောင်တော်ဦးမြတ်စွာဘုရားဂေါပကအဖွဲ့၏ ဩဝါဒါစရိယဆရာတော်၊ မြို့မအုပ်စု ရပ်ကွက်သံဃနာယကဥက္ကဋ္ဌ ဘဒ္ဒန္တသုမင်္ဂလ (သာသနာ့ဇဗ္ဗမ္ဘာစရိယ) မဟာထေရ်သည် (၁၃၇၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁ ရက်) ၂၆-၂-၂၀၁၃ (အင်္ဂါနေ့) ည ၁၁ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၇၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၇ ရက်) ၄-၃-၂၀၁၃ (တနင်္လာနေ့) တွင် နိဗ္ဗာန်ကျောင်းချကျင်းပပြီးလျှင် (၁၃၇၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်) ၇-၃-၂၀၁၃ (ကြာသပတေးနေ့)တွင် အန္တိမအဂ္ဂိစျာပနပူဇာသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးရှိ တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမများအား အကြောင်းကြားသိစေအပ်ပါသည်။ ဈာပနကော်မတီ

ဦးတင်အေး (၆၇)နှစ်
(မြန်မာ့ဆိပ်ကမ်းအာဏာပိုင်-ငြိမ်း)
(ရုံးသပြေကန်)

သန်လျင်မြို့နယ်၊ ရုံးသပြေကန်ကျေးရွာနေ (ဦးအောင်တင်-ဒေါ်ငြိမ်း)တို့၏ သား၊ ဗိုလ်တထောင်မြို့နယ်၊ သန်လျက်စွန်း၊ (၁)ရပ်ကွက်၊ (A-22)၊ ကြာဖြူလမ်းနေ (ဒေါ်တင်တင်မြ)၏ ခင်ပွန်း၊ ဦးမြတ်ကျော်-ဒေါ်ခင်သန်းနွဲ့တို့၏ညီ၊ ဦးသိန်းလွင်၊ ဦးကျော်လွင်၊ ဒေါ်မကြီး(ခ)ဒေါ်ဝင်းမော်၊ ဦးစိန်လွင်၊ ဒေါ်ကြည်ကြည်စန်းတို့၏ အစ်ကို၊ (ဦးဝင်းထိန်)-ဒေါ်ရွှေခင်၊ ဦးမျိုးမင်းသူ-ဒေါ်စန္ဒာအေး၊ ဦးစောမိုးဇက်-ဒေါ်စောစန္ဒာတို့၏ ဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုးသည် ၂၈-၂-၂၀၁၃ (ကြာသပတေးနေ့) ည ၁၁း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၃-၂၀၁၃ ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်မြင့်မြင့်ဆွေ(ခ)မာဂျရီ
အသက်(၇၅)နှစ်
လ/ထ ညွှန်မှူး(ငြိမ်း)
အကြီးစားစက်မှုလုပ်ငန်း၊စက်မှု(၂)

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အောင်ဆန်းရပ်ကွက်၊ အမှတ် (၁၂၂/၂-B)၊ ညောင်တပင်လမ်းနေ (ဦးကလေ့အန့်-ဒေါ်သန်းသန်း)တို့၏ သမီး၊ (ဦးမောင်မောင်)၏ဇနီး၊ ဦးတင်ဝင်း-(ဒေါ်ကြည်ကြည်)၊ (ဦးအောင်မြင့်)-ဒေါ်သန်းသန်းတို့၏အစ်မ၊ ဒေါ်မိုးမိုးသန့်၊ ဦးသန်းမြင့်လှိုင်-ဒေါ်စန္ဒာမြင့်၊ ဦးဝင်းထက်-ဒေါ်ဝင်းဝင်းနွယ်တို့၏ မွေးသမိခင်၊ မြေးသုံးယောက်တို့၏အဘွား ဒေါ်မြင့်မြင့်ဆွေသည် ၂၈-၂-၂၀၁၃ ရက် မွန်းတည့် ၁၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၃-၂၀၁၃(စနေနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၆-၃-၂၀၁၃ရက်တွင် ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဦးလှထွန်း (၆၅)နှစ်
Director (Dynasty Group of Companies)
ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ သမဝါယမဝန်ကြီးဌာန

ရန်ကုန်မြို့နေ (ဦးမြင့်ဆွေ-ဒေါ်သန်းနွဲ့)တို့၏သားကြီး၊ (ဦးမောင်ချစ်-ဒေါ်ကျင်တင့်)တို့၏ သားသမက်၊ (ဦးကြည်ဝင်း)-ဒေါ်ချို၊ ဦးအေးဆွေ၊ ဦးစိုးမြင့်-ဒေါ်လှကြည်၊ ဦးသန်းနိုင်၊ ဒေါ်ဆွေဆွေမြင့်၊ ဦးကျော်ဇေယျ-ဒေါ်ဆွေဆွေနွဲ့၊ ဒေါ်သန်းသန်းဆွေတို့၏အစ်ကိုကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀) ရပ်ကွက်၊ ဇေယျာ (၁၀)လမ်း၊ အမှတ် (၄၀၂-B)နေ ဒေါ်တင်ဥ (ဦးစီးအရာရှိ-ငြိမ်း၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန)၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ကောင်းထွဋ် [Myanmar Furniture Co., Ltd.) (Royal Modern Furniture)]၏ မွေးဖခင်ကျေးဇူးရှင် ဦးလှထွန်းသည် ၂၈-၂-၂၀၁၃ (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂-၃-၂၀၁၃(စနေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၆-၃-၂၀၁၃ (ဗုဒ္ဓဟူးနေ့)တွင် ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဦးဉာဏ်ထွန်း (၈၃)နှစ်
B.A.,B.L
တရားရုံးချုပ်ရှေ့နေ
ဥပဒေအရာရှိအဆင့်(၁)(ငြိမ်း)

မုံရွာမြို့နေ (ဦးကိုကြီး-ဒေါ်တင်ဥ) တို့၏သားကြီး၊ (အငြိမ်းစား စက်ရှင်တရားသူကြီး သီရိပျံချီ ဦးဘိုးသာ-ဒေါ်တင်မှတ်)တို့၏ တူ/သား၊ (အငြိမ်းစား စက်ရှင်တရားသူကြီး သီရိပျံချီ ဦးခင်ညွန့်-ဒေါ်ကြွယ်ကြွယ်ညွန့်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ညောင်တုန်းလမ်း၊ အမှတ် (၄၃)နေ ဒေါ်ခင်ညွန့်ဦး၏ခင်ပွန်း၊ ဒေါ်ခင်စန္ဒာထွန်း(ကထိက၊ အီလက်ထရွန်နစ်၊ အင်ဂျင်နီယာဌာန၊ ရန်ကုန်နည်းပညာတက္ကသိုလ်)-ဦးခင်မောင်တင့်(ကထိက-ငြိမ်း၊ မြို့ပြအင်ဂျင်နီယာဌာန၊ ရန်ကုန်နည်းပညာတက္ကသိုလ်)တို့၏ ဖခင်၊ ဒေါက်တာဝဏ္ဏထွန်း (Clinical Fellow Ealing Hospital, U.K)၏အဘိုး ဦးဉာဏ်ထွန်းသည် ၂၈-၂-၂၀၁၃ (ကြာသပတေးနေ့) ညနေ ၃း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၃-၂၀၁၃ (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဦးတင့်ဆွေ (၇၉)နှစ်
(လ/ထ မန်နေဂျာ-ငြိမ်း)
လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာန၊ ပျဉ်းမနားသကြားစက်

လယ်ဝေးမြို့နယ်၊ ကံသာရွာနေ (ဦးထွန်းဖြေ-ဒေါ်ရွှေခင်)တို့၏ သား၊ ဒေါ်ကြည်၊ ဦးတင့်ဝေ၊ (ဦးတင်မြင့်)တို့၏ အစ်ကိုကြီး၊ ပျဉ်းမနားမြို့နေ ဦးမျိုးဝင်း-ဒေါ်နု၊ ဦးခင်မောင်ဝင်း-ဒေါ်ခင်ဝင်းမော် (ရွှေပြည်စိုးဆီစက်)၊ ရန်ကုန်မြို့နေ ဦးတင်မောင်စိုး (2/E M.T.M Co., Ltd.)- ဒေါ်စုစုဝင်း (ထ-၅၊ မြောက်ဥက္ကလာပ)၊ ပျဉ်းမနားမြို့နေ ဒေါ်အေးအေးမော်(ပွင့်ဦးဖိနပ်ဆိုင်)၊ ဦးမိုးဇော်ဦး-ဒေါ်မိုးမိုးမြင့်တို့၏ဖခင်၊ မြေးကိုးယောက်တို့၏အဘိုး၊ (ဒေါ်ခင်သောင်း)၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ဘုရင့်နောင်လမ်းမကြီး၊ (၂)ရပ်ကွက်၊ ရတနာမွန်အိမ်ရာ၊ တိုက် (A-2)၊ အခန်း(၁၀၅)နေ ဒေါ်ခင်အုန်းမြင့်တို့၏ ခင်ပွန်းသည် ၁-၃-၂၀၁၃ (သောကြာနေ့) နံနက် ၁၁း၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၃-၂၀၁၃ (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၃-၂၀၁၃ (ကြာသပတေးနေ့)တွင် ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကြေးမုံသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော် ကြေးမုံစာတည်းမှူး ၀၆၇-၃၆၁၂၆၊ တာဝန်မှူး ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊ မေးလ် themirror.npt@gmail.com၊ ရန်ကုန်ရုံးခွဲ အမှတ် ၇၇၊ ၅၂လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၁၁၈၈၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊ မန်နေဂျာ ၀၁-၂၉၁၈၃၃၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၂၉၉၄၂၇၊ ၀၁-၂၉၁၈၃၁၊ **R/184**

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ယူနန်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူးနှင့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော်　　မတ်　　၁

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး H.E. Mr. Liu Huiyan ဦးဆောင်သော ယူနန်ပြည်နယ်မှ စီးပွားရေးလုပ်ငန်းရှင်များပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

ထိုသို့တွေ့ဆုံရာသို့ ဒုတိယသမ္မတနှင့်အတူ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်ယော်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်တို့အကြား စီးပွားရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှု၊ ပြန်ကြားရေးနှင့် လျှပ်စစ်စွမ်းအားကဏ္ဍတို့၌ အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုနှင့် ဆက်လက် ဆောင်ရွက်သွားမည့်ကိစ္စရပ်များကို ရင်းနှီးခင်မင်စွာ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

ပုဂ္ဂလိကသတင်းစာရှစ်စောင် ယာယီထုတ်ဝေခွင့်ပြု

နေပြည်တော်　　မတ်　　၁

ပုံနှိပ်သူများ၊ ထုတ်ဝေသူများ မှတ်ပုံတင်နှင့် ဖြန့်ချိရေးကြီးကြပ်မှုဗဟိုအဖွဲ့ အစည်းအဝေး (၂/ ၂၀၁၃)ကို ယနေ့နံနက်ပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး၌ ကျင်းပရာ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ စုံညီစွာ တက်ရောက်ပြီး ပုဂ္ဂလိကပိုင်နေ့စဉ်သတင်းစာ လျှောက်ထားမှုများအား စိစစ်ဆောင်ရွက်ခဲ့သည်။

ပြန်ကြားရေးဝန်ကြီးဌာနသည် ပုဂ္ဂလိကပိုင် နေ့စဉ်သတင်းစာများအား ၁-၄-၂၀၁၃ ရက်နေ့မှစ၍ ထုတ်ဝေခွင့်ပြုနိုင်ရေးအတွက် အဆိုပြုလျှောက်လွှာများကို ၁-၂-၂၀၁၃ ရက်နေ့မှစ၍ လျှောက်ထားနိုင်ကြောင်း နေ့စဉ်ထုတ်သတင်းစာများမှ ကြေညာချက်ထုတ်ပြန်ခေါ်ယူခဲ့ရာ ၂၈-၂-၂၀၁၃ ရက်နေ့အထိ ပုဂ္ဂလိကပိုင် နေ့စဉ်ထုတ်သတင်းစာထုတ်ဝေခွင့် အဆိုပြုလျှောက်လွှာ ၁၇ စောင် လက်ခံရရှိခဲ့သည်။

ယင်းတို့အနက် အဆိုပြုလျှောက်လွှာ ၁၄ စောင်အား အဖွဲ့မှ စိစစ်ပြီးဖြစ်ကြောင်း၊ ကျန်သုံးစောင်မှာ စိစစ်ဆဲဖြစ်ကြောင်းနှင့် စိစစ်ပြီး ၁၄ စောင်အနက် သတ်မှတ်ချက်များနှင့် ပြည့်စုံကိုက်ညီသော အောက်ပါ ရှစ်စောင်အား တည်ဆဲဥပဒေဖြစ်သည့် ၁၉၆၂ ခုနှစ် ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ မှတ်ပုံတင် ဥပဒေပုဒ်မ ၈ (၁) အရ ၁၄-၄-၂၀၁၃ ရက်မှစ၍ ယာယီထုတ်ဝေခွင့်ပြုလိုက်ကြောင်း သိရသည်။

ယင်းတို့မှာ (က) ခေတ်မိုးသတင်းစာ (လျှောက်ထားသူ ဦးခင်မောင်လေး)၊ (ခ) ရွှေနိုင်ငံသစ်သတင်းစာ (လျှောက်ထားသူ ဦးမောင်မောင်လှ)၊ (ဂ) ပြည်ထောင်စုနေ့စဉ်သတင်းစာ (လျှောက်ထားသူ ဦးတင့်ဇော်)၊ (ဃ) အင်ပါယာနေ့စဉ်သတင်းစာ (လျှောက်ထားသူ ဒေါ်ဝိုင်းအုံချစ်)၊ (င) The Messenger (လျှောက်ထားသူ ဒေါ်ကေသွယ်)၊ (စ) နောက်ဆုံးရနေ့စဉ်သတင်းစာ (လျှောက်ထားသူ ဦးအောင်ကြူဟိန်း)၊ (ဆ) မြန်မာနယူးစ်ဝိခ်နေ့စဉ်သတင်းစာ (လျှောက်ထားသူ ဒေါက်တာတင်အောင်ခိုင်)၊ (ဇ) မဇ္ဈိမသတင်းစာ (လျှောက်ထားသူ ဦးသော်ဇင်ထွန်း)တို့ဖြစ်သည်။

စိစစ်ပြီး အဆိုပြုလျှောက်လွှာ ၁၄ စောင်အနက် ကျန် ခြောက်စောင်မှာမူ လျှောက်လွှာ၌ လိုအပ်ချက်များ ရှိနေခြင်းကြောင့် အချိန်မီ ပြန်လည်ပြင်ဆင်လျှောက်ထားနိုင်ရန် သက်ဆိုင်ရာ လျှောက်ထားသူများထံသို့ ဆက်သွယ်အကြောင်းကြားထားကြောင်း၊ စိစစ်ဆဲလျှောက်လွှာ သုံးစောင်နှင့် ထပ်မံလျှောက်ထားလာမည့် လျှောက်လွှာများကိုလည်း ဆက်လက်စိစစ်ပြီး မတ်လနောက်ဆုံးပတ်တွင် ကျင်းပမည့် ပုံနှိပ်သူများ၊ ထုတ်ဝေသူများ မှတ်ပုံတင်နှင့် ကြီးကြပ်မှုဗဟိုအဖွဲ့အစည်းအဝေး၌ စိစစ်ဆွေးနွေး၍ ဆုံးဖြတ်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုပြီးဆုံးချိန်ထိ လျှပ်စစ်ဓာတ်အားပြတ်တောက်မှုမရှိအောင် ဦးစားပေးဖြန့်ဖြူးသွားမည်

နေပြည်တော်　　မတ်　　၁

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ကျောင်းသား ကျောင်းသူများ လျှပ်စစ်ဓာတ်အား အဆင်ပြေလုံလောက်စွာ ရရှိသုံးစွဲနိုင်ရေးအတွက် ၂၀၁၃ ခုနှစ် မတ် ၁ ရက်မှစ၍ စာမေးပွဲဖြေဆိုပြီးဆုံးချိန်ထိ နေ့စဉ်ညနေ ၅ နာရီမှ နောက်တစ်နေ့နံနက် ၅ နာရီအထိ အများပြည်သူအား လျှပ်စစ်ဓာတ်အားပြတ်တောက်မှုမရှိအောင် အဓိက ဦးစားပေးဖြန့်ဖြူးသွားမည်ဖြစ်သည်။

သို့ဖြစ်ပါ၍ ၂၀၁၃ ခုနှစ် မတ်လအတွင်း လျှပ်စစ်ဓာတ်အား ပိုမိုတိုးတက်ထုတ်လုပ်ရေးအတွက် ကုန်ထုတ်လုပ်ငန်းအချို့နှင့် စက်မှုလုပ်ငန်းအချို့တို့အား ခေတ္တဓာတ်အားပိတ်၍ လည်းကောင်း၊ စွမ်းအင်ဝန်ကြီးဌာနနှင့် ညှိနှိုင်း၍ လက်ရှိလည်ပတ်လျက်ရှိသော သဘာဝဓာတ်ငွေ့ဓာတ်အားပေးစက်များအပြင် ကျွန်းချောင်းစက်ရုံမှ တာဘိုင်စက်နှစ်လုံးနှင့် ရွှေတောင်၊ မြန်အောင်၊ မော်လမြိုင်နှင့် ရွာမ စက်ရုံများမှ တာဘိုင်စက် တစ်လုံးစီအား ထပ်မံ လည်ပတ် ဓာတ်အားထုတ်လုပ်၍ လည်းကောင်း ဓာတ်အား ပိုမိုတိုးမြှင့်ထုတ်လုပ် ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

AFC Challenge Cup ခြေစစ်ပွဲဝင်ရန် မြန်မာအသင်း အပြီးသတ်လူရွေးချယ်

သတင်းနှင့်ဓာတ်ပုံ ရှိုင်းထက်ဇော်

ရန်ကုန်　　မတ်　　၁

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် ၂၀၁၄ AFC Challenge Cup ခြေစစ်ပွဲ အုပ်စု(က)ပွဲစဉ်များကို ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် မြန်မာ့လက်ရွေးစင်အသင်းသည် အပြီးသတ်ကစားသမား ၂၃ ဦးကို ရွေးချယ်လိုက်ပြီဖြစ်သည်။

AFC Challenge Cup ခြေစစ်ပွဲဝင်မည့် မြန်မာ့လက်ရွေးစင်အသင်းတွင် အုပ်ချုပ်သူအဖြစ် ဦးတင်မြင့်အောင်၊ နည်းပြချုပ် ပတ်ဆောင်ဟွာ၊ လက်ထောက်နည်းပြ ဦးဇော်ဝင်းထွန်း၊ ကြံ့ခိုင်ရေးနည်းပြ ဟာဟေဂွန်၊ ဂိုးနည်းပြ ဦးမျိုးချစ်၊ မီဒီယာတာဝန်ခံ ဦးစိုးမိုးကျော်၊ စကားပြန် ဦးအောင်သူရ၊ ဆရာဝန်ဒေါက်တာ အောင်ကျော်ဦး၊ အားကစားသမားများအဖြစ် ဂိုးသမား-သီဟစည်သူ၊ ပြည့်ဖြိုးအောင်၊ ကျော်ဇင်ဖြိုး၊ နောက်တန်း- သက်နိုင်၊ ဇော်မင်းထွန်း၊ အောင်ဟိန်းကျော်၊ သိန်းသန်းဝင်း၊ ပြည့်ဖြိုးအောင်၊ ရဲဇော်ထက်အောင်၊ ဇော်ဇော်ဦး၊ အလယ်တန်း-နိုင်လင်းဦး၊ ဖြိုးကိုကိုသိန်း၊ ရန်အောင်ကျော်၊ ရာဇာဝင်းသိန်း၊ ကြည်လင်း၊ စည်သူအောင်၊ ဒေးဗစ်ဒန်း၊ ပိုင်စိုး၊ မျိုးဇော်ဦး၊ ရှေ့တန်း- စိုးကျော်ကျော်၊ ကောင်းစည်သူ၊ စိုးမင်းဦးနှင့် ကျော်ဇေယျာဝင်းတို့ ပါဝင်ကြသည်။ အပြီးသတ်ရွေးချယ်ရာတွင် ဒဏ်ရာရရှိနေသည့် ခင်မောင်လွင်နှင့် ရန်အောင်ဝင်းတို့ ကျန်ရစ်ခဲ့ပြီး မောင်မောင်စိုးမှာလည်း ပါဝင်ခဲ့ခြင်းမရှိပေ။

စာမျက်နှာ ၈ ကော်လံ ၃ သို့ ✻